www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC .com

ဆုအဥ္ဂလိ

# နင့်ကိုချစ်တာငါ

www.burmeseclassic.com

www.burmeseclassic.com

အဖုံးဒီဇိုင်း - L လင်း

ထုတ်ဝေသူ - ဒေါ်စိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့

ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၀၊ စကားဝါလမ်း
အလုံမြို့နယ်

အတွင်းဖလင် - ဦးထွန်းဆိုင်

စာအုပ်ချုပ် - ကိုသန်းဌေး

ပုံနှိပ်ခြင်း - ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀ ကျပ်

ဆုအဉ္စလီ
နင့်ကိုချစ်တာ ငါ / ဆုအဉ္စလီ ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၂၆၄- စာ ၊ ၁၂×၁၈ စင်တီ။
(၁) နင့်ကိုချစ်တာ ငါ

## အခန်း (၁)

သစ်ရိပ်ဝါးရိပ် နေပြောက်မထိုးအောင် စိမ်းညို့နေသော သရက်ပင်၊ မရမ်းပင်တွေ ပတ်ပတ်လည်ဝိုင်းနေသည့် ရွာဦးဘုန်းကြီးကျောင်းက ကျယ်ဝန်းသော်လည်း တိတ်ဆိတ်သည်။ တစ်ခါတစ်ရံ အော်မြည်တတ်သော ကျေးငှက်တို့အော်မြည်သံ၊ သစ်ရွက်လေတိုးသံမှတစ်ပါး တခြားဘာသံမှမရှိ။

ကျောင်းထိုင်ဘုန်းကြီးက ကျက်သရေခန်းရှေ့မှာ တင်ပလ္လင်ခွေထိုင်လျက် လက်ထဲက ကွမ်းသီးညှပ်သည့် ကွမ်းညှပ်ဖြင့် ကွမ်းသီးလုံးတွေကို တရျောက်ရျောက်ညှပ်သံကသာ



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလျက်ရှိ၏။ ကပ္ပိယကြီး ဦးဖြူသီးနှင့် နွေမောင်တို့က ကျောင်းထိုင်ဆရာတော်ကြီး၏ မလှမ်းမကမ်းမှ ဝတ်ဖြည့်ပြီး ဆရာတော်ကြီးထံမှ မိန့်ကြားနာခံရန် အသင့်အနေ အထားဖြင့် စောင့်နေချိန်မှာ ဆရာတော်ဘုရားကြီးက မျက်လွှာချ မပျက် ကွမ်းသီးညှပ်မပျက်ဘဲ နွေမောင့်နာမည်ကို လှမ်းခေါ်၏။

"ဟဲ့…နွေမောင်"

"ဘုရား"

"ရွာကိုလာမယ့် ဆရာဝန်လေးတွေအတွက် နေရာထိုင်ခင်းအားလုံး အဆင်သင့်ဖြစ်ပလား"

"တင်ပါ့…အားလုံးအဆင်သင့်ပါပဲ ဘုရား"

"ရွာထိပ်ကနေ လူအကြိုလွှတ်ဖို့ရော စီစဉ်ပြီးပလား"

"တင်ပါ့…တပည့်တော် ကိုရင်စန္ဒိမာကို ရွာလူကြီးတွေနဲ့ ထည့်ထားပါတယ် ဘုရား"

"အိမ်း…အိမ်း…လမ်းပန်းဆက်သွယ်ရေးက မကောင်းရတဲ့အထဲ တို့ရွာကခေါင်တော့ ငါတို့ရွာကို မြို့သူမြို့သား ပညာတတ်ဆရာဝန်တွေဆိုတာ မနည်းဖွဲ့ခေါ်ပြီးမှ ရောက်ရမှာမျိုးဆိုတော့





တို့ရွာလာခိုက်မှာ သေချာဂရုစိုက်မှ တော်ကာကျမှာကွ"

"တင်ပါ့ဘုရား"

ဘဘုန်းက ကွမ်းသီးစိပ်တွေကို တဖျောက်ဖျောက်ညှပ်ရင်း မိန့်သည်။ ကပ္ပိယကြီး ဦးဖြူသီးနဲ့ နွေမောင် ဘဘုန်းရှေ့မှာ ကျုံ့ကျုံ့ထိုင် လက်အုပ်ချီရင်း ဘုန်းကြီးမိန့်သမျှ နာခံ၊ မေးသမျှ ဖြေနိုင်အောင် သူတို့ဆောင်ရွက်ချက်တွေ တစ်ခုချင်း အသေအချာ လျှောက်တင်ကြ၏။

ဒီနယ်တစ်ဝိုက်မှာ မန်ကျည်းစုဆိုသည့် နွေမောင်တို့ရွာက အကြီးဆုံးရွာဖြစ်သလို ကျောင်းထိုင်ဘုန်းကြီး ဦးဇာဂရက လည်း အရေးအပါဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ဘုရားပွဲတော်ဆို ဘုန်းကြီး ပြီးမှပြီးသည်။ ရွာအားလုံး၏ ဦးဆောင်က နွေမောင်တို့ မန်ကျည်းစု ရွာဖြစ်၍ ဘာပဲဖြစ်ဖြစ် မန်ကျည်းစုက ဦးဆောင်သည်။ နွားပွဲဆို လည်း ဒီရွာမှာ ဖြစ်မြောက်သည်။ ထို့ကြောင့် ဒီရွာက ဘာပဲလုပ် လုပ် ထိပ်ဆုံးကဦးဆောင်ရသည့် အစဉ်အလာမှာ ကျောင်းထိုင်ရဲ့ ဘုမကာ ဆရာဝန်လောင်း။ ကိုယ့်ရွာမှာ အခြေချမှာမဟုတ်ပေမယ့် အခု ခွင့်ရက်ရသောအချိန်မှာ ရွာနဲ့ ရွာနီးချုပ်စပ်က ရွာသူရွာသား



www.burmeseclassic.com

www.burmeseclassic.com



တွေကို ကျန်းမာရေး အခမဲ့ စစ်ဆေးပေးမည်ဆိုတော့ အားလုံး လူနာတွေစုရ၊ ဆေးကုသမယ့်အချိန်နာရီ နေ့ရက်တွေ ကြေညာရ နှင့် အားလုံး အလုပ်ရှုပ်ကြရသည်။

"ဟဲ့…ကပ္ပိယကြီးရဲ့"

"တင်ပါ့ ဘုရား"

ဘုန်းဘုန်းနှင့် အနှစ် နှစ်ဆယ်ကျော် အတူနေလာသည့် ဦးဖြူသီးက ထူးလည်းထူး နွေမောင်ကိုပါ တဆက်တည်း လှမ်း ကြည့်သည်။ သဘောက ဘုန်းဘုန်းမေးလာသော မေးခွန်းကို သူ မဖြေနိုင်လျှင် နွေမောင် သူ့ကိုယ်စား ဝင်ဖြေပါဆိုသည့် အကြည့်တွေနှင့်ဖြစ်သည်။

"ဆရာဝန်တွေက လေးယောက်ဆို"

"မှန်ပါ့ ဘုရား၊ သုံးယောက်က မိန်းကလေးတွေပါ၊ တစ်ယောက်ပဲ ယောကျ်ားလေး ပါပါတယ် ဘုရား"

"အိမ်း…တည်းခိုဖို့ရော နေရာကျပြီလား"

"စီစဉ်ထားပြီးပါပြီ ဘုရား"

"တို့ရွာက လူများကော၊ အသေအချာ ပြောပြီးပြီလား





ကွဲ၊ ဖြစ်တဲ့ရောဂါ သေချာပြောဖို့၊ မရှိတဲ့ရောဂါတွေ မပြောဖို့၊ ဟိုတစ်ခါ နယ်လှည့်ဆရာဝန်တွေလာတုန်းကလို မလုပ်ဖို့"

"တင်ပါ့…တပည့်တော် အိမ်ပေါက်စေ့ပြောပြထားပါ တယ် ဘုရား၊ ဘုန်းဘုန်းအမိန့် မလိုက်နာရင် ကြိမ်ဒဏ်မိမယ်၊ ကျောင်းဝင်းသန့်ရှင်းရေး လုပ်ရမယ်ဆိုပြီး ဘုန်းဘုန်းမိန့်ထားတဲ့ အတိုင်း တပည့်တော် အမိန့်ထုတ်ထားပါတယ် ဘုရား"

ဒီတစ်ခါတော့ ကပ္ပိယကြီးကိုယ်စား နွေမောင်ကပဲ ဘုန်းကြီးကို ပြည့်ပြည့်စုံစုံ ဝင်လျှောက်သည်။ ရွာတွေမှာ လက်သည် ရယ်၊ ဗိန္ဓောဆရာရယ်လောက်ရှိ၍ ဆေးရုံဆေးခန်းဆိုလျှင် စစ်ကိုင်း တို့၊ မန္တလေးတို့သွားမှရသည်။ မန်ကျည်းစုရွာက စစ်ကိုင်းနဲ့နီး သည်ဆိုပေမယ့် စစ်ကိုင်းတိုင်းထဲ ပါဝင်တယ်ဆိုရုံလေး။ ဒီလောက် ခေါင်တဲ့နေရာမှာ ဆရာဝန်ဆိုတာ ရှားပါးပစ္စည်း။ ဆရာဝန်တွေ နယ်လှည့်ပြီး ပြည်သူ့ကျန်းမာရေးအတွက် ကွင်းဆင်းသည်ဆိုတာ နှင့် မြို့ကိုမသွားနိုင်သည့် လူနာတွေအားလုံး လှုပ်လှုပ်ရှားရှား ဝမ်းသာကြသည်မှာ ပြောစရာမရှိ။

ဆရာဝန်လာတာနှင့် တကယ်ရောဂါရှိတာရော မရှိတာ



www.burmeseclassic.com

www.burmeseclassic.com



ရော ဆရာဝန်ရှေ့မှာ တန်းစီပြကြသည်။

ဟိုလူ ဗိုက်နာတော့ ဒီလူက ခေါင်းကိုက်သည်။ ဒီလူ ဝမ်းသွားတော့ ဟိုလူ ချောင်းဆိုးသည်နှင့် အားကျမခံဖြစ်ကြတာ ရွာနောက်ပိုင်းက ကိုသာအေးမှာ ဖြစ်စရာရောဂါမကျန်တော့။ ဒါပေမဲ့ အားမလျှော့ဘဲ ဆရာဝန်တွေလာတာနှင့် လူနာနေရာ ဝင်ယူပြီး ပြနေကျ။

"ဆရာမ…ကျွန်တော် ဗိုက်ခဏခဏအောင့်နေလို့"

သူ့ရောဂါက ဒါပဲဖြစ်သည်။ ဒေါက်တာကလည်း လိုအပ်တဲ့စစ်ဆေးမှုတွေ လုပ်သည်။

"ဗိုက်အောင့်တဲ့လက္ခဏာလည်း မတွေ့ရပါလား၊ လေတွေဘာတွေ ထိုးတာလား ဦးကြီးရဲ့"

"မဟုတ်ဘူး ဆရာ၊ အဲဒါ သန်ကောင်တွေ"

ကိုသာအေးက အပ်ချမတ်ချပြောတော့ ဆရာဝန်တောင် မျက်လုံးပြူးသွားကာ ကိုသာအေးကို သေချာပြန်ကြည့်သည်။

"ဦးကြီးက ဦးကြီးမှာ သန်ကောင်ရှိနေမှန်း သိနေတာ လားခင်ဗျ"





"အဲဒီလိုတော့ အသေအချာမသိဘူးပေါ့ ဆရာရယ်၊ အခွေတွေထဲမှာ အဲဒီလိုပါတာပဲဥစ္စာ၊ မင်္ဂလာဆောင်တွေ နာရေးတွေမှာ သီချင်းဖွင့်ရင် အဲဒီအသံပါ ပါလာတယ်လေ ဆရာရဲ့၊ အဲဒါ ရွာကလူတွေကို ရောဂါပြောတတ်အောင် သင်ပေးနေတာ မဟုတ်ဘူးလား"

ဆရာဝန်လေးက ကိုသာအေး စကားအဆုံးမှာ မပြုံးဘဲ ရယ်သဖြင့် ကိုသာအေးမျက်နှာလည်း ပြုံးပြုံးကြီးဖြစ်နေ၏။ ကိုသာအေးဆိုတာ အဲဒီလို။

ဆရာဝန်ကို ဆရာပြန်လုပ်တာလည်း ရှိသေးသည်။ သူတို့ မန်ကျည်းစုရွာသားက အဲဒီလို ရာဇဝင်နဲ့ရှိခဲ့တာမို့ ဘဘုန်းက သေချာအောင် မေးမြန်းနေတာမျိုးဖြစ်သည်။

ဘဘုန်းမေးမြန်းသမျှ နွေမောင်ကချည်း ဖြေနေ၍ ဘဘုန်းက သူ့ကပ္ပိယဘက်ကို လှည့်ကြည့်၏။

"ဟဲ့…ဖြူသီး"

"တင်ပါ့ ဘုရား"

"နှင့်နှယ်…ငါမေးတာလည်း တစ်ခွန်းမှဝင်မဖြေဘဲ



www.burmeseclassic.com

www.burmeseclassic.com



နွေမောင်ချည်း ဖြေနေရပါလား၊ တံနဲတော့ ဒီကိစ္စ နင်ဘာမှ ဝင်မကူဘူးမှတ်တယ်"

"မဟုတ်ပါဘူး ဘုရား၊ တပည့်တော် ကူပါတယ်"

ဘဘုန်းက ကွမ်းသီးညှပ်နေသောကိစ္စကို ဆေးကိုချကာ ဤသို့မိန့်တော့ ကပ္ပိယ ဦးဖြူသီး ပျာပျာသလဲဖြစ်သွားသည်။ တဆက်တည်း လက်အုပ်စုံချီ၍ မျက်နှာကိုကွယ်ပြီး နွေမောင်ဘက် စွေစောင်းစောင်းနှင့်လှမ်းကြည့်၍ နွေမောင်ကို စစ်ကူခေါ်သည်။

"ဘဘုန်း"

"ဟဲ့…ဘာတုန်း"

"တပည့်တော်ချည်း မဟုတ်ပါဘူး ဘုရား၊ ဦးဖြူသီးလည်း ဝင်ဝင်ကူပါတယ်"

"ဟုတ်ပါတယ် ဘုရား၊ တပည့်တော်ဝင်ကူတာ နွေမောင်အသိပါ ဘုရား"

နွေမောင် ဝင်လျှောက်တော့ ဦးဖြူသီးကပါ ဝင်လျှောက်ပေမယ့် ဦးဖြူသီးအကြောင်း အစင်းသိထားသည့် ဘုန်းကြီးက





မျက်ခုံးတွန့်မပျက်။

"တူနဲ့ဦးလေးဖြစ်ပြီး ဘာမှအားမကိုးရဘူး၊ နေရာတကာ နွေမောင်ချည်းပဲ၊ လစ်တာနဲ့ ထန်းတောပြေးချင်တဲ့ကောင်၊ ရွာထဲ စာဝေနိုင်းလည်း တွေ့တဲ့ကြက်ဝိုင်းထဲ ဝင်ထိုင်တာနဲ့၊ ရွာထိပ် ရေတွင်းမှာ ရေခပ်တဲ့ ဒကာမတွေနားမှာ မခွာဘဲ အချိန်းဖြုန်းရတာနဲ့"

"အဲဒီလောက်လည်း မဟုတ်ပါဘူး ဘုရား"

"အဲဒီလောက်မဟုတ်လို့ ဘယ်အထိတုန်း ဖြူသီး၊ ဟမ်…အသက်ကဖြင့် ငါးဆယ်တန်းဝင်နေပြီ"

"လေးဆယ့်ရှစ်ပါ အရှင်ဘုရားရဲ့"

သူ့ကို အသက်ကြီးပြီပြောတိုင်း နွေမောင်တို့ကာလသားတွေရှေ့ လက်ခမောင်းထခတ်ပြသော ဦးဖြူသီးက ဒါကျတော့ မဆိုင်းမတွ ပြန်လျှောက်သည်။

"တော်…တိတ်"

ဘဘုန်းက ကြမ်းပြင်ကို လက်ဝါးကြီးနဲ့ ပုတ်ချလိုက်၍ ဦးဖြူသီး ဇက်ပုသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါမျိုးကျ ဖြေလိုက်တာ ခရားရေလွှတ်တဲ့အတိုင်း၊ ရှိရေရှားရေးကျ ခွေအကြီး လှည်းနှင်းသလိုပဲ၊ ကိုယ့်တူက ဒီရွာရောက်တာ တစ်ဝါလောက်ပဲရှိသေး၊ အကုန်စီမံကွပ်ကဲတတ်ပြီ၊ ဒါကြောင့် နင့်ကို သက်န်းစည်းပါလို့ ငါ ပြောတာပေါ့"

"တပည့်တော် လောကီအရေးမှာ သံယောဇဉ်မပြတ်သေးလို့ပါ ဘုရား၊ ပြီးတော့ နွေမောင် စီမံတာ ကန့်လန့်ကာနောက်ကွယ်ကပါ ဘုရား၊ လူရှေ့ လူလုံးပြပြီး ထွက်ရပ်ရမယ်ဆိုတော့ တပည့်တော်ပဲ ရပ်ရတာကိုး ဘုရား"

ဦးဖြူသီးက သူ ပြောလည်းပြောပြီး နွေမောင်ဘက်ကို ပေစောင်းစောင်းကြည့်ပေမယ့် နွေမောင်က ပြန်မကြည့်။ ဘဘုန်းက ဦးဖြူသီးအကြောင်း သိပြီးသားဖြစ်၍ နွေမောင်ကိုလှမ်းကြည့်ပြီး သက်ပြင်းချသည်။

"အေး...လောကမှာ အရှက်နဲ့အကြောက်တရား နှစ်မျိုးက ပုထုဇဉ်တိုင်း လက်ကိုင်ထားရမယ်ဆိုပေမယ့် မင်း ရှက်တတ်တာကျတော့ လူတောမတိုးတာနဲ့ ဆိုင်သွားပြန်ရော နွေမောင်ရဲ့"

"အရှင်ဘုရား...တပည့်တော်က..."





"တပည့်တော်ကမှ လုပ်မနေနဲ့၊ အခု ဆရာဝန်တွေလာလည်း နွေမောင်က ပန်းနေမယ်တဲ့ ဘုရား"

"ဟော"

နွေမောင်စကားမဆုံးခင် ဦးဖြူသီးက နွေမောင် အကြံအစည်ကို ဖော်ကောင်လုပ်လိုက်၍ ဘုန်းကြီးက နွေမောင်ကို သဘောမကျသလို လှမ်းကြည့်သည်။

ဦးဖြူသီးက နွေမောင်ကို အတို့အထောင်လုပ်ပြီး သူ မဟုတ်သလို ခပ်တည်တည်လုပ်နေ၍ ဦးဖြူသီးကို နွေမောင် ဒေါသဖြစ်မိသည်။ ဒီကိစ္စ ဘုန်းကြီးမသိပါစေနဲ့ဆိုမှ ဘုန်းကြီးရှေ့မှာ ဖော်ကောင်လုပ်တာ လွန်လွန်းပြီ။ အလုပ်မှန်သမျှ ဘာတစ်ခုမှမငြင်းမဆန် အပင်ပန်းခံလုပ်ရတာ တစ်ချက်မညည်းပေမယ့် လူစုလူဝေးထဲမှနေဖို့ကျတော့ နွေမောင် ဝါသနာမပါ။ အထူးသဖြင့် မိန်းမအုပ်စုများသည့် နေရာမှာဆို နွေမောင် ပို၍ မနေတတ်။ တစ်ယောက်တည်း တခြားတစ်နေရာမှာ သွားရှောင်နေတတ်သူ။

ဒါကို ဘဘုန်းက သိသည်။ သိ၍လည်း နွေမောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မနေအောင် အကြိမ်ကြိမ်ပြောပေမယ့် လူစုလူဝေးထဲမှာ နွေမောင် ဘယ်တော့မှမရှိ။ လုပ်စရာရှိတာလုပ်ပေးပြီး လူရှင်းသည့်တစ်နေရာမှာ စာအုပ်တစ်အုပ်နှင့် ငြိမ်နေတတ်တာ နွေမောင့်ဝါသနာဆိုတော့ ပြောရခက် ဆိုရခက်ဖြစ်သည်။

"ဖြူသီးပြောတာ ဟုတ်သလား နွေမောင်"

"တင်ပါ့ ဘုရား"

ဘုန်းကြီးအမေးကို မလိမ်ညာဘဲ နွေမောင်ဖြေ၍ ဘဘုန်းက နွေမောင်ကိုကြည့်ပြီး ခေါင်းတဆတ်ဆတ်ညိတ်သည်။

"လူဆိုတာ လူ့အသိုင်းအဝိုင်းထဲမှာ ဝင်ဆန့်အောင် နေတတ်ရတယ် နွေမောင်၊ မင်း ဒီလို လူတောမတိုးဖြစ်နေရင် နောင်တစ်ချိန် မင်း သားသမီးတွေရလို့ မင်းပုံစံဖြစ်နေရင် မခက်ပေဘူးလား၊ ဒီတော့ ဆရာဝန်အဖွဲ့လာရင် မင်း ဆေးကုရမယ်"

"ခင်ဗျာ"

ဆရာဝန်အဖွဲ့လာရင် ဆေးကုရမယ်ဆို၍ နွေမောင် မျက်လုံးပြူးသွားသည်။

"တပည့်တော်က ဘာဖြစ်နေလို့လဲ ဘုရား၊ တပည့်တော်





ကျန်းမာပါတယ်"

"အိမ်း…လူကျန်းမာပေမယ့် စိတ်ကျန်းမာဖို့လည်း လိုသေးတာပ၊ ဆရာဝန်တွေ လာတုန်းလာခိုက် ကိုယ်တွင်းကိုယ်ပ ဘာရောဂါရှိသလဲ မေးမြန်းစုံစမ်းသင့် စုံစမ်းရမှာပဲ"

"မဟုတ်တာဒ ဘုရား၊ တပည့်တော် ကျန်းမာရေးကောင်းပြီးသားပါ ဘုရား၊ ကျောင်းရောက်ကတည်းက နှာစေး ချောင်းဆိုးတောင် မဖြစ်ခဲ့ဖူးပါဘူး ဘုရား၊ ဒါကြောင့် အစမ်းသပ်လည်းမခံ၊ အစစ်ဆေးလည်း မခံပါရစေနဲ့ ဘုရား"

"ဟကောင်ရ…ဘုန်းကြီးက စမ်းဆို စမ်းရမှာပေါ့၊ ငါ အခုလုပ်မှာ မင်းကောင်းစားရေးအတွက်ကွ နားလည်လား"

ဘဘုန်းရဲ့ အမိန့်အာဏာသံက ပြင်းလွန်း၍ နွေမောင် ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားကာ ခေါင်းကြီးငုံ့ပြီး ငြိမ်သက်တွေဝေနေတုန်း ကိုရင်တစ်ပါး ကျောင်းပေါ် အမောတကော ပြေးတက်လာ၏။

"ဘုန်းဘုန်းဘုရား"

"ဟဲ့…ဘာဖြစ်သတုန်း စန္ဒိမာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို…ဆရာဝန်အဖွဲ့ လာကြပါပြီဘုရား"

"ဒါဆို ငါ့တူမရော ပါပြီပေါ့"

"မှန်ပါ့…အရီးမယ်ငွေရော၊ လေးလေးဆက်ထွန်းပါ ပါလာပါတယ် ဘုရား"

"အိမ်း…ဒါဆို ကြို့ဆိုဖို့နဲ့ ဧည့်ခံဖို့ နေရာချမှဖြစ်မယ်"

ကျောင်းထိုင်ဆရာတော်က မတ်တတ်ထရပ်ရင်း သင်းပိုင်သာရှိတဲ့ကိုယ်ပေါ် သင်္ကန်းကို လွှားခြုံရသည်။ ပြီးမှ နွေမောင်ရှိရာကို သတိရပြီး လှမ်းကြည့်လိုက်တော့ နွေမောင်ကို ရှာမတွေ့တော့။

"ဟဲ့…နွေမောင် ဘယ်ရောက်သွားတုန်း"

"မရှိတော့ပါဘူး ဘုရား"

ကပ္ပိယဦးဖြူသီး စကားကြောင့် ဘုန်းကြီး သက်ပြင်း ထပ်ချပြန်သည်။

"ခက်တဲ့ကောင်ပဲကွ ဖြူသီး၊ ဒီကောင့်ရောဂါဟာ လူ တောမတိုးတဲ့ရောဂါပဲ၊ ဆရာဝန်နဲ့ ပြကိုပြမှဖြစ်မှာနော်"

"မှန်လှပါ ဘုရား"





ဦးဖြူသီးက ဆရာတော်အကြိုက် ခေါင်းငုံ့လက်အုပ်ချီထားပေမယ့် နွေမောင်အကြောင်း သိပြီးသားဖြစ်သည်။ ဆရာဝန်ပြဖို့နေနေသာသာ ဆရာဝန်မလေးတွေရှိသည့်နေရာကို ယောင်၍ပင် လာမည့်သူ မဟုတ်။ ဦးဖြူသီးနှင့်တော့ လူချင်းကွာသည်။ ဦးဖြူသီးက စိခနဲဆို ရှေ့ဆုံးကရောက်ပြီးသား။ ရွာက အပျိုခေါင်း မအုန်းရီနားဆိုလျှင် အလုပ်မရှိအလုပ်ရှာပြီး အနားက မခွာဘဲရှိနေတတ်သူ။ ဒါတောင် အပျိုကြီးက ဦးဖြူသီးကို မျက်နှာသာ တစ်ချက်မှပေးတာမဟုတ်။

"ကိုင်း…အခု ဘယ့်နှယ်လုပ်မတုန်း ဖြူသီး၊ နင်ရော သူစီစဉ်ပေးသလို အကွက်ကျကျ စီစဉ်တတ်ရဲ့လား"

"တပည့်တော်သိပါတယ် ဘုရား၊ တပည့်တော်ပဲ ကြည့်စီစဉ်လိုက်ပါ့မယ်"

ဦးဖြူသီးက ဘုန်းကြီးကိုဝတ်ဖြည့်၍ ဧည့်သည်ကြိုဆိုနေသည့်သူများရှိရာသို့ ခပ်သွက်သွက်ထွက်သွားသည်။ ဒီပွဲမှာ ဦးဖြူသီး မပါလို့မပြီး။ နွေမောင်လိုကောင်နှင့်သာ နေရာချင်းလဲလိုက်ချင်သည်။ ဦးဖြူသီးသာ နွေမောင့်အသက်အရွယ်၊ နွေမောင်



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရည်ဆိုလျှင် မိန်းမလှလေးတွေဆိုတာ ဟောတစ်ယောက် ဟောတစ်ယောက်နှင့် ဘယ်လောက်ပျော်စရာကောင်းမည်မသိ။ အတွေးနှင့် ဦးဖြူသီးမျက်နှာကြီး ပြုံးသွားသည်။

* * *

နိုး:မိုး:၈၁၄ပ

## အခန်း (၂)

"ဘယ့်နှယ်လဲ၊ တော်တော်မှ မောသွားပြီလား အသက်"

"မောလည်းမောတယ်၊ ပျော်လည်းပျော်တယ်၊ ပြီးတော့ ဒီရွာက ချကွေးသမျှ တစ်ခုပြီးတစ်ခုစားရင်း ဗိုက်လည်းတင်းနေပြီ ရှင်းရှင်းရဲ့"

"ယုယတော့ ပဲခြမ်းကြော်သုပ်ကို အကြိုက်ဆုံးပဲ ရှင်းရှင်းရေ"

"ဟွန်း…စားပုပ်မ၊ စချတုန်းကတော့ သွားနာသလေး ဘာလေးနဲ့"

နိုး:မိုး:၈၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းသုံးယောက် ခစ်ခနဲ ကျိတ်ရယ်လိုက်ကြ၏။ စားပွဲရှည်ကြီးကနေ ထိုင်ရာမထဘဲ သန့်စင်က အသက်တို့ရှိရာကို လှမ်းကြည့်ပြီး ပြုံးနေသည်။ ယုယက ပဲခြမ်းကြော်သုပ်တစ်ဇွန်းကိုခပ်ပြီး ပါးစပ်ထဲ အကုန်ထည့်ဝါးသည်။

"ဒီကပဲတွေက ရန်ကုန်ကပဲတွေလို မာဆတ်ဆတ်ကြီး မဟုတ်ဘူးနော်"

"ပြန်ကြော်ထားတာနေမှာပေါ့ ယုရဲ့"

"ရှူရှူလေး၊ နင့်လိုပဲလေ"

"သေနော်…ငါပိတ်ပေါက်မှာ"

အနားရှိ အကြမ်းပန်းကန်လုံးကိုမပြီး ရွယ်ပေါ့ သန့်စင်က ရယ်ရင်း ရှင်းရှင်းပခုံးကိုကွယ်ကာ ပုန်း၏။ သစ်ကြီးဝါးကြီးရှိလှသော ဘုန်းကြီးကျောင်းဝင်းရှေ့ မျက်နှာစာမြေကွက်မှာ နှစ်ယောက်တစ်တွဲစီ ခုံတန်းရှည်တွေချထိုင်၊ တစ်ယောက်က ဆေးစစ်၍ ကျန်တစ်ယောက်က ဆေးမှတ်တမ်းရေး အစရှိသဖြင့် နေ့လယ်ခင်း ထမင်းစားပြီးချိန်ကတည်းက လုပ်ငန်းစခဲ့တာပင်။

ကျောင်းပိတ်ရက်ရတုန်း ဒေသန္တရဗဟုသုတလည်းရစေ၊ ကုသိုလ်လည်းရစေဆိုပြီး ခရီးလေးတစ်ခုခု စီစဉ်ရာကနေ အသက်တို့အဖွဲ့က ရှင်းရှင်းရဲ့ဇာတိမြေဆီ ရောက်ခဲ့ကြတာပင်။

"ကဲဟာ…နင်တို့နှစ်ကောင် တွေ့တိုင်းရန်ဖြစ်နေကြတာပဲ၊ တော်တော့…ငါ့ဘကြီးကျောင်းပစ္စည်းတွေ ကွဲရှိနေမှဖြင့်"

"ဟော…ဟော…အမိန့်ပေးနေတယ်ဟေ့"

"သေနို့…နင် တော်တော်မျက်နှာပြောင်နေပါလား၊ ငါ့ကိုများ ခေါင်းဆောင်ကြီးတဲ့"

ဒီလိုပြောတော့လည်း ရှင်းရှင်းက မခံနိုင်။ ကက်ကက်လန်အောင် ရန်တွေ့တာကိုကြည့်ပြီး အသက်က ရယ်သည်။ ရွာသားတွေလည်း အားလုံးရှင်းပြီ။ ကျောင်းဝင်းကြီးထဲမှာ ဒီတစ်အုပ်စုတည်းမို့ လွတ်လပ်ပြီထင်သောစိတ်သည် ဘာရယ်ကြောင့်မှန်းမသိ ထင့်ခနဲဖြစ်သွား၏။

ကိုယ့်ကို တစ်ယောက်ယောက်က စိုက်ကြည့်နေတာလား။ ဒါမှမဟုတ် ကိုယ့်အနားကို တစ်စုံတစ်ယောက် တိုးကပ်လာတာလား။ မသိစိတ်ရဲ့ လှုံ့ဆော်ခြင်းကြောင့် အသက်က ဘေးဘီဝဲယာကို ဝေ့ခနဲ အကြည့်ကစားစဉ်







www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရင်ထဲ ဒိတ်ခနဲခုန်သွားသည်။ ကျောင်းဘေးဘက်က သစ်ပင်အုပ်အုပ်တွေနား လှုပ်ရှားမှုတစ်ခု ရိပ်ခနဲတွေ့လိုက်သလို သစ်ရွက်ဖျားလေးတွေ လှုပ်ခါသွားတာ၊ ရွက်ခြောက်တွေ နင်းသွားတဲ့ ခြေသံဖွဖွ။ အသက်ရင်ထဲ နှလုံးခုန်သံက တဒိတ်ဒိတ်နှင့် မြန်ဆန်လာ၏။

ဒါ…ချောင်းကြည့်နေတာပဲ၊ ဘာကြောင့်လဲ။ ချောင်းတဲ့သူ ဘယ်သူလဲ။ အသက် လှည့်ကြည့်မှ ဘာလို့ပုန်းသွားရတာလဲ။ မေးခွန်းတွေ ခေါင်းထဲ ပလုံစီထလာသလို အသိစိတ်က ဒါ မရိုးသားခြင်းလို့ အချက်ပေးသည်။ အသက်က ထိုင်ရာမှ ထပြီး ထိုနေရာကို စူးစမ်းရန် ခြေဦးအလှည့်မှာပဲ

"အတော်ပင်ပန်းသွားကြပြီလား ဒကာ၊ ဒကာမတို့"

နောက်ပါးဆီက အသံကြောင့် တဟေးဟေးတဟားဟားသံတွေရပ်၊ ရန်ဖြစ်ငြင်းခုံနေတာတွေ တိတ်ကျသွားပြီး အားလုံးချာခနဲ လှည့်ကြည့်ကြသည်။ ကျောင်းလှေကားထစ်တွေပေါ်က ဆင်းလာသော ကျောင်းထိုင်ဆရာတော်ကြောင့်





"ဘုန်းဘုန်း"

ကြိုရာနေရာမှာ ထိုင်ချပြီး ဝတ်ပြုရန် ပျာပျာသလဲ ပြင်ဆင်ကြပေမယ့်

"နေပါ…နေပါ သက်သာသလို၊ ပင်ပန်းထားကြတာပဲ၊ ဒကာတို့ ဘာလိုလဲလို့ ဘုန်းကြီးက ဆင်းကြည့်တာပါ"

"မလိုပါဘူး ဘုရား၊ အားလုံးပြည့်စုံပါတယ်"

ယုယက ဦးအောင်လျှောက်သည်။ ဒါကို ရှင်းရှင်းက မျက်စောင်းရှယ်ရင်း

"ဟွန်း…ဘယ်လိုမလဲ၊ လက်ဖက်သုပ်၊ ပဲခြမ်းသုပ်၊ ကြံသကာ၊ မုန့်ကျည်းတုံးတွေ ဒင်းဗိုက်ထဲ ရောက်ကုန်တာကိုး"

မကြားတကြား အတင်းတုပ်သည်။ ဘဘုန်းကတော့ ဒါကိုမကြားဘဲ

"မနေ့ကပဲ ရောက်တယ်၊ ညရေးညတာရော အဆင်ပြေကြရဲ့လား"

ကိုယ့်ကိုကြည့်ပြီး ဦးတည်မေးတာမို့ အသက်က

"တင်ပါ့…အဆင်ပြေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နွေမောင်ကတော့ အဆင်ပြေအောင် စီစဉ်ထားတာပဲ၊ ဖြူသီးက တလွဲလုပ်တတ်လွန်းလို့ မေးရတာ"

"ကိုကြီးဖြူကတော့ တပည့်တော်ငယ်ငယ်ကအတိုင်း လွဲတုန်းပဲ ဘုရား၊ ဒီသွားဆို ဟိုရောက်တယ်၊ ညက အမေ ရင်ကျပ်လို့ ကွမ်းရွက်ကပ်ဖို့ရှာပါဆိုတာ မရှာဘဲ ကာလသား တွေနဲ့ သီချင်းသွားဆိုနေတယ် ဘုရား"

ရှင်းရှင်းက အကွက်ကြုံတုန်း ဦးအောင်တိုင်သည်။ ကိုယ့်ဘကြီးပေမယ့် ငယ်ငယ်ကတည်းက တရင်းတနှီးမရှိတာ ရော၊ ကျောင်းထိုင်ဆရာတော်ဆိုတဲ့ အရှိန်နဲ့ရော ကြောက်ရပေမယ့် ပြောချင်တာရှိရင် ပြောချင်တာရှိရင်တော့ ပြောရမှကျေနပ်တဲ့သူ။ အမေတို့ကလည်း သမီးတစ်ယောက်လုံး ဆရာဝန်ဖြစ်တာတောင် မယုံမကြည်နှင့် ရင်ကျပ်တာ ကွမ်းရွက်ကပ်မှတဲ့။ အသက်ကတော့ ဝင်ပြောရှာသား။

"လူကြီးဆိုတော့ သူ့အစွဲနဲ့သူ၊ အစွဲဆိုတာတော့ လူကြီး လူငယ်ရယ် မဟုတ်ပါဘူး၊ ငါလည်း ငါ့အစွဲနဲ့ငါ"

ပြောတုန်းက အိပ်ရာထဲရောက်မှ။





"နှင့်အစွဲကို ချွတ်စမ်းဟယ်၊ ကိုယ့်ကိုမကြင်နာချင်တဲ့ သူကိုများ"

တိုးတိုးကျိတ်ကျိတ် ဆုံးမရသေးသည်။ အားလုံးက သူငယ်ချင်းတွေဆိုပေမယ့် ရှင်းရှင်းနဲ့ အသက်က ပိုရင်းနှီး ပိုပွင့်လင်းကာ ဘာမဆို တိုင်ပင်တတ်ကြသူတွေ။

ထို့ကြောင့် ဒီခရီးကိုလည်း အသက် စိတ်ပြေရန်၊ အတိတ်ကိုမေ့ဖျောက်ရန် ရှင်းရှင်းက ဦးဆောင်ခေါ်ခဲ့ရတာမို့

"ကြားတယ်၊ ဒါတောင် ညကြီးမိုးချုပ် နွေမောင်က ကွမ်းရွက်ခူး၊ မီးအုံပြီး သွားပို့ခိုင်းလို့တဲ့၊ ကာလသားတွေနဲ့ရောပြီး ထန်းရေလေးတမြမြ သီချင်းလေးတကြော်ကြော်လုပ်နေတာ၊ ညကတည်းက ကြားပြီးသား၊ အဲဒါကြောင့် ဒီမနက် ဒဏ်ပေး ထားတာ၊ ဟော…လာပါပြီ"

ဘုန်းဘုန်းမေးငေါ့ရာ ကြည့်တော့ နေပူကျဲကြီးထဲ ပုဆိုးပေါ်မှာ လွှမ်းခြုံထားတာ တခြမ်းစောင်း။ ထိုတခြမ်းပေါ် ထင်းချောင်းတွေသယ်လာတဲ့ ကိုကြီးဖြူဆိုသူက အသက်တို့ဘက် လှမ်းကြည့်ရင်း ရယ်ပြပေမယ့် လူက ချွေးတရွှဲရွှဲနှင့်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူကြီးက ကိုယ်တွေထက် အသက်နှစ်ဆယ်ကျော်ကြီးပြီး *ဘာလုပ်လုပ် တလွဲတချော်မို့ အသက်တို့မျက်စိထဲတော့* မှတ်မှတ်ရရရှိလှသည်။ ရေတွင်းမှာ ရေခွဲပေးရင်း ရေပုံးပြုတ်ကျသည်။ ထမင်းဝိုင်းပြင်ပေးရင်း ဟပ်ထိုးလဲသည်။ မနေ့က ဒီကျောင်းဝင်းထဲ အသက် ခြေအချမှာပဲ

"ရှင်းရှင်း ... နှင့်သူငယ်ချင်း ဒေါက်တာမကြီးရဲ့ ချောချက်က ရက်စက်"

ပြောပြီး ခွေးအမြီးတက်နင်း၍ ခွေးက ထအော်၊ သူကလန့်ဖျပ်ပြီး ထအခုန်နှင့်မို့ ရောက်ရောက်ချင်းမှာပဲ တဝါးဝါးတဟားဟားနှင့် ပွဲကျရသည်။ အခုလည်း ထင်းစည်းကြီးပစ်ချပြီး အသက်တို့ရှိရာဘက်ဆီ လျှပ်ပျာပျာနှင့် လျှောက်လာပြီးကာမှ

"ပြီးပလားဟေ့ ဖြူသီး"

"တင်ပါ့၊ ထင်းစည်းအားလုံး သယ်ပြီးပါပြီ ဘုရား"

"နွေမောင်ရော၊ တစ်ခါတည်းခေါ်ပြီး ရေမိုးချိုးချည်တော့လေ"

ကြားရပြန်ပြီ။ ဒီ နွေမောင်ဆိုတဲ့ နာမည်။ ရှင်းရှင်းနှင့်





အသက်က မျက်လုံးချင်းဆုံသည်။ နာမည်က နွေမောင်ပေမယ့် ဒီတစ်ရွာလုံးမှာ သူ့သာလျှင် အဓိကလိုဖြစ်နေတာမျိုး။ မနေ့က ရောက်ရောက်ချင်း၊ ကျောင်းကြီးပေါ်တက်တက်ချင်း ဘဘုန်း နှုတ်မှ

"နွေမောင်ရော"

ဆိုတာမျိုး။ တည်းခိုမယ့်အိမ် ရောက်ပြန်တော့

"ဒါ နွေမောင် စီစဉ်ခိုင်းထားတဲ့ ဟင်းတွေလေ၊ ကျုပ်တို့ နွေမောင်က သိပ်အကွက်စေ့တာ၊ ဆရာလေးတို့ ခရီးပန်းလာမှာတဲ့၊ အီတောက်တောက်ဟင်းတွေ မစီမံပါနဲ့လို့ မှာထားတာတော်တို့ရေ၊ ဒါကြောင့် အချဉ်လေး အစပ်လေးပါအောင် စီမံရတာ"

တကယ်လည်း စားကောင်းပါသည်။ ဟင်းခွက်တွေထဲမှာ အသက် ကြိုက်လှသည့် ငါးရံ့ခြောက်လေး မီးအုံကာ ထုမွပြီးမှ ဆီမွှထဲ နှစ်ကြော်ထားတာပါ ပါတဲ့အခါ အသက်တို့တစ်ဖွဲ့လုံး ထမင်းဝိုင်းမှ ခေါင်းမဖော်နိုင်တာ အမှန်။

"အိပ်ဖို့အတွက်လည်း ကိုရင်နွေမောင်ပဲ နေရာချပေးတာ၊ ခေါ်ကြီးအုံးတို့အိမ်က မိန်းမသားတွေပဲရှိရာရော၊ သက်ကြီးဝါကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေ များတာကြောင့် အိမ်သာဆို အိမ်ထဲတစ်ခါတည်းထည့်ဆောက်ထားတာ ဆရာတို့ရဲ့၊ ညမှုညတာ ခြံထဲမဆင်းရတော့ဘူးလေ၊ ဒါနဲ့ပဲ ဆရာတို့အိပ်ရမယ့်အိမ်ကို ကိုရင်နွေမောင်ပဲ ရွေးလိုက်တာ"

သူတို့အေသ သူတို့ဓလေ့ အခေါ်အဝေါ်ထင်ပါရဲ့။ မိန်းမလည်း ဆရာ၊ ယောကျ်ားလည်း ဆရာနှင့် သုံးနှုန်းကြသည့်အထဲ နွေမောင်ဆိုတာက လူမှန်းမသိ၊ ဘုန်းကြီးလား မကွဲပြား။ အုပ်စုထဲ ယောကျ်ားလေးတစ်ယောက်တည်းပဲပါကာ တစ်ယောက်ဆိုဆိုသလောက် အင်မတန် မျက်နှာပြောင်သော သန့်စင်ကတောင်

"ရှင်းရှင်း...အဲဒီ နွေမောင်ကို ငါတို့က ကိုရင်နွေမောင် ခေါ်ရမှာလား၊ ကိုနွေမောင် ခေါ်ရမှာလား"

"ငါဘယ်သိမလဲ"

"သူက သူကြီးလား"

"အဲဒါလည်း ဘယ်သိမလဲဟဲ့"

"ဟ...ဒါ နင့်ရွာဆို"

"ငါ့ရွာပေမယ့် ငါက မွေးကတည်းက ရန်ကုန်သွားတာလေ"





"နင့်အမေ မသိဘူးလား"

ဆို၍ ရှင်းရှင်းအမေကို မေးကြည့်တော့လည်း

"ညည်းကိုကြီးဖြူရဲ့တူတဲ့၊ ကျောင်းကိုရောက်တာ ပြီးခဲ့တဲ့ တစ်နှစ်ကမှတဲ့"

ဒါလောက်ပဲသိရသည့် နွေမောင်ရဲ့အကြောင်းက သိချင်သော သူမတို့စိတ်ရဲ့အဆာကို အပြည့်အဝ မဖြည့်တင်းနိုင်ခဲ့။

"ဘုန်းဘုန်း"

တွေးချင်ရာတွေး ငေးချင်ရာငေးနေသော အသက်က ထိတ်ခနဲ လန့်သွားရသည်။ ကိုယ်တော်က လူတွေနဲ့ ဆရာတော် အပြန်အလှန် ဘာတွေပြောကြမှန်းမသိပေမယ့်

"မနက်ဖြန် ကျောင်းက ရဟန်းတွေအားလုံးရော တပည့်တော်ကိုပါ ဒီက ဒေါက်တာတွေက ဆေးစစ်ပေးမယ်တဲ့ ဘုရား"

"ဟုတ်သလား ဆရာတို့၊ ဖြူသီးက တလွဲတချော်မို့ အျပ်က သေချာအောင်မေးရတာပါ"

"မှန်ပါ့...တပည့်တော် ကိုကြီးဖြူကို ပြောထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ရှင်းရှင်းက ဝင်လျှောက်တော့မှ ဆရာတော်က ဘဝင်ကျဟန်ဖြင့်

"ဒါဖြင့် လူစုထား ပြေ၊ သံဃာတွေအားလုံးကို လျှောက်ချည်၊ ဟဲ့…နွေမောင်ပါ ပါပစေနော်၊ ကဲ…ဆရာတို့ နားကြတော့"

ဆရာမတော်ကမိန့်ပြီး ကျောင်းပေါ်ပြန်ကြွသည်။ ဆရာတော် ကွယ်တာနှင့် အသက်တို့နားလာကာ အကြောင်းမရှိ အကြောင်းရှာပြီး စကားပြောတတ်သော ကပ္ပိယက အခုတော့ ရှုံ့မဲ့မဲ့နှင့်

"ဆရာတော်ကလည်း သူ့နွေမောင်အကြောင်း မသိတဲ့အတိုင်းပဲ၊ နွေမောင်ကို လူတောထဲ ဆွဲထုတ်မယ့်အစား ကျားမြီးပဲ ပြေးဆွဲလိုက်ချင်တော့တယ်"

တဲ့…ပါလာပြန်ပြီ ဒီ နွေမောင်။ လေးယောက်စလုံးရဲ့ စိတ်ဝင်စားမှုကြောင့် မျက်လုံးတွေစုံသွားပေမယ့် နွေမောင်ဆိုတာ ဘယ်သူလဲလို့ မမေးမိအောင် နှုတ်တွေက အာစေးထည့်ထားသလို ဖြစ်လျက်။





အမည်ပဲကြားရပြီး လူမမြင်ရတော့လည်း တစ်ခုခုလွဲနေ လိုနေသလို။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ကျွန်တော့်ကို လွှတ်ပါဗျ"

"လွှတ်လို့ဖြစ်မလား၊ မင်းထပ်ထွက်ပြေးရင် ငါ လိုက်ဖမ်းနိုင်ဘူး"

"ကျွတ်...လေးလေး"

နွေမောင်က ပေစောင်းစောင်းကြည့်ရင်း အော်သည်။ ဦးဖြူသီးက မလွှတ်။ ရွာလယ်လမ်းတစ်လျှောက် ခြံဝိုင်းထဲက လူတွေ ထွက်ကြည့်ပြီး အားလုံးက ပြုံးစေ့စေ့နှင့်။ ထစ်ခနဲ အရေးပေါ်တိုင်း ပြေးလွှားကူညီခဲ့သော နွေမောင့် မျက်နှာမှမထောက်။

"လိုက်သွားလိုက်ပါ နွေမောင်ရ၊ ဆရာဝန်မလေးတွေသာ



www.burmeseclassic.com

www.burmeseclassic.com



ချောချောလေးတွေက…အဟီး''

ဆိုပြီး မြှောက်ပေးသူက မရှား။

''ရှန်းကန်မနေနဲ့ ကိုရင်နွေမောင်၊ တော့်ကြည့်ရတာ သခိုးလက်ထဲရောက်နေတဲ့ နွားများလိုပဲ၊ ကြည့်ရဆိုးချက်တော် လိုက်သွားပါဟာ၊ ရောဂါရှိ မရှိ စမ်းသပ်ပေးတာကိုများ''

ကလေးခါးထစ်ခွင်ချီပြီး ဘေးနားက တတွတ်တွတ် လိုက်အားပေးသူလည်းရှိသည်။ ပုဆိုးကွင်းသိုင်းပြီး ရှာလမ်း တစ်လျှောက် ခွေလိုမ့်နေတဲ့ ကလေးတွေကတောင်

''ကြောက်မနေစမ်းပါနဲ့ ကိုကြီးနွေမောင်ရာ၊ ကျုပ်တို့ သွားတာလေ ဆေးမထိုးဘူး၊ သွားခြစ်တံတစ်ချောင်းစီတောင် ရသေး''

သူ့မှာသာ လေးလေး လက်ပြန်ကြိုးတုပ်ပြီး ထိုကြိုးကို ပဲ ခန္ဓာကိုယ်ကို ပြန်သိုင်းကာ ဆွဲခေါ်ခံရတာကြောင့် လူက ဝရုန်း ပြေးလိုလို၊ တရားခံလိုလိုနှင့် ဘာပုံပေါက်နေမှန်းမသိ။ လူကြီး တွေကတော့ သူတို့တူအရီးဖြစ်အင်ကိုကြည့်ပြီး

''ဟကောင်…ဖြူသီးရ၊ မင်းကြီးက သေးတာပေါ့ဟ





သံကြိုးကြီးကြီးနဲ့မှ ဒီကောင် ပြေးလို့မရမှာ''

ဝိုင်းပြီး အားပေးကြသည်။ သူ့မှာသာ ဆရာတော် ကျောင်းဝင်းနဲ့ နီးလာလေလေ ရင်တွေတုန်ပြီး လက်ဖျားခြေဖျား တွေ အေးစက်လာလေလေ။ ကြောက်တဲ့စိတ်လား၊ ရှက်တဲ့စိတ် လား ခွဲခြားမရအောင် ထိုစိတ်နှစ်ခုက ပူးတွဲ၍ သူ့ကိုဖိနှိပ်ထား သလို ခံစားရသည်။ ကျောင်းဝင်းနားရောက်ပြီး ခြံဝိုင်းကြီးထဲ သူတွေ ရှန်းစုစုမြင်ရတာနဲ့ ခြေလှမ်းတွေက ရှေ့ဆက်လှမ်းမရ အောင် နေရာတင် ကျားကန်ပြီးရပ်၏။

''ဟေ့ကောင်…နွေမောင်၊ လာစမ်းပါဟ၊ မင်းကလည်း ဒီနားရောက်နေပြီးမှ''

''ဟာ…လေးလေး၊ ကျုပ် ရှက်တယ်ဗျ၊ မသွားတော့ ဘူး''

''အေး…မင်း မသွားရင် ဘာဘုန်းက မင်းကို''

''ရိုက် ရိုက်ဗျာ၊ ကျုပ်ခံမယ်၊ ဒါပေမဲ့ မသွားပါရစေနဲ့၊ မိန်းမတွေကြား ကျုပ် ရှက်တယ်ဗျ''

ရောက်တဲ့နေရာမှာ ချက်ချင်း ဆောင့်ကြောင့်ထိုင်ချပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့မျက်နှာက မန်ကျည်းရွက်သာသာ သာရှိတော့သည်။ မျက်နှာကြီးက ချက်ချင်းရဲတွတ်လာတာများ ပါးပြင်အပြည့်ကွက်ထားတဲ့ ပါးကွက်ကျားတောင် အနီရောင်ပြောင်းလုလု။ နဖူးပြင်နားအထိ ရှေ့ချထားတဲ့ ဆံပင်တွေကို လက်မောင်းနဲ့ ပွတ်သပ်ပင့်တင်ရင်း ပြောပုံက သနားဖွယ်ရာတော့ ကောင်းသည်။ သို့သော် အကြောင်းမဲ့ကြီး ရှက်ကြောက်နေတာတော့ ဦးဖြူသီးရော ဘာဘုန်းပါ မကြိုက်။ ရဲလွန်းလျှင်လည်း မကောင်း။ သဲလွန်းလျှင်လည်း မကောင်းတာမို့

"နွေမောင်"

"ဗျာ"

ထူးတော့ထူးသား။ မျက်နှာတော့ မော့မလာ။ ခေါင်းကြီးငိုက်စိုက်ချပြီး မျက်ရည်ဝဲနေပြီဆိုတာလည်း ဦးဖြူသီး သိသည်။ အသံမှာကိုက ငိုသံကြီး ပါနေပြီကိုး။

"မင်းကွာ…အဓိပ္ပာယ်မရှိတာကို ရှက်နေသေးတယ် ဘာဘုန်း မင်းကို ဘာပြောထားလဲ၊ အရှက်တရားဆိုတာ ရှိသင့်တဲ့နေရာမှာပဲ ရှိပါဆိုတာလေ"





"ကျွန်တော် သူတို့နဲ့မှမသိတာ၊ ပြီးတော့ အဲဒီလို နီးနီးကပ်ကပ်ကြီး"

"ဟာကောင်ရ…မင်း အရီးငွေတို့၊ မယ်ကျော့တို့၊ ညီထွေးတို့ကိုလည်း ဒီလိုပဲနေခဲ့တာပဲ"

"သူတို့က ကျုပ်တို့နဲ့ တစ်ရွာတည်းကို"

"မင်း ရွာပြန်ရောက်တုန်းကလည်း သူတို့ကိုရှက်လို့ ဒီလိုပဲ ပုန်းနေခဲ့တာပဲ၊ နောက်တော့မှ အနေကြာပြီး ရင်းနှီးသွားတာလေ၊ မေ့သွားပလား ငါ့ကောင်ရ"

နွေမောင်က ခေါင်းကိုမဖော်တော့။ ဒီရွာ ရောက်ခါစကလည်း သူ ကျောင်းထဲက အပြင်ကို ထွက်မှမထွက်ခဲ့တာ။ ရွာသူတွေက မြို့သားဆိုပြီး ကွက်ကြည့်ကွက်ကြည့် လာကြည့်တာကို ရှက်လွန်း၍ ကျက်သရေခန်းထဲက မထွက်ကိုမထွက်တော့တာ။ နောက်များမှ ညီထွေးတစ်ယောက် ပိုးထိ၍ သူ့မှာ မနေသာတော့ဘဲ အဆိပ်တွေစုပ်ထုတ်ပေး၊ သူနာပြုနည်းနဲ့ ကုသပေးရင်းက အရင်ကလောက် မရှက်တော့။ မေးပြောခေါ်ထူး အခြေအနေထိ တိုးတက်လာပေမယ့် ကောင်မလေးတွေ အုပ်စုကျရာ



www.burmeseclassic.com

www.burmeseclassic.com



နေရာကို မသွားရဲ။ စေ့စေ့ကြည့် စကားမပြောရဲတာ ဒီနေ့အထိ။

"နွေမောင်"

"ဗျာ..ပါဆို"

"ဗျာမနေနဲ့၊ လာ...သွားကြမယ်၊ ဟိုမှာစောင့်နေကြပြီ ဟ၊ လာစမ်းပါ၊ မင်းရှက်ရင် ဟိုကျ မျက်လုံးသာမှိတ်ထားလိုက်၊ ငါ ကြည့်လုပ်မယ်၊ ကြားလား"

ပြောလည်းပြောသည်။ ဆွဲလည်းခေါ်သည်။ နွေမောင်မှာ ပေကပ်ထိုင်နေလို့လည်းမဖြစ်။ ထို့ကြောင့် လေးကန်စွာ လျှောက်သောခြေထောက်တွေက သခင့်အလိုကျ တွန့်ဆုတ်နေဆဲ။ အဆမတန် အခုန်မြန်လာတဲ့ နှလုံးကြောင့် နံရိုးတွေတောင် ကျိုးကြေတော့မတတ် ခံစားနေရဆဲ။

"လာပါပြီ နွေမောင်"

"ကိုဖြူသီးက မနည်းဆွဲခေါ်လာရတာ"

"ဟယ်...လက်ပြန်ကြိုးကြီးတောင် တုပ်လို့ဟယ်၊ အဲဒီ ကိုဖြူသီးကြီးက မလုပ်ကောင်း လုပ်ကောင်း"

ရှေ့မှ ရွာသားကို အသက်က နားကြပ်ထောက်စမ်းရင်း





နွေမောင် ဆိုတဲ့အသံကြောင့် နားကြပ်ကိုသိမ်း၊ မျက်လွှာပင့်ကြည့်သည်။ ဒီလူက နာမည်ကျော်သလောက် အရောင်အတိမ်းကလည်း တော်တာကိုး။ ကိုယ်က မျက်လုံးဝေ့ရှာပေမယ့် ဝေးဝေးလံလံ မရှာရဘဲ ဦးဖြူသီးက အသက်တို့ရှေ့ ခေါ်လာခဲ့ပါပြီ။

"ရှင်းရှင်း...သူက ရိုးရိုးချောင်းဆိုးတာပဲနေမှာပါ၊ ငါ စမ်းသလောက် ဘာမှမတွေ့ရဘူး၊ ပိုးသတ်ဆေးတစ်မျိုးနဲ့ ဆေးလ မျှလောက် ပေးပေါ့"

"အိုကေ...ပိုးသတ်ဆေးကိုတော့ ကို့(စ်)ပြတ်အောင် သောက်ရမှာကို သေချာပြောမှရမယ်"

ဆေးမှတ်တမ်းရေးရင်း ရှင်းရှင်းက ဆေးပါပေးသည့် ဘာဝန်ကို ယူတာမို့ အသက်ရှေ့မှ လူနာလှဲသည့် ကွပ်ပျစ်က အားသွားပြီ။

"ကဲ...ဒေါက်တာရေ၊ ဒီမှာ ဝရမ်းပြေးလေ၊ ကန်သင်းရိုးထဲ မနည်းကြိုးကွင်းပစ်ပြီး ဖမ်းရတာ၊ ထိုးပစ်စမ်းပါ၊ ဖင်လှန်ပြီး ဆေးနှစ်လုံးလောက်"

ဦးဖြူသီးက နောက်တော့ နွေမောင်ဆိုသူထံမှ



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးနော်"

ငိုသံပါကြီးကို ကြားရတော့ အသက်မှာ စိတ်မကောင်းနိုင်။ ဆေးမှတ်တမ်းသွင်းနေတဲ့ ရှင်းရှင်းက ဘယ့်နှယ်ရှိစဆိုတဲ့ အကြည့်မျိုးနဲ့ လှမ်းကြည့်တော့ အသက်မှာ ပခုံးသာ တွန့်ပြလိုက်ရသည်။ ဦးဖြူသီးကတော့ သူ့တူအား တုပ်လာသည့် လက်ပြန်ကြိုးကို ဖြုတ်ပေးရင်း

"ဘာလေးလေးနော်လဲ၊ နားကြပ်လေးနဲ့ ထောက်စမ်းခံရမှာများ မင်းက ရှုံ့တွန့်တွန့်နဲ့၊ ဒီမှာ ဘဘုန်းတူမလည်းဖြစ်၊ ကုသိုလ်လည်းရချင်လို့ဆိုပြီး ဒေါက်တာတို့က အခမဲ့လုပ်ပေးတာကို မင်းက တန်ဖိုးမထား ဘာမထားနဲ့"

"ကျွန်တော်က အဲဒီလိုသဘောမဟုတ်ပါဘူး လေးလေးရာ"

မျက်နှာအောက်စိုက်ထားရင်းက တိုးသဲ့သဲ့ပြောနေတဲ့ ရှေ့မှလူကို အသက်က ဒီအတိုင်း ကြည့်နေမိပါသည်။ လှိုင်းတွန့်ပါပုံရသော ဆံပင်တွေကို အုန်းမှုတ်ခွက်ပုံပြောရမလား၊ ရှေ့နောက်ဂငယ်ပုံ တတိတည်း ညှပ်ထားသည်။ အရပ်ကြီးက ရှည်ရသည့်





အထဲ အင်္ကျီက ဟိုးပဝေသဏီက အင်္ကျီမျိုး။ တစ်ပတ်ရစ် ရှပ်အင်္ကျီက လက်လည်းတို၊ ခါးကလည်း တိုတက်နေကာ အကွက်ကျဲပုဆိုးကျတော့ ဒူးဆစ်နားထိဝတ်ထားတာ ခပ်တိုတို ဖရိုဖရဲ။

"အေး…အဲဒီလို သဘောမဟုတ်ရင်လည်း ဝင်လှဲတော့၊ ဒေါက်တာ စမ်းသပ်တာကို အသာတကြည်နာခံ၊ ဒါပဲ"

ပါဝါပြခွင့်ရိုတုန်း ဦးဖြူသီးက တစ်ချက်လွှတ်အမိန့်ထုတ်သည်။ လွန်ဆန်၍မရတော့တာမို့ နွေမောင်က လက်ကြိုးပြေတာနှင့် ခုတင်ပေါ် တက်လှဲ၏။ ထိုအခိုက်မှာပဲ

"ဟင်…ရှင်"

အသံက အလန့်တကြား ထွက်ပေါ်လာတာမို့ နွေမောင်က ဖျတ်ခနဲ-မျက်လုံးဖွင့်အကြည့် ဖြူနုသွယ်နွဲ့သော ခန္ဓာကိုယ်လေးသည် လတ်ဆတ်သောရနံ့တစ်မျိုးကို သယ်ဆောင်၍ နွေမောင့်ရင်ဘတ်ပေါ် တအိအိပြိုလဲကျလာတာမို့

"ဟာ…လုပ်ကြပါဦးဟ၊ ဒေါက်တာ ဘာဖြစ်သွားတာလဲ"

"ဟဲ…ဟဲ့…အသက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်…အသက် မူးလဲသွားပြီ"

ဝရန်းသုန်းကား ခြေသံတွေ၊ အော်သံဟစ်သံတွေကြားထဲမှာ နွေမောင်က မလှုပ်မယှက် တောင့်တောင့်ကြီးလှဲရင်း သူ့ရင်ဘတ်ပေါ် ပြိုလဲကျလာသော သူမကြောင့်…

ရှက်လွန်း၍ သတိလစ်ချင်သူက နွေမောင်ကိုယ်တိုင်ပင်ဖြစ်ပါရစေတော့။

* * *



## အခန်း (၄)

"နောက်လှည့်မကြည့်နဲ့၊ ဟန်မပျက် ကားထဲဝင်ထိုင်"

လတ်ဆတ်သော ရနံ့တစ်မျိုးက ငွေခနဲ လူထံဝင်လာပြီးနောက်မှာ အမိန့်သံက နောက်ပါးမှာကပ်လျက်။

အသက် ရှူတ်ဖျားမှ အလန့်တကြား အာမေဋိတ်တောင်ထွက်သွားရသည်။ ရင်ထဲ ပူခနဲဖြစ်သွားတာက မသမာသူတွေလား။ ကိုယ့်ဆီက ဘာများလုယက်ဖို့လဲ။ အို…လိုချင်ရင် လုပ်စရာတောင်မလိုပါဘူး၊ အသက်တို့က ပါသမျှပေးရန် ပြင်ဆင်ပြီးသား။ ထို့ကြောင့်

"ရှင်လိုချင်တာ ပြောပါ၊ အသက် ပေးမယ်၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



လူကိုတော့ အန္တရာယ်မပေးပါနဲ့၊ အသက် ရှင့်ကိုမှတ်လည်း မမှတ်မိဘူး၊ မှတ်မိရင်တောင် တိုင်တာတွေဘာတွေ မလုပ်ပါဘူး၊ တကယ် ပြောတာပါ၊ ကတိ…ကတိ”

“ကျစ်…လျှာရှည်လိုက်တာကွာ”

နောက်ကလူမှာ ညည်းညူရင်း အသက်နံ့ကြားထဲ စူးခနဲ ဖြစ်သွား၍ သူမမှာ ခါးလေးကော့သွားရသည်။ နောက်မှလူကတော့ သွားကြားထဲမှ ထွက်သောအသံ ခပ်ကျိတ်ကျိတ်နှင့်

“ဟန်မပျက်ဝင်နော်၊ အော်မယ်ဟစ်မယ် မကြံနဲ့၊ ပြီးရင် ဟိုဘက်ထိုင်ခုံကိုပါ တစ်ခါတည်းပြောင်းထိုင်”

သူ ညွှန်ကြားတဲ့အတိုင်းပဲ အသက်က ခပ်မြန်မြန် နာခံပေးလိုက်သည်။ ဒီကွန်ဒိုကြီးရဲ့ ကားပါကင်က ဒီအချိန်ဆို ကားအဝင်အထွက် မရှိလောက်အောင် လူရိပ်လူခြည် ကျဲပါးသည်။ အသက်တို့ရဲ့ ဆရာလည်းဖြစ်၊ မိဘချင်းလည်း ရင်းနှီးနေသည့် ပရော်ဖက်ဆာကြီးထံ ဖေဖေတို့ လူကြုံပါးသောပစ္စည်းကို လာပို့လိုအပ်သော စာအုပ်တွေ မွှေနှောက်ငှားခြင်းဖြင့် အိမ်ပြန်နှိုန်ကျော်သွားတာပါ။ ဆရာကြီးကတော့ မေးရှာသား။





“အိမ်က ကလေးတွေကို ကားပါကင်အထိ ပို့ခိုင်းမယ် သမီး၊ ဒါမှမဟုတ် ဆရာ့သားကြီးကို အိမ်အထိ ကားမောင်းပို့ခိုင်းလိုက်မယ်လေ၊ သမီးကားကို ဒီမှာထားခဲ့၊ မနက်ကျမှ အိမ်က တစ်ယောက်ယောက်ကို လွှတ်ပြီးပို့ခိုင်းမယ်”

ပြုံးဖြီးဖြီးနှင့် ဆရာ့သားကြီးမျက်နှာကြောင့် လူက ကြက်သီးတွေဘာတွေထပြီး

“နေပါစေ ဆရာ၊ ဒီလမ်း ဒီလမ်းက သွားနေကျပဲ၊ အသက် သွားတတ်ပါတယ်”

ငြင်းခဲ့ပြီးကာမှ အဖျားတက်စရာအဖြစ်တွေနှင့် တိုးနေတာမို့…။ ကားက သိမ့်ခနဲ လှုပ်ရှားသွားတာကြောင့် အသက် စိတ်တွေက ထိတ်ခနဲ လှုပ်ရှားသွားရသည်။ ကားထဲ ဟိုလူဝင်ထိုင်မှန်းသိပေမယ့် ကားအတွင်း မီးလည်းမဖွင့်ရဲ။ ကားပါကင်ရဲ့ နံရံကပ်မီးရောင်တချို့ ကားထဲတိုးဝင်၍သာ ဘေးကလူ ဘယ်သို့ ဘယ်ပုံဆိုတာ သိရတာမျိုး။

စာကလေးသိုက်လို ပွယောင်းယောင်းအုံထူထူ ဆံပင်တွေက ကျေးကောက်စွာ ပခုံးနားအထိ ကျနေတာ ကားကားကြီး။



www.burmeseclassic.com

www.burmeseclassic.com



အကျီအမည်း၊ ဘောင်းဘီအမည်းနှင့် လက်ချောင်းတစ်ဝက်သာဖော်ထားသော လက်အိတ်ကလည်း အမည်းမို့ ထိုလူတစ်ကိုယ်လုံး နက်မှောင်နေ၏။

"မင်း…ခါးပတ် ပတ်ထားလိုက်"

ရိပ်ခနဲ လှည့်လာသော မျက်နှာကို အသက်က အမိအရလိုက်ငေးရင်း ကြောက်ရမှန်းမသိအောင် ကုပ်ချိထားတဲ့ မျက်ခုံးထူထူ၊ နှာတံရှိုးမြင့်မြင့်နဲ့ နှုတ်ခမ်းတွေ တင်းနေအောင်စေ့ထားပုံက လူကို အသက်ဝိညာဉ်နုတ်ယူသွားသည့်နှယ်။

ကားစက်နှိုးပြီး ဂီယာထိုးကာ ဝေါခနဲ ကွေ့ထွက်တော့မှ ရှေ့တိုင်အကွယ်မှ လူနှစ်ယောက်က ဒရောသောပါးပြေးထွက်ကာ ကားကိုတားရန် ကြိုးစား၏။ ထိုလူက ကားရှေ့ပိတ်ရပ်နေသူတွေကို ကွေ့မရှောင်ဘဲ တည့်တည့်ကြီး ခေါင်းတည်တိုးသွားတာကြောင့်

"အို…တိုက်ကုန်တော့မှာပဲ"

အသက်က အော်လည်းအော်၊ စတီယာရင်ပေါ် တင်ထားတဲ့ သူ့လက်ဖျံကို အားမလိုအားမရနှင့် ပိတ်ရိုက်ကာ





"ရှင် ဘယ်လိုလုပ်တာလဲ၊ ရှောင်လိုက်ပါ"

"မင်းပါးစပ်ကို ပိတ်ထား"

သူ့အသံက ဟိန်းခနဲထွက်လာကာ မေးရိုးတွေ ကားနေအောင် အံကြိတ်ရင်း ကားက ဝေါခနဲ ဦးမော့ပြေးထွက်သွားသည်။ ရှေ့ကနှစ်ယောက်ကလည်း ရပ်ပြီး ကြောင်ကြည့်နေတာမို့ တိုက်တော့မှာ အသေအချာ။ အသက်က ဆက်မကြည့်ရဲဘဲ မျက်နှာကို လက်ဝါးနှင့်အုပ်သည်။ ဒါပေမဲ့ ကားက ဘယ်အရာနှင့်မှ ဝင်မတိုက်ဘဲ

"ခွေးမသားတွေ…သူတို့အသား နာမှာကျတော့ သေအောင်ကြောက်တယ်"

ကြိမ်းဝါးသံ။ ကားက တုံ့ခနဲရပ်သည်။ ဒီတော့မှ အသက်က စိတ်အေးသွားက လက်ဖဝါးတွေကို ဖယ်ချမှ၊ ဝေါခနဲ အသံဆူး၍ ဘက်ဆုတ်သွားသော အသက်ကားနောက်မြီးသည် ဒီဘက်အားရပ်နေသူကို ဖင်ရမ်း၍ ဒုန်းခနဲ ဝင်ဆောင့်သည်။

"အမလေး…သေပါပြီ"

အသက်က ငယ်သံပါအောင်အော်တော့ သူက ပေစောင်း



www.burmeseclassic.com

www.burmeseclassic.com



စောင်းကြည့်ကာ ကျွတ်ခနဲ စုတ်သပ်ရင်း ကားကို ရှေ့ဆီသို့ ဝေါခနဲ ပြန်မောင်းထွက်၏။ ကားပါကင်ထဲကထွက်ပြီး လမ်းမပေါ် မောင်းလာတဲ့အထိ သူမမှာ ရင်တုန်တာမပြေသေးဘဲ

"ဒီမှာ…ရှင် အခုကားရပ်၊ ပြီးရင် ရှင်ဆင်းတော့၊ သွား… အလကားလူရမ်းကား၊ သူများကားပေါ် ဖွတ်တက်၊ ထင်သလို မောင်းပြီး လူတွေကိုတိုက်ပစ်တာ၊ အမှုပတ်စရာရှိရင် အသက်ကို ပဲ အမှုပတ်မှာ၊ ရှင်သိရဲ့လား"

"မင်း ဒီထက် အမှုပိုကြီးသွားမယ်နော်၊ ငါ့ကို လာမအော် နဲ့"

ကားကို အရှိန်တင်ပြီးမောင်းရင်း သူကအော်တော့ အသက် မှာ ရင်နှင့်မဆန့်အောင် ဒေါသတွေ ဖိနှိပ်ထားရင်း လူက ဆွေ့ ဆွေ့ခုန်မတတ်ဖြစ်ရကာ

"အော်မှာပဲ၊ အော်လို့မရရင် အခုပဲ ဝမ်းနိုင်းနိုင်းကို ဖုန်း ဆက်မယ်၊ ရှင် ကျွန်မကားနဲ့ လူတွေကို လိုက်သတ်နေပါတယ် လို့"

ချက်ချင်း အသက်က အိတ်ထဲမှဖုန်းကိုထုတ်ပြီး နံပါတ်





တွေနှိပ်တာ ကိုယ့်ကိုယ်ကို အမြန်ဆုံးလို့ထင်ထားပေမယ့်

"ဟိတ်…မင်းရပ်စမ်း အခု"

သူ့လက်တစ်ဖက်က အသက့်ဖုန်းကိုင်လက်ကို ပုတ်ထုတ် ပစ်တာက သူမထက်ပိုမြန်သည်။ ဖုန်းက ပုတ်ထုတ်ခံရတဲ့အရှိန် နဲ့ ကားကြမ်းပြင်ဆီ ဒေါက်ခနဲ ပြုတ်ကျသွားတော့ သပ်လျှိုထား သမျှ ဒေါသတွေက အသက်ငယ်ထိပ်ဆီ ရှူးခနဲ တက်ဆောင့်၏။

"ရှင် အခုကားရပ်စမ်း"

သူ့လက်မောင်းကို အားရှိသ၍ ပိတ်ထုပြီး အသက်က ကားရပ်ခိုင်းတုန်းမှာပဲ ကားကို သူက လမ်းဘေးတစ်နေရာဆွဲချ ကာ စက်သတ်ပစ်လိုက်တာဖြစ်၏။ မနည်းမနောကြီး တိုက်တွန်း ရမည်၊ မရလျှင် စိတ်တိုင်းကျ ထုရိုက်ပြီး ကားရပ်ခိုင်းပါမည်ဟု ကြံရွယ်ထားသော အသက်မှာ ရုတ်တရက် ကြောင်အသွားရတာ အမှန်။

ကားတံခါးဖွင့်ခြင်း၊ ကားပေါ်က ဆင်းခြင်းတွေကို သူက ကြမ်းကြမ်းရမ်းရမ်းကြီး ,လုပ်ဆောင်တာကိုလည်း အသက်က မျက်လုံးအပြူးသားနဲ့ လိုက်ကြည့်ရင်း ဒေါသတွေက လေပွေအမွှေ



www.burmeseclassic.com

www.burmeseclassic.com



ခံရသလို အခုကျတော့ ဘာမှမဖြစ်တော့တဲ့အတိုင်း။

"ဒီမှာ"

သူက ကားကိုကျောခိုင်းရပ်နေရာမှ ရုတ်တရက် ပြန်လှည့်လာပြီး လူကိုလည်းခေါ်သည်။ ဖွင့်လျက်သား တံခါးပေါ်လက်ထောက်ရင်း ကားတွင်းမီးကို ဖွင့်လိုက်တော့လည်း စိုးစိုးဇတ်ဇတ်။

"မင်း ကိုယ့်ကားကိုယ်မောင်းပြီး လိုရာကွာ၊ မသွားခင်တော့ ငါ့မျက်နှာကို သေချာကြည့်ပြီးမှတ်သွား၊ နောက်တစ်ခါတွေ့ရင် ရှောင်လို့ရအောင်"

ပြောချင်ရာပြောပြီး ဒေါ်နဲ့မောနဲ့ ဆောင့်ပိတ်ဟန်ပြင်တဲ့ကားတံခါးကို အသက်က ကိုယ်ကိုင်းပြီး လှမ်းတားရင်း

"ရှင့်အင်္ကျီရင်ဘတ်မှာ သွေးတွေ၊ ပြီးတော့ ရှင့်လက်ကလည်း သွေးတွေကျနေတယ်"

ဂျာကင်အနက်အောက်က ဝတ်ထားတဲ့ တီရှပ်အဖြူကရင်ဘတ်နေရာမှာ ကန့်လန့်စင်းကြီး ပြဲနေကာ သွေးတို့ရွဲရွဲစို၊ ဂျာကင်လက်ရှည်အောက်က လက်ချောင်းတွေမှ တစက်စက်ကျ





နေတဲ့ သွေးလာရာလမ်းကြောင်းဆီ အသက်မျက်ဝန်းတွေက ပိုက်စိပ်တိုက်ပြေးလွှားသွားပြီးမှ

"ရှင် ဒဏ်ရာဗလပွနဲ့၊ သွေးတွေအများကြီး ထွက်နေတယ်"

လင်းကျင်းသွားတဲ့ ကားမီးရောင်ကြောင့် ဖြူဖျော့နေသော သူ့မျက်နှာကိုကြည့်ပြီး

"ရှင် သွေးထွက်လွန်သွားလိမ့်မယ်၊ နီးရာဆေးခန်းတစ်ခုကို..."

"မလိုဘူး၊ မင်း သွားတော့"

"အို...မသွားပါဘူး"

ခက်တာပဲဆိုသည့် အကြည့်နဲ့ သူကကြည့်ပေမယ့် နာကျင်ခြင်းကြောင့် မဲ့ခနဲဖြစ်သွားတဲ့မျက်နှာကို အသက်က မြင်တာကြောင့်

"ဒီလောက် ဒဏ်ရာတွေနဲ့လူကို အသက် မထားခဲ့နိုင်ပါဘူး"

အသက်က ဒီဘက်တံခါးဖွင့်ဆင်းကာ သူ့ထံ ပြေးသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူက အသက်ရှိရာဘက်ဆီ လှည့်ရပ်ရင်း

"ငါ ဘယ်ဆေးခန်းမှမသွားဘူး၊ မင်း ငါ့ကိုထားသွားလိုက်ပါ၊ မင်း ဒီနေရာက ထွက်သွားတော့"

နင်တာက သူ့။ ပြီးတော့ ဦးအောင် ချာခနဲလှည့်ထွက်ဘဲ့ ခြေလှမ်းတွေက မနိုင်မာဘဲ ယိုင်ခနဲဖြစ်သွားသည်။ အသက်က သူ့လက်မောင်းဆီ အပြေးသွားတွဲရင်း

"ရှင် ကျွန်မအိမ် လိုက်ခဲ့ပါ၊ ရှင့်ဒဏ်ရာတွေပျောက်သွားအောင် အသက်..."

စကားပင် မဆုံးလိုက်။ အိခနဲ လေးလံလာတဲ့ သူ့ကိုယ်ကြီးအား တွဲရင်း ကားနောက်ခန်းဆီ တိုးကြိတ်ထည့်သည်။ ထို့နောက် ဒတ်(ရှ်)ဘုတ်ထဲ ဆောင်ထားလေ့ရှိသည့် ပဝါပိုင်းတွေကို နှစ်ထည်ဆက်ချည်ပြီး သူ့ရင်ဘတ်ဒဏ်ရာ သွေးတိတ်စေရန် ခပ်ကျပ်ကျပ် စည်းပေး၏။ အားလုံးပြီးမှ အသက် ထိုနေရာက ကားမောင်းထွက်ခဲ့သည့် ဦးတည်ရာအရပ်က သူမအိမ်ကြီးဆီသို့ ဖြစ်သည်။

အပြန်လမ်းတစ်လျှောက် ကားနောက်ကြည့်မှန်မှ ငြိမ်သက်





နေသည့် သူ့ကား အကဲခတ်ရ၊ အိမ်ပြန်ရောက်ချင်စောဖြင့် ကားကို အမြန်ဂရုစိုက်မောင်းရနှင့် သောကပွေခဲ့ရသော ထိုညက..

နှစ်သက်ကြည်ဟုခေါ်သော သူမဘဝမှာ ဒါ ပထမဆုံး။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဒီလိုထွက်သွားလို့ ဘယ်ဖြစ်မလဲ၊ အသက် ရှင့်ကို မနည်းကြီး ကုထားရတာနော်၊ ရှင် သတိလစ်နေတုန်း သွေးထွက်လွန်လို့ သွေးသွင်းဖို့တွေ ဘာတွေနဲ့ ဒီမှာ ဗျာများထားရတာ၊ ရှင် အဲဒီလိုကြီး ထွက်မသွားပါနဲ့"

အသက် ပြောနေသမျှ မကြားတာလား၊ ကြားရက်သားနဲ့ အေးတိအေးစက်နေတတ်တာ သူ့ဒီနိုင်းပဲလား မသိ။ ဝတ်လက်စအကောင်ကို တစ်ချက်မတွန့်ဘဲ ဝတ်သွားကာ ပခုံးတွေလျှောချလျက် အင်္ကျီကို ရင်ဘတ်နှစ်စဆွဲချုပ်ပုံက တကယ့်လူကောင်းအတိုင်း။

"မင်းဝတ်ပေးထားတဲ့ ဒီရုပ်အင်္ကျီကို ကြုံရင် ကိုယ်ပြန်



www.burmeseclassic.com

www.burmeseclassic.com



ဆေးမယ်"

ကြည့်စမ်း။ စေတနာကို အရာမထင်လုပ်သွားပုံက။ ကျောရော ရင်ဘတ်မှာပါ ပြတ်ရှရာနဲ့မို့ ဒဏ်ရာတွေချုပ်ရင်း အသက်က ဖေဖေ့ရှပ်အသစ်တစ်ထည် ပေးဝတ်ခဲ့တာပါ။ သူက ဂျာကင်ကို စမတ်ကျအောင် ပြုပြင်ရင်း ခန်းဆီးထူတွေချထားသည့် ပြတင်းပေါက်နားသွားကာ ခန်းဆီးစကို အသာလေးလှစ်၍ အပြင်ဘက်သို့ ချောင်းကြည့်သည်။ ပြီးမှ ခုတင်ဆီပြန်လာကာ အကျအန ထိုင်၍ ဖိနပ်စီးနေသော သူ့ရှေ့သို့ လွှားခနဲရောက်သွားရင်း

"ဒီမှာ...ရှင် အသက်ကို လူလို့ရောထင်ရဲ့လားဟင်"

သူက ရှေ့တင်ရပ်ကာ ခါးထောက်မေးနေသည့် နုနုနယ်နယ် ဒေါက်တာမလေးအား မော့ကြည့်သည်။ အိမ်နေရင်းမို့ အဖြူခံပေါ် အရုပ်ကြီးပါသည့် တီရှပ်ပွပွကြီးနှင့် ခြေဖျားထိဖုံးသော ချည်သောင်းဘီရှည်၊ ပခုံးထောက်ရုံ ရှေ့နောက်တစ်တိုင်းတည်း ဆံပင်ပျော့ပျော့တွေကိုစုပြီး ငယ်ထိပ်နား စည်းထားတဲ့သူမက ဒေါက်တာနဲ့မတူဘဲ အထက်တန်းကျောင်းသူတစ်ယောက်နှင့် ပိုတူနေ၏။





"မေးနေတာ ရှင် ကြားရဲ့လား"

"အင်း...လူလို့ထင်လို့ မင်းနဲ့ကိုယ် စကားပြောလို့ရတာလေ၊ မင်းက ကိုယ့်ကိုယ်ကို လူလို့မသတ်မှတ်ဘူးလား"

"ဘာရှင့်"

ဒေါသထွက်တိုင်း မျက်လုံးတွေ ပိုပြူးလာလိုက်၊ နှုတ်ခမ်းတွေစုကာ ပါးတွေပိုဖောင်းလာသော သူမမျက်နှာကိုကြည့်ရင်း သူက ဟက်ခနဲ ရယ်တော့

"ရှင် ရယ်စရာမလိုဘူး၊ ရှင့်ကိုကုပေးထားတဲ့ ဆရာဝန်တစ်ယောက်ရဲ့စကားကို နားထောင်သင့်တယ်၊ ရှင့်ပရက်ရှာက ချော်မယ်မဖြစ်သေးဘူး၊ ပြီးတော့ ဒဏ်ရာကျက်ရင် ချုပ်ရိုးဖြည်ဖို့၊ အနာသက်သာအောင် ဆေးထိုးဆေးသောက်လုပ်ဖို့"

"ကိုယ့်အသက် ကိုယ့်ခန္ဓာကို မချစ်တဲ့သူမျိုး မင်းတွေ့ဖူးလား"

"ရှင်နဲ့မတွေ့ခင်ကတော့ မတွေ့ဖူးဘူး၊ အခု ရှင့်တွေ့ပြီ လောကမှာ မြန်မြန်သေချင်တဲ့သူက ဒီရုပ်မျိုးပါလားလို့ တွေးမိတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



မရည်ရွယ်ဘဲ အသက်က မျက်စောင်းပါထိုးပစ်တဲ့အထိ အခြေအနေတွေက ရင်းနှီးသလို ဖြစ်သွားခဲ့သည်။ ဘာကြောင့်ရယ် မှန်းမသိ၊ စတွေ့ကတည်းက လူရမ်းကားဒီနိုင်းအပြည့်၊ သွေးသံ ရွဲရွဲနှင့်လူတစ်ယောက်ကို အသက်က အိမ်ခေါ်လာခဲ့သည်။

"မီးမီးရယ်…လူဆိုးလား၊ လူကောင်းလားလို့ မေးစရာ မလိုအောင် သူ့ရုပ်က လူဆိုးပါလို့ ဝန်ခံထားပြီးသားကို၊ တွေ့တဲ့ နေရာ ထားခဲ့ပေါ့၊ ဒါမှမဟုတ်လည်း ဆေးရုံကားခေါ်ပြီး တင်ပေး ရင် ပြီးတဲ့ဥစ္စာ"

စခေါ်လာတဲ့ ညကတည်းက အတူနေ မေချိုက တဖျစ် တောက်တောက် ပြောမဆုံး။

"ကိုယ့်မှာ မိဘေးဖဘေးနဲ့၊ အရေးအကြောင်းဆို မေချိုလည်း ဘာမှမလုပ်တတ်တာ မီးမီးအသိ၊ အိမ်ကဟာမလေးတွေကလည်း နတ်တော်ဖွင့်နိုင်းမှ၊ မျက်ရိပ်မျက်ခြည်ပြတာတောင် မေချိုကြီး မျက်စပစ်တယ် ထင်ချင်ထင်တဲ့ဟာ၊ အိမ်မှာက မိန်းမသားတွေ ချည်းပဲကို"

"သူက အသက်တို့ကို ဒုက္ခပေးမယ့်ပုံ မပေါ်ပါဘူး





ပြီးတော့ သတိလစ်နေတာပဲ၊ လူ့အသက်တစ်ချောင်း ကယ်ကောင်း ပါတယ် မေချိုရယ်၊ ဒီခြံထဲ မိန်းမချည်းပဲနေတာမဟုတ်ပါဘူး၊ အဘထော်ရော၊ ဘီကျေးရော ရှိနေတာပဲ"

သူ့ဒဏ်ရာတွေကို ဆေးထည့်။ အနာသက်သာအောင် ဆေးထိုးပေး။ သူ့သွေးအမျိုးအစားခွဲပြီး ရှင်းရှင်းတို့ဆီမှာ သွေးရှာ နိုင်းရနှင့် အိပ်ရေးလည်းပျက်သည်။ အလုပ်ရှုပ်သည့်ကြားထဲ မေချို ရဲ့ ပွပင်မှုကို လျှော့ချပေးရသေးသည်။ ပြောမယ့်သာပြောတာ၊ မေချိုမှာ သူမကိုစိတ်မချ၍ သူ့အခန်းထဲ ဝင်လျှင်ဝင်ချင်း၊ ထွက် လျှင်ထွက်ချင်း တကပ်ကပ်လုပ်နေရတာလည်း ပင်ပန်းရှာပါသည်။

"အဘထော်က အသက်ကြီးပြီ၊ ချည့်နဲ့နဲ့၊ ဘီကျေးက တစ်နေ့တစ်နေ့ ပန်းပင်ရေလောင်း၊ ပေါင်းသင်ပြီး အရက်သောက် ပြီး စိတ်ကူးနေတဲ့ကောင်ကိုများအေ၊ ညည်းမို့ အားကိုးတကြီး"

မဲ့ရွဲ့ပြောတတ်တဲ့ မေချိုက အခုလို သူပြန်တော့မှာသိ လျှင် ဝမ်းသာအားရတောင် ကပြီးပြန်နိုင်းဦးမှာပင်။ ဝမ်းမသာနိုင် ဘဲ ရှိနေတာက သူမဆိုလျှင်။

"မင်း ကိုယ့်ကိုမကြောက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



*

ဖိနပ်စီးပြီး ထရပ်တော့ သူ့အရပ်အမြင့်ကြီးကို အသက်က မော့ငေးရင်း

"ရှင့်အသက်ကို ကယ်ထားတဲ့သူလေ၊ ဒုက္ခပြန်မပေးဘူးလို့ ယုံကြည်တဲ့သဘောပါ"

"အပွန်း"

သွားတွေပေါ်အောင် ရယ်တာက ရွဲ့သလို၊ လှောင်သလိုပေမယ့် ကြည့်လို့ကောင်းတာအမှန်။ သွားတွေက ရှည်ရှည်စိစိလေးနှင့် သွားစွယ်ချွန်လေးတွေပါ ပါတာကြောင့် သူ့မျက်နှာက သူတစ်ယောက်တည်းနှင့် သူ မဟုတ်တော့သလို။

"မင်းက စကားတော်တော်တတ်တာပဲ"

"အံမယ်"

အသက်က မျက်စောင်းရှယ်ရင်း

"စိတ်ထဲထင်သလို ပြောတာလေ၊ မရဘူးလား"

"ရပါတယ်၊ မင်းစိတ်ချမ်းသာသလိုပေါ့၊ ရှေ့လျှော[illegible] ပြီး ဒီထက်ပိုစိတ်ချမ်းသာချင်ရင် လမ်းမှာ ငါ့ကိုတွေ့ရင်တော[illegible] မျက်နှာလွှဲသွားလိုက်၊ မပတ်သက်မိစေနဲ့"





တစ်ခုခုတုံ့ပြန်ဖို့ အသက်က နှုတ်ခမ်းပြင်ပေမယ့် စကားလုံးတို့ ထွက်ကျမလာ။ သူက ပင့်သက်တစ်ရှိုက်ကို အားအဖြစ်ရှိုက်သွင်းရင်း အသက်ကိုစိုက်ကြည့်သော အကြည့်တွေက ရူးရူးရှရှ။ တစ်ကိုယ်လုံး ထွင်းဖောက်မတတ် ကြည့်တတ်သည့် သူ့မျက်ဝန်းတွေက တစ်ခဏချင်းမှာပဲ ရယ်မြူးရိပ်သမ်းသွားလိုက်၊ ဆွေးရိပ်ဖြင့် ရီဝေသွားလိုက်နှင့် အရောင်တွေအမျိုးမျိုး ပြောင်းလဲနေတာကို အသက် လိုက်မမီခဲ့ချေ။

"တကယ်ပြောတာ၊ မင်းအပေါ်မှာ ပထမဆုံးထားမိတဲ့ ကိုယ့်စိတ်ရင်းနဲ့ပြောတာ၊ မပတ်သက်ပါနဲ့၊ သူစိမ်းတွေလို နေကြအောင်"

သူက ဘောင်းဘီအိတ်ထဲ လက်ဖျားလေးတွေချည်း စုံ[illegible]ညှိပြီး အသက်ထံမှ အကြည့်လွှဲတော့ သူ့မရင်ထဲ လှိုက်ခနဲ[illegible]သွားရ၏။ ဘာဖြစ်တာလဲလို့ မဆန်းစစ်ရမီ ရင်ထဲ နေရာဝင်ယူ[illegible]တာ ဝမ်းနည်းခြင်းများ။

"ရှင်က အန္တရာယ်တွေ ဝိုင်းခံနေရတဲ့သူလားဟင်"

"အန္တရာယ်တောထဲ တိုးဝင်နေတဲ့သူမို့ပါ၊ မင်းကို ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တင်တယ်လို့ မပြောချင်ဘူး၊ တချို့တချို့သော စကားတွေက နှုတ်ဖျားက မပြောဘဲ ရင်ထဲမှာသိမ်းထားတာမို့ တန်ဖိုးရှိပါတယ် မိန်းကလေး''

သူက မိန်းကလေးလို့ခေါ်တော့ အသက်မှာ နှုတ်ခမ်းလေးပွင့်၊ မျက်ခုံးလေးပင့်ပြီး အံ့ဩသွားကာ

''အသက်နာမည်က…''

ပြောခွင့်မရလိုက်။ သူက အိပ်ခန်းဘေးပြတင်းပေါက်မှ တစ်ဆင့် မြေပြင်ဆီ လွှားခနဲ ခုန်ဆင်းသွားတာ လေပွေမွှေသွားတဲ့အတိုင်း။ အသက်က အပြေး ပြတင်းပေါက်ဆီသွားပြီး ခြံထဲငုံ့ကြည့်သည်။ ဂျာကင်အနက်၊ ဘောင်းဘီအနက်၊ လည်သာလက်အိတ်အနက်တွေနဲ့ သူက အသက်ကို ကျောခိုင်းရင်းနဲ့ လက်တစ်ဖက်ထောင် နှုတ်ဆက်ကာ ခြံဝင်းအုတ်တံတိုင်းပေါ်သို့ သစ်ကိုင်းတွေမှတစ်ဆင့် ရောက်သွားပြီး

အုတ်တံတိုင်းပေါ်မှ သူ့အရိပ် ပျောက်သွားတဲ့အထိ သူ့က ငေးကြည့်နေခဲ့တာ တမေ့တမော။ အနက်ရောင်သူနှင့် ညအမှောင်ထဲ တွေ့ခဲ့ရသည်။ ခပ်နက်နက်ဒဏ်ရာတွေကို ကုသ





ပေးရတဲ့ အသက်ထံ သူက နက်ရှိုင်းသော ညှို့ငင်ခြင်းများနှင့် ထားခဲ့သည်ဆိုပါက။

သူ့ ညှို့ငင်ခြင်းတိုင်းက အဆိပ်တွေဖြစ်လေမလား။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

“အိုကေသွားပါပြီ၊ ပေးထားတဲ့ဆေးတော့ မှန်မှန်သောက်ရယ်နော် အစ်မ၊ ဒီရက်ပိုင်းအတွင်း အစားအသောက်ပါ ဆင်ခြင်၊ ဒါဆို အဆင်ပြေသွားမှာပါ၊ ဆေးကို ကောင်တာမှာယူလိုက်နော်”

ဒါ နောက်ဆုံးလူနာ။ အသက်က လက်မှနာရီကို ကြည့်မိတော့ ညနေ ခြောက်နာရီခွဲ။ အပြင်မှာ ဒီညစာစားကြဖို့ ရှင်းရှင်းနှင့် မနေ့ကတည်းက ချိန်းထားကြသည်။ အသက်ရဲ့ ဆေးခန်းပိတ်ချိန်က ပုံမှန်ဆို ညနေ ငါးနာရီ။ ဆေးခန်းကြီးတစ်ခုကို စိတ်ကြိုက်နေရာရွေးဖွင့်ထားပြီး ဒီဆေးခန်းမှာပဲ အထူးကုဆရာဝန်ကြီးတွေကို အကူအညီတောင်းကာ ထိုင်ခိုင်းထားတာမို့ အသက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းက တစ်နေရာတည်းတင် ရောဂါအလိုက် သက်ဆိုင်
ဆရာဝန်နှင့် ပြသနိုင်တာမျိုးမို့ နှစ်ဆယ့်လေးနာရီပတ်လုံး လူ
ကားလှသည်။

သွေးစစ်သည့် ဓာတ်ခွဲခန်းတွေ၊ ဓာတ်မှန်၊ အာထ
ဆောင်း အစုံရှိသဖြင့် အမျိုးစုံဖွင့်ထားပေမယ့် ကိုယ့်ဆေး ခန်း
လျှင် ပြန်ရုံသာ။ တစ်ခါတစ်ရံ ဆေးရုံမှာ နိုက်ဂျူတီတွေ ဆက်တိုက်
ကျတာမျိုးကြုံလျှင် ဆေးခန်းဝန်ထမ်းတွေဆီ ဖုန်းလှမ်း
ကိုယ့်လူနာ ရှိမရှိ မေးပြီး မရှိလျှင် အိမ်မှာအနားယူလို့
ရလေ သည်။ ရှင်းရှင်းတို့ကတော့ ဒီလိုမဟုတ်ဘဲ နာမည်
အထူးကု ဆေးခန်းကြီးမှာ အချိန်ပိုင်းဝင်ထိုင်ရတာမို့

"မိန်းမ...နှင့်လို ကိုယ်ပိုင်ဆေးခန်း မဟုတ်ဘူး
လာချင်တဲ့အချိန်လာ၊ ပြန်ချင်တဲ့အချိန် ထပြန်လို့မရဘူးဟဲ့၊ ဆ
ကြီးတွေကြား မျက်နှာငယ်ပါတယ်ဆိုမှ နင် ပြီးတဲ့အချိန် လာ
နဲ့၊ ငါ့ဂျူတီက ခြောက်နာရီခွဲမှ"

အသက်က အချိန်တစ်နာရီခွဲလောက်ပို၍ လူနာတွေ
ကြည့်ပေးနေခြင်းပါ။ အခုတော့ နောက်ဆုံးတစ်ယောက်လည်





ပြီမို့ ဗိုက်ဆံအိတ်ထဲက မှန်ဝိုင်းလေးထုတ်ကြည့်။ ကုပ်ထောက်
ဆံဝင်ပျော့အိအိတွေကို နားသယ်စပ်နားက ကျောက်စီကလစ်
နဲ့ တပ်ထားတာကို ဘေးဘယ်ညာလှည့်ကြည့်ပြီးမှ ရှင်းရှင်း
ဖုန်းခေါ်ရန်အပြင်

"မမ"

"ဩော်...နော်မူ၊ ပြော"

"ပြန်ဖို့ပြင်နေပြီလား"

"အင်း...လူနာတွေကုန်နေပြီ မဟုတ်လား"

"ဟုတ်...ဒါပေမဲ့ ဗိုက်အောင့်တဲ့ ပေးရှင့်တစ်ယောက်
ာက်နေလို့"

"ဗိုက်အောင့်တာ၊ ဒါဆို ဆရာကြီးရှိတာပဲ၊ လွှဲပေးလိုက်
"

ဝမ်းဗိုက်ပြဿနာတွေ၊ အစာအိမ်နဲ့အူလမ်းကြောင်းကေ့စ်
အတွက် သီးသန့်အထူးကုတွေရှိတာမို့ အသက်က လမ်းညွှန်
ရှင်း တစ်ပါတည်း စားပွဲမှ မတ်တတ်ထရပ်သည်။ သို့ပေမယ့်

"ဟို...ပေးရှင့်က မမနာမည်ပြောပြီး မမနဲ့ပဲပြမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကွန်ပလိန်းတက်နေလို့''

အသက်က မျက်ခုံးတန်းလေးတွေကို ဆတ်ခနဲကုပ်ချိုကာ စဉ်းစားပြီးမှ

''ဒါဆိုလည်း ဝင်နိုင်းလိုက်လေ၊ စမ်းသပ်ပြီးမှ ဆရာကြီးဆီ လွှဲပေးတော့မယ်''

ပြောရင်း ခုံမှာပြန်ထိုင်သည်။ ရှင်းရှင်းနဲ့ ချိန်းထားတာ ခြောက်ခွဲမို့ ဖုန်းတော့ဆက်ထားမှလို့ တွေးကာ အသက်က ရှင်းရှင်းဆီ ဖုန်းခေါ်သည်။

''ဟဲလို…မိန်းမ၊ ငါ မပြီးသေးဘူး''

''မပြီးသေးတာပဲ ကောင်းတယ်၊ ငါလည်း ထွက်မလာဖြစ်သေးဘူးလို့ ပြော…''

အသက်စကားက ဒီနေရာတင် ရပ်သွားသည်။ လတ်ဆတ်သော သစ်စိမ်းရနံ့က လူကို ဖျတ်ခနဲ ပခုံးလာတို့သလို ခံစားရသည်။ ဒီရနံ့ကလို့ သတိတရတွေးရင်း ရင်ခုန်သံက အမိန့်မရဘဲ ဝုန်းဒိုင်းကြဲခုန်၏။ ဘုရားရေ…ဒါ သူ…သူများလား။

အသက်ကတွေးရင်း နောက်သို့မလှည့်အား။ ဖုန်းကြိုး



…ထားရက်က ရှင်းရှင်းထံမှ

''ဟဲလို…ဟဲလို…၊ ဟဲ့…အသက် ကြားလား''

အသံတွေကြားရလည်း မတုံ့ပြန်နိုင်။ လူက ငုတ်တုတ် …သွားတဲ့အတိုင်း။ ထိုအခိုက်မှာပဲ အသက်ဘေးသို့ အရိပ်တစ်ရိပ် …ခနဲ ရောက်လာပြီး

''ပြန်မထူးနိုင်ရင် ဖုန်းချလိုက်လေ''

ကြည့်စမ်း…ဒီလူ ဆိုပြီး စိတ်ထဲက ရေရွတ်ပေမယ့် …ယ် မျက်ဝါးထင်ထင် တွေ့ရတဲ့အခါ မယုံနိုင်သလိုလိုဖြစ်ရ…ည်။ လူနာခုတင်ပေါ် ဗွေ့ခနဲခုန်တက်ရင်း ဝါးနေတဲ့ ပီကေကို …င်းအကြီးကြီး မှုတ်ပစ်လိုက်ပုံက တကယ့်စိတ်အေးလက်အေး။ …က်မှာ သူ့ကို ငေးတိငေးကြောင် ကြည့်နေဆဲမို့ သူကပဲ အသက် …ထဲမှ ဖုန်းကိုဆွဲယူပြီး ပါဝါအော့(ဖ်)လုပ်ပစ်ကာ

''မင်း နေကောင်းရဲ့လား''

''အဲဒါ အသက်မေးရမှာ၊ ရှင့်ဒဏ်ရာတွေ ပျောက်သွား…းဟင်''

အညိုရောင် လည်ကပ်ဆွယ်တာ လက်ရှည်ပေါ် ခေါင်း





www.burmeseclassic.com

www.burmeseclassic.com



စွပ်ပါသည့် ဝေ့(စ်)ကုပ်က အနက်ရောင်မှိုင်းမှိုင်း။ အနက်ရောင် ဂျင်း(န်)က ပေါင်တွေ ဒူးတွေနားမှာ ပြဲရာစုတ်ရာ ဒီဇိုင်းတွေပါတာ မျိုးဖြစ်ပြီး လက်မှာက လည်သာလက်အိတ်တွေ စွပ်ထားသည့် သူ့တစ်ကိုယ်လုံးအား အသက်က ဝေခနဲကြည့်ပြီး မေးခွန်းထုတ် သည်။

"ကောင်းသွားပါပြီ၊ နှစ်ပတ်လောက်ရှိပြီဆိုတော့ ဒဏ်ရာတွေလည်း ကျက်ကုန်ပြီ"

"ရှင်က လူဆိုးလားဟင်"

"ဒါ မင်းအသိချင်ဆုံး မေးခွန်းလား"

ဆတ်ခနဲ ခေါင်းညိတ်ပစ်ဖို့ သူမရင်ထဲ ဝန်လေးသွား သည်။ သူနှင့်တွေ့လျှင် မေးမည်ဟု အားခဲထားလေသမျှ တကယ် တမ်းကျတော့ သူမမှာ သဲထဲရေသွန်။ ပဟေဠိများစွာနှင့် ကိုယ့် ထံရောက်လာသည်။ ပြန်ထွက်သွားတော့လည်း ပဟေဠိတွေနှင့်ပဲ ဖြစ်ကာ သူမမေးကာမှ သူ မဖြေချင်မှာလည်းစိုး၏။

"ကိုယ်က လူကောင်းတော့မဟုတ်ဘူး၊ ဒါပေမဲ့ လူဆိုး စစ်စစ်ကြီးလည်း မဖြစ်သေးပါဘူး"





ခုတင်ပေါ် လက်စုံထောက်ရင်း သူက ဝန်ခံပြီးမှ

"ရှင် ဗိုက်အောင့်တယ်ဆိုတာကရော"

"မဟုတ်ဘူး၊ မင်းကိုတွေ့ချင်လို့"

တအံ့တသြ အသက်က မော့ကြည့်တော့ သူက နှာခေါင်း ဖွန့်ကာ မချိုမချဉ်ပြုံးရင်း

"ဒီနားကို ကိစ္စလေးရှိလို့လာတာ၊ ရှေ့က ဆရာဝန်တွေ နာမည်ချိတ်ထားတဲ့ အထဲမှာ မင်းနာမည်ကိုတွေ့လို့ ဝင်လာတာ၊ မင်းကို ဒါလေးပေးချင်လို့"

မျက်စိရှေ့ ရောက်လာတာ အနက်ရောင် ဖုန်းပြားပြား လေး။

"အသက်မှာ ရှိ…"

"သိတယ်၊ အဲဒီဖုန်းက မင်းရဲ့ပါစင်နယ်၊ ဒါက မင်းနဲ့ ကိုယ့်ရဲ့ သီးသန့်ဆက်သွယ်မှုပေါ့၊ ယူထားလိုက်၊ ဒီထဲမှာ ကိုယ့် ရဲ့ဖုန်းနံပါတ် ထည့်ပေးထားတယ်"

လက်ဖဝါးလေးတွေကိုဆွဲယူပြီး ဖုန်းကို ထည့်ပေးသည်။ ထူတန်းစိမ်းညို့တဲ့ မျက်ခုံးအောက်က ကြည်လင်သော မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ နှာတံကစင်းပြီး အဖျားနား ကော့တက်သွားကာ နှုတ်ခမ်းက ထူပေမယ့် ပုံကျတာမို့ ပြုံးတာပဲဖြစ်ဖြစ် ရယ်နေတာမျိုးပဲဖြစ်ဖြစ် စုထွေးနေတာကို သူက တမ်းတမ်းမက်မက် ငေးနေမိ၏။

လောကထဲ ဝင်လာကတည်းက နှစ္ခ့မရသည့်ဘဝထဲမှာ နှလုံးသားက ခပ်ရင့်ရင့် ကြီးပြင်းလာခဲ့သည်။

"အချစ်ဆိုတာ လူကို တရိရိတိုက်စားတဲ့ ခြတစ်မျိုး"

အဘိမ္မော ဖွင့်ခဲ့သမျှ သူမနဲ့တွေ့သောအခါ အကုန်ပြောင်းပြန် လှန်ပစ်သလို။ ချောသော သွက်သော ထက်သော မိန်းမတွေကို သူ မြင်ဖူးကြုံဖူးပါသည်။ သို့ပေမယ့် အပြစ်ကင်းသော မိန်းမျိုး၊ နူးညံ့ခြင်း၊ ဖြူစင်ခြင်းတွေပါ အချိုးတကျ ပေါင်းစပ်ထားသော မိန်းမမျိုးကို သူတစ်သက်မှာ တစ်ခါပဲ မြင်ဖူးတွေ့ကြုံဖူးကာ ထိုတစ်ယောက်က သူမ ဖြစ်နေသောအခါ...

"တစ်ယောက်နဲ့တစ်ယောက် ချစ်ကြပြီဆိုတာ ကာဗာယူကြတာ၊ အထင်ကြီးမှု အားကိုးမှုတွေမပါဘဲ အဲဒီအချစ်ဆိုတာ ဘယ်တော့မှ ပေါ်မလာနိုင်ဘူး၊ ဘယ်လောက်ချောပါတယ်ပြောပြော လမ်းဘေးက မျက်မမြင် သူတောင်းစားတစ်ယောက်ကို





ဘယ် သူကမှ မချစ်နိုင်ဘူး၊ ဘယ်ချစ်မလဲ၊ အခြေခံအချက် အထင်လည်း မကြီးဘူး၊ အားကိုးလို့လည်း ရမှမရတာ"

လူတကာက တဖွဲ့တနွဲ့နှင့် လေးနက်ခမ်းနားကြောင်း အချစ်ကို အမျိုးမျိုးပုံဖော်နေကြသည့်အထဲ သူက ထိုသို့ ပြက်ရယ်ပြုခဲ့ဖူးသည်။ ထိုအကြောင်းတို့က ယခင်၌ ဤသို့ရှိခဲ့ပေမယ့်...။

သူက ခုတင်ပေါ်မှ ဖျတ်ခနဲ ခုန်ဆင်းတော့ သူမကလည်း ဆရပ်တာ ချက်ချင်းဖြစ်ပြီး

"အသက်...ရှင့်နာမည်ကို မသိသေးဘူး"

"လိုလို့လား"

"အို...ဖုန်းပြောဖို့ဆိုရင် နာမည်လေးတော့ ပေးသိရမှာပေါ့၊ ရှင် အသက်ကို ပဟေဠိတွေ သိပ်မဖွက်ပါနဲ့၊ မိတ်ဆွေဖြစ်ကြပြီဆိုကတည်းက ဘာမဆို ပွင့်ပွင့်လင်းလင်းပေါ့"

"ကိုယ်က မိတ်ဆွေမဖြစ်ချင်ဘူး"

"ဘယ်လို"

ဒေါသစွက်သော အကြည့်က မျက်ဝန်းတွေ ဖျတ်ခနဲ အရောင်လက်သည်။ သူက နီညိုခံပေါ် အပွင့်နုပ်လေးတွေပါသော



www.burmeseclassic.com

www.burmeseclassic.com



ထက်အောက်ဆင်တူ မြန်မာဝတ်စုံလေးနှင့် ချပ်ကပ်နေသော ခန္ဓာကိုယ်ဆီ အကြည့်ဝေ့သည်။ ရင်သည် ရင်အတိုင်း၊ ခါးသည် ခါးအတိုင်းရှိရာက လှပသော ကောက်ကြောင်းတွေကို အားရအောင်ငေးရင်း ခေါင်းမော့ရယ်ကာ

"လူမှုဆက်ဆံရေးမှာ အဲဒီလို စည်းတစ်ခုထားလိုက် တာကိုယ့်အတွက်တော့ ဘောင်ကျဉ်းသွားတယ်ထင်တာပဲ၊ မိတ်ဆွေ၊ သူငယ်ချင်း၊ ချစ်သူ၊ မုန်းသူကနေ တခြားအရာတစ်ခုကို ပြောင်းလဲပစ်ဖို့ အချိန်အများကြီးမှ လိုမှမလိုတာလေ၊ ကိုယ်ထင်တာ စိတ်ချင်းတိုက်ဆိုင်နေရင် ပြီးတာပဲ"

"ဒါ ရှင့်အထင်လေ၊ မှန်တယ်လို့ ယူဆလည်း ထားပါ၊ နာမည်လေးသိရဖို့အရေး လူမှုဆက်ဆံရေးတွေ ဘာတွေနဲ့ ကိုင်ပေါက်ဖို့မလိုဘူး၊ မပြောချင်ဘူးလို့ ရှင့်စတိုင်အတိုင်း ကျင့်သုံးလည်းဖြစ်တာပဲ၊ ကျွန်မကလည်း ခေါင်းညိတ်ပြီး ဒီတိုင်းကျန်ခဲ့မှာ၊ မယုံမရှိနဲ့"

အသက်က ကိုယ့်ဖုန်းနဲ့ ကားသော့ကို အိတ်ထဲကောက်ထည့်ပြီး





"ရှင်ပေးချင်တာ ပေးပြီးပြီမဟုတ်လား၊ အကူအညီလိုရင် သတိရပေါ့၊ ကဲ…ကျွန်မ သွားတော့မယ်"

အိတ်ကို ပခုံးထက်တင်ပြီး ခြေလှမ်းစလှမ်းသည်။ တလိပ်လိပ် လိုက်တက်လာသောဒေါသကြောင့် သူ့ကို ကျောခိုင်းထားခဲ့တာတောင် ရင်ထဲ ဘယ်လိုမှမခံစားရတော့။

ကိုယ့်အနားကို မခေါ်ဘဲ ရောက်လာသည်။ မနှင်ဘဲ ပြန်သွားတာ။ မျှော်နေတုန်းကတော့ ရောက်မလာနိုင်ဘဲ အခုမခေါ်ဘဲ ပေါ်လာတော့လည်း မပြေပြစ်သော ဆက်ဆံရေးတွေနှင့်။

ဒီလူက ဘယ်လို အသက်ကို သဘောထားနေသလဲ မသိတော့။ မသိခြင်းတွေထဲမှာ သူ့ညို့ချက်မှ အသက် ရုန်းထွက်ရန် ကြိုးစားခဲ့ပေမယ့်

"နေဦး"

"အို…ဘယ်လိုဖြစ်နေတာလဲ"

နောက်ပါးက လက်မောင်းရင်းကို ဆွဲလှည့်၍ လူကအရှိန်နှင့် တစ်ပတ်လည် ပြန်ပါသွားတာက သူနှင့်မျက်နှာချင်းဆိုင်။ ရင်ဘတ်ချင်း ထပ်ညှပ်ပြီးတော့မှ အသက် ဖျတ်ခနဲပျော



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တော့ သူ့မေးဖျားနှင့် သူမနှုတ်ခမ်းစွန်းက မထိတထိလေး တိုးကပ်တိုက်မိသွားပြီးမှ

"ကိုယ့်နာမည် ကြယ်လို့ မှတ်ထားပေးပေါ့"

"ကြယ်"

ရယ်မြူးရိပ်သမ်းနေသော မျက်ဝန်းတွေနဲ့ ခေါင်းညိတ်ပြရင်း

"မင်း ရန်စွာတဲ့ပုံက ချစ်စရာကောင်းတယ်"

"တီ"

သူ့မျက်မှာ ဖျတ်ခနဲ တည်သွားသည်။ အသံပေးသည့် လက်မှနာရီအား တစ်ချက်ကြည့်ရင်း

"ကိုယ် အချိန်မရတော့ဘူး၊ ဒီတစ်ပတ်အတွင်း ကိုယ် မြန်မာနိုင်ငံမှာမရှိဘူး၊ မင်းကို လာနှုတ်ဆက်တာ"

"ဖုန်းဆက်မှာလား"

မျှော်လင့်တကြီး အသက်က မေးပေမယ့်

"အင်း...ကိုယ်အားရင်ပေါ့"

ခပ်သွဲ့သွဲ့ပြုံးပြတဲ့ အပြုံးတွေက နှစ်သိမ့်ခြင်းလား။ အသက်





စေခွဲမရခင်မှာပဲ ဇေ့(စ်)ကုပ်ခေါင်းစွပ်ကို နဖူးစပ်နားအထိ ဆောင်းရင်း သူက ဆေးခန်းထဲမှ ထွက်သွားသည်။ အသက်ကသာ ချန်ထားခံခဲ့ရပေမယ့် သူ့လို မပြတ်သားနိုင်သူမို့ ဆေးခန်းပြတင်းပေါက်ဆီ အပြေးသွားကြည့်မိတော့

ပေါ်တီကိုအောက် ခြေအချ သူ့ရှေ့ထိုးဆိုက်လာတဲ့ အနက်ရောင် ကားမည်းမည်းလုံးလုံးကြီးက လျှောခနဲ တံခါးပွင့်သွားပြီး သူ ဝင်ရောက်သွားပုံက ဖျိုးဖျိုးဖျတ်ဖျတ်။

သာမန်လူတွေထက် ထူးခြားနေသော ဒီလူက ဝိဇ်ဇာစတားတစ်ဦးဦးလား။ ဒုစရိုက်လောကသားလား။ ဝေခွဲမရခြင်းတွေကြားမှာ ကြယ်က နှစ်သက်ကြည်ရဲ့ အတွေးတွေထဲ နေရာယူစိုးမိုးထားတာ တစ်ရာ ရာခိုင်နှုန်းအပြည့်။

*   *   *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"မပတ်သက်စမ်းပါနဲ့ဟယ်၊ ဒီလိုလူမျိုးနဲ့ အရိပ်ချင်း [illegible]ဆောင် ခွေးရောယှက်တင် မနေသင့်ဘူး အသက်၊ သူကြည့်ရ [illegible]သာ ဥပဒေမဲ့ရမ်းကားပြီး ဟိုဒီတိမ်းရှောင်နေတဲ့ပုံစံမျိုး"

ရှင်းရှင်းက အားပါးတရ ဝေဖန်ရင်း ဘေးနားမှာ အင်းအဲ [illegible]လုပ်သော သူငယ်ချင်းမကို အားမလိုအားမရဖြစ်ကာ

"ဟဲ့…ငါပြောတာ ကြားလား"

ဆိုပြီး ပခုံးချင်း ပစ်တိုက်လိုက်သေးသည်။

"အေးပါဟယ်"

"နင့် အေးပါဟယ်ကလည်း အားမရှိလိုက်တာ၊ သို့



www.burmeseclassic.com

www.burmeseclassic.com



နင့်ဆီရော ဖုန်းဆက်သေးလား”

“ဟင့်အင်း…နှစ်ပတ်ရှိပြီ၊ ဘာအဆက်အသွယ်မှ မ
ဘူးဟ”

“အသက်”

ခပ်ထန်ထန်ခေါ်ပြီး ရှင်းရှင်းတူ လှမ်းလက်စ ခြေလှမ်း
ကိုရပ်သည်။ အသက်က ကိုယ့်အတွေးနှင့်ကိုယ်မို့ ဆေးရုံထွက်
ပေါက်နားထိ ခေါင်းကြီးငိုက်စိုက်နှင့် လျှောက်သွားပြီးမှ ဆေးနား
မှာ ရှင်းရှင်း ပါမလာမှန်းသိသွားသည့်ပုံနှင့် ဟိုဒီ ခေါင်းလည်
အောင်ရှာရင်း

“ရှင်းရှင်း”

“ငါ နောက်မှာကျန်ခဲ့တာတောင် မသိဘဲ ကျော်သွားပုံ
ပေါက်ရင် ဒီပုဂ္ဂိုလ်ရဲ့ ဖမ်းစားနိုင်စွမ်းကတော့ တော်တော်မြင့်မေ
ပုံပဲနော်”

“ကလေးလည်း မဟုတ်ဘဲ စိတ်မကောက်စမ်းနဲ့ ရှင်းရှင်
ရာ၊ လာ…သွားရအောင်၊ ငါ ဒီည ဆေးခန်းထိုင်ရမှာ၊ အိမ်ပြ
ရေမိုးချိုးရမှာနဲ့၊ မေချို အတင်းကျွေးတဲ့ညစာကို ဝင်အောင်စား





မှာနဲ့ဆိုရင် အချိန်မနည်းလိုရမှာ”

“လာညည်းပြမနေနဲ့၊ ဒါ လည်ပတ်နေကျ တစ်နေ့တာ
ပဲလေ၊ ပြီးတော့ နင့်ကို စိတ်ကောက်တာမဟုတ်ဘူး၊ စိတ်ပူနေ
တာ သိရဲ့လား”

ကလေးလို အပြစ်ကင်းလှတဲ့ အသက်မျက်နှာလေးကို
ကြည့်ပြီး ရှင်းရှင်းက ပြောသည်။ ဆေးရုံမှာ ဝါ့ဒ်တစ်ခုတည်း
တာဝန်ကျတာမို့ ဒီရက်ပိုင်းအတွင်း အသက်တို့ မှုမမှန်တာ ရှင်းရှင်း
အကဲခတ်၍ရသည်။

လူနာတွေနှင့် ထိတွေ့ဆက်ဆံရတိုင်း အပြုံးချိုချိုနှင့် မပင်
မပန်း ပြေးလွှားဆေးကုသပေးတတ်သော အသက်ကို သူမတို့
အမြဲ အတုယူရသည်။

“နင့်ဖြင့် အိပ်ရေးပျက်လည်း အမြဲလန်းနေတာ၊ စိတ်
ကြည်တာလည်း မတွေ့ရဘူး၊ ဘာဆေးတွေစားသလဲ အသက်”

အသက်က ရွှတ်နောက်နောက်နှင့်

“ငါ့က ဗိုက်ဆီး အမြင့်တယ်”

နာ့စ်တွေ စန္ဒတာကြီးတွေဆို အသက်ကိုတွေ့တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



"တို့ရဲ့အားဆေးလေး လာပြီဟေ့"

တရင်းတနှီး နောက်ပြောင်ရတဲ့အထိ အသက်က တာဝန်ကျရာမှာ စိတ်ရောခန္ဓာပါ နှစ်မြှုပ်နိုင်တဲ့သူ။

"ဆရာဝန်ဆိုတာ လူ့အသက်ကိုတင် မကဘူး၊ လူတွေရဲ့စိတ်ကိုပါ ကုသပေးနိုင်ရမယ်လို့ ငါခံယူထားတာ၊ သူတို့စိတ်မှာ ငါတို့ကို ယုံကြည်အားကိုးမှုရှိရင် သေချာတယ်၊ ကုသမှုရဲ့ ရာနှုန်းတစ်ဝက် အောင်မြင်တာပဲ၊ ဆရာဝန်ပါဆိုမှ အိပ်ချင်မူးတူးရုပ်နဲ့ စိတ်မကြည်တဲ့ဒီဇိုင်းဆို လူနာတွေက သေပြီဆရာပေါ့ဟဲ့"

လူကြီးလေးလို ဩဝါဒခြွေတတ်တာလည်း အသက်ပါပဲ။ ထိုထိုသော ရှင်လန်းတက်ကြွမှုတွေဟာ ကြယ်ဆိုတဲ့ လူနဲ့တွေ့ပြီးမှ ရုတ်ခြည်းငေးငိုင်သွားတတ်တာ နှစ်ကိုယ်ခွဲပစ်တဲ့အတိုင်း။

"ငါပြောတာ ကြားရဲ့လား အသက်"

ကားပါကင်မှာ ဘေးချင်းယှဉ်ရပ်၍ ကားသော့ဖွင့်သည့်တိုင် ရှင်းရှင်းက စိတ်ပူလို့ကောင်းဆဲ။

"နှင်ပြောပုံအရဆို သူက စိတ်ရှိတော့လာ၊ စိတ်မရှိတော့





ဘူးနဲ့၊ နှင်က ဘယ်လိုအနေအထားအထိ နိမ့်ဆင်းသွားပြီလဲ၊ တွေးမိရဲ့လား အသက်"

"ငါက သူ့ဒုက္ခရောက်နေမှာစိုးတာ"

"သြော်...သူ ဒုက္ခရောက်နေရင် နှင်က သွားကယ်ချင်ဖြစ်တာပေါ့၊ ဟမ်...သူတော်ကောင်းမကြီးရဲ့"

စိတ်တိုလာလျှင် ခြေမြန်လက်မြန်ရှိတတ်သော ရှင်းရှင်းက အသက်လက်မောင်းကို ဖြန်းခနဲ ပိတ်ရိုက်ကာ အသက် ဖွင့်ထားသော ကားတံခါးကိုပါ ပြန်ပိတ်တာ ဆောင့်ဆောင့်အောင့်အောင့်။

"နှင်ကလည်း ရှင်းရှင်းရယ်"

"နှင်ကလည်း လုပ်မနေနဲ့၊ နှင့်စိတ်ထဲက အဲဒီလူကို ထုတ်ပစ်စမ်းပါ၊ ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ်နင်းလျှောက်သွားမယ်ဆိုတောင် ကျောခင်းပေးချင်တဲ့လူတွေ တစ်ပုံတစ်ပင်ကြီးကို ဒီဝရမ်းပြေး မိုက်ရူးရဲကျမှ"

"အဲဒီလိုလည်း ဟုတ်ချင်မှ ဟုတ်မှာပါ"

"ဟဲ့...အဲဒီလိုမဟုတ်ရင် မိကောင်းဖခင် သားသမီးလို ဟာတွေပေါ့၊ နိုးကြောင်နိုးဝှက်တွေ့ရအောင် နှင့်ကို မိဘတွေက



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ချယ်ထားတာလည်းမဟုတ်၊ အခု ဒီကောင်လုပ်နေပုံက နင် ရှိပြီးသားတန်ဖိုးတောင် အနိမ့်ဆုံးအထိ ဆွဲချသွားပုံပဲ''

''ကဲပါဟယ်၊ သူလည်း သူ့အကြောင်းနဲ့သူ ရှိမှာပေါ့၊ ဖုန်းဆက်မယ်ပြောပြီး အဆက်အသွယ်မရတော့ ငါက စိုးရိမ်တဲ့ သဘောပါ၊ ဒီထက် ဘာမှမပိုဘူး၊ ဟုတ်ပြီလား''

ရှင်းရှင်းက ပွင့်ဖတ်လွှာလေးလို နူးညံ့လှန်းသည့် အသက် အား သိမ်းကျုံးကြည့်တာ စိတ်မချခြင်းများစွာနဲ့ပါ။ ငယ်သူငယ် ချင်းတွေ မဟုတ်ပေမယ့် ဆေးကျောင်းရောက်ကတည်းက သိခဲ့ ကြတာမို့ အသက်ရဲ့ စိတ်ထားနူးညံ့ခြင်းတွေကို အတွင်းသိ အစင်းသိ။

နူးညံ့ပေမယ့် အသက်က ဘယ်အခါမှ မတွေဝေခဲ့၊ ရောဂါအမည်တပ်ရမှာပဲဖြစ်ဖြစ်၊ ရွေးချယ်ခွင့်တွေကြုံတိုင်းမှာပဲ ဖြစ်ဖြစ် ပြတ်သားတတ်တာချည်းပင်။

''ဘဝမှာ မလိုချင်တာကို ခေါင်းခါခွင့်ရှိတယ်၊ လိုချင် တာတိုင်း ပိုင်ဆိုင်ခွင့်မရတာတော့ အရှည်အချင်းနဲ့ဆိုင်တာပေါ့ ဟာ''





အမြဲ ခေါင်းမော့သော ဒဿနတွေနှင့် အသက်က ဒီ တစ်ယောက်နဲ့ကျမှ ခေါင်းငုံ့တွေဝေနေတာကို သိလေ ရှင်းရှင်းက အသည်းတယားယားဖြစ်လေ။

''နင့်စိတ်ထဲက ကြယ်ဆိုတဲ့လူကို ထုတ်တော့နော်၊ ကြားလား အသက်''

တဖွဖွမှာပြီး ကားပေါ်ကို စီးတက်တဲ့အထိ ရှင်းရှင်းက စိတ်မချနိုင်သည့်ပုံနှင့်။ အသက်ကတော့ ခေါင်းမညိတ် ခေါင်းမခါ ဘဲ နှုတ်ဆက်ကာ ကားမောင်းထွက်လာပြီးမှ

''တီ..တီ...တီ''

စိမ်းသက်သော ဖုန်းမြည်သံ။ ထိတ်ခနဲ ခုန်သွားသော နှင်ဘတ်ကို အသာထိန်းရင်း ရောက်တာကြာပေမယ့် အခုမှ အထမဆုံးမြည်လာသော ဖုန်းကိုဖွင့်ရင်း

''ဟဲလို''

''× × ×''

ဖုန်းနားထောင်နေသော အသက်နှုတ်ခမ်းတွေ ပြုံးကျ သွားပြီး အပြုံးကို တော်တော်နှင့် လက်စမသိမ်းနိုင်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



"အင်း…အသက် အခုပဲလာခဲ့မယ်လေ"

"× × ×"

"ဟုတ်…သိတယ်"

"× × ×"

"အိုကေ…နောက် ဆယ့်ငါးမိနစ်အတွင်း တွေ့ကြတာပေါ့"

အသက်က ယူထားသော လမ်းကြောအား ဂငယ်ကွေ့ကွေ့ချရင်း ပြန်ဦးတည်တာ အိမ်အပြန်လမ်းနှင့် ဆန့်ကျင်ဘက်အရပ်ဆီ။ အခုတင် မပတ်သက်ဖို့ပြောတဲ့သူက ပြောပြီး မနားတတ်တဲ့သူက သူမ ဖြစ်နေတာကြောင့်…။

မောင်မင်းကြီးသား အသက်ရှည်ဦးမည်။

* * *



## အခန်း (၈)

လမ်းချိုးလေးကို ကွေ့ဝင်လိုက်တာနှင့် လမ်းကျဉ်းလေးတဆုံးမှာ ကျယ်ပြန့်သော လမ်းမကြီးအား ရှေ့မှာမြင်နေရသည်။ လမ်းမကြီးရဲ့ တစ်ဖက်ခြမ်းမှာ စက်ရုံလို ပိုထောင်ကြီးတွေရဲ့ ခေါင်းတိုင်ကနေ အငွေ့တလူလူထွက်နေတာ တွေ့ရ၏။

ဒါ စက်မှုဇုန်ဆိုတာ သိသည်။ လူသွားလူလာ ကင်းပြတ်သွန်းတာလည်း မျက်မြင်။ အသက်က သူရှိနေမယ်ဆိုသည့် ဆောဘီဝဲယာအား ဟိုဒီအကြည့်ဝေ့ရင်း ကားကို ဘီးလှိမ့်ရုံမောင်းလာခဲ့၏။ ဆောနှစ်ဖက်စလုံးက လူနေအိမ်ခြေမရှိ။ လယ်ကန်သင်းရိုးပြတ်တွေလိုဖြစ်နေကာ အလေ့ကျပေါက်နေသော သစ်ပင်အချို့



www.burmeseclassic.com

www.burmeseclassic.com



အုပ်တွေက သိပ်မကွာဝေးဘဲ လမ်းဘေး၌ရှိနေသည်။

"လမ်းများ မှားပြီလား"

စိုးစိတ်နှင့်တွေးမိပြီးမှ ချက်ချင်းခေါင်းယမ်းသည်။

"မဟုတ်ပါဘူး၊ လမ်းမကြီးဖွဲ့ဆင်းတဲ့ လမ်းသွယ်ဆိုတာ ဒီတစ်လမ်းတည်းပဲ ရှိတာကို"

တစ်ယောက်တည်း ရေရွတ်ကာ ကားအရှိန်ကို သိသာစွာ နှေးကျစဉ်

"အမေ့"

ရုတ်တရက် ကားရှေ့ပေါ်လာတဲ့ အညိုရောင် အရိပ်တစ်ရပ်။ ဘရိတ်ကို ယောင်နင်းပြီးမှ သေချာကြည့်တော့

"ကြယ်"

"ဒီနေရာက မြန်မြန်မောင်းတော့"

ကားထဲ သိမ့်ခနဲဝင်ထိုင်တာနှင့် အမိန့်တစ်ရပ် ချမှတ်ပြီးသား။ အသက် မောင်းထွက်တာကိုပင် သူက စိတ်မရှည်သလို ဂီယာပြောင်းထိုးကာ လီဗာကို အသက် ခြေခုံပေါ် ထပ်ညပ်ဖိနင်းတော့





"အ"

ထူထဲတဲ့ ဖိနပ်ခွာကြီးအောက်မှာ အသက်ခြေခုံက မွမွကြေသွားသလား ထင်ရသည်။ နာကျင်မှုကြောင့် အော်သံထွက်သွားသလို ကားကလည်း ဝေါခနဲ ခောင့်ထွက်သည်။

ထိုအခိုက်မှာပဲ နောက်နားမှ ဖုန်တွေသောသောထအောင် အပြင်းမောင်းလာတဲ့ကားက အနက်ရောင်ဆပ်(ဖ်)အမြင့်ကြီးနှင့် အစိမ်းနှင့်အဖြူနှောထားသည့် ဂျစ်ကားတစ်စီး။

"တောက်...ခွေးသားတွေ"

ကြယ်က ရိုင်းရိုင်းစိုင်းစိုင်း ဆဲရေးပစ်သလို ကြမ်းကြမ်းရမ်းရမ်း လုပ်ပစ်ရန် ဝန်မလေး။ ကားက လီဗာဖိနင်းထားတဲ့ အရှိန်နှင့် လမ်းမပေါ် ဝေါခနဲ ပြေးတက်သွားသည်။

"အား...ကြယ်၊ ကားတွေ"

ဘေးနှစ်ဖက်မှ လာနေသော ကားနှစ်စီးက ဘာလုပ်လို့ လုပ်ရမှန်းမသိ။ အသက်တို့က လမ်းကြောင်းပေါ် ကန့်လန့်ဖြတ်ပြီး ပြေးတက်သွားသလို ဖြစ်နေတာမို့ အသက်က မျက်ဝန်းတွေ မှိတ်ချရုံသာ တတ်နိုင်သည်။ ကိုယ့်ကား ကိုယ့်လက်ထဲမှာရှိနေပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မောင်းရတဲ့အဖြစ်မှမဟုတ်တာ။

"ပွမ်…ပွမ်"

"တီ"

ကားနှစ်စီးက ဟွန်းသံမျိုးစုံပေးပြီး ရပ်ခိုင်းပေမယ့် ကြယ်က ကျွိခနဲ အသံထွက်တဲ့အထိ အံကြိတ်ကာ ကားလမ်းမကို ဖြတ်ကျော်ပစ်ပြီး ဟိုဘက်လမ်းသွယ်ထဲ အရှိန်နှင့် ကားက ခုန်ကျော်သွား၏။

"ကျွိ"

ဘရိတ်ဆွဲသံ၊ ကားဘီးနှင့် ကတ္တရာလမ်း ပွတ်ဆွဲသံတွေက မျက်လုံးဖွင့်ကာ နောက်လှည့်ကြည့်တဲ့အထိ လန့်တဲ့စိတ်က မပြယ်။ အသက်ရှူနှုန်း မမှန်သေး။ ကွန်တိန်နာတစ်စီးနှင့် ဆလွန်းကားတစ်စီးက ခေါင်းချင်းဆိုင်ရပ်ကာ နောက်မှာ လိုက်လာမည့် ကားတွေကို လမ်းပိတ်ထားသလို ဖြစ်သွား၏။

ကားပေါ်က ဆင်းလာတဲ့လူတွေနှင့် သူမတို့ကား နောက်မြီးဆီ လှမ်းကြည့်ပြီး ရေရွတ်ပြောဆိုနေပုံက မေတ္တာစကားတော့ မဖြစ်နိုင်။ ကြယ်က နောက်ကြည့်မှန်ထဲမှ ကျန်ခဲ့သော ထိုမြင်ကွင်း





အား ကြည့်ရင်း ဟက်ခနဲရယ်ကာ

"အဟွန်း…ကျန်ခဲ့ပြီ၊ ခွေးတွေလိုပဲ၊ သွားလေရာ အနံ့ ခံပြီး လိုက်တတ်တဲ့ အကျင့်တွေကို ဖျောက်ပေးဦးမှ"

"ရှင့်ခြေထောက်တွေ လက်တွေ ရမ်းကားတတ်တဲ့ အကျင့်ကိုလည်း ဖျောက်ဦး ကြယ်"

ခပ်ဆတ်ဆတ်လေသံနှင့် ပြောပစ်သည်။ ဒီတော့မှ သူမ ခြေထောက်ပေါ် တင်ထားသည့် သူ့ခြေထောက်ကို ဖယ်ပေးတော့ အသက်ခြေခုံပေါ် သူ့ဖိနပ်ခွာရာကြီးက ထင်းနေအောင် ကျန်ခဲ့၏။

"ဆောရီး"

"အဲဒီအကျင့်ကိုလည်း ဖျောက်ဦး၊ ရှင်လုပ်ချင်တာလုပ်ပြီးမှ ဆောရီးပြောတတ်တာ၊ ဆောရီးလုပ်တိုင်း ပြေသွားမယ့်ကိစ္စ မို့သလို မကျေနိုင်တဲ့ ကိစ္စတွေရှိတယ်ဆိုတာ သတိရ"

"အဟား…မကျေနပ်ချက်တွေ တော်တော်များနေပုံပဲ"

အရှိန်နှုန်းမြင့်၍ မောင်းလာသဖြင့် အတော်ခရီးရောက်ခဲ့ပြီဖြစ်သော ကားကို အသက်က လမ်းဘေးမှာ ထိုးချရပ်ပစ်သည်။ သူကတော့ စောစောက အသက်လုပြေးလွှားခဲ့တဲ့သူ မဟုတ်သလို။



www.burmeseclassic.com

www.burmeseclassic.com



ကူရှင်ကို တစောင်းမှီတော့ အသက်ဘက် မျက်နှာမူထိုင်သလို ဖြစ်သွားကာ

"ပြောပါဦး၊ မင်းရင်ထဲက မကျေနပ်တဲ့ သယ်စာတ တွေအကြောင်း"

"ပြောရမှာမဟုတ်ဘူး၊ ကျွန်မက ရှင့်ကိုမေးရမှာ"

"ကိုယ့်ကို"

"ဟုတ်တယ်"

အသက်က ဆောင့်ခနဲ သူ့ဘက်လှည့်ထိုင်သည်။ ပါးရိုးပေါ် ဝဲခနဲကျလာသည့် ဆံပင်တို့အား နားရွက်နောက် ဖြစ်သလို ထိုးထည့်တော့ မျက်နှာဖူးဖူးလေးက ထင်းခနဲပေါ်လာသည်။ ဒေါသတွေ တနင့်တပိုးဖြစ်တိုင်း ချစ်စရာကောင်းသည့် မျက်နှာလေးအား ကြယ်က ခပ်ထွေထွေပြုံးကာ ငေးကြည့်နေရင်းက 'ပြော' ဟူသော သဘောဖြင့် မေးဆတ်ပြသည်။

"ရှင် ကျွန်မကို ဘယ်လိုသဘောထားနေလဲ၊ ရှင် ဒုက္ခရောက်တိုင်း ကူမယ့်ကယ်မယ့်သူလို့ထင်ပြီး ရှင် လှမ်းခေါ်နေတာ မဟုတ်လား"





"ကိုယ် ဒုက္ခရောက်နေတယ်လို့ မင်းကို ဘယ်သူပြောလဲ"

နှုတ်ခမ်းတို့ကို ကျကျနနမဲ့ကွေးပြီး ဟွန့်ခနဲ အသံပြုရင်း

"ရှင့်နောက်ကို လိုက်လာကြလို့ ကျွန်မကားပေါ်တက်ပြီး သေပြေးရှင်ပြေး ပြေးလာရပြီမဟုတ်လား"

"အဲဒီလူတွေက မင်းနောက် လိုက်လာတယ်လို့ မထင်ဘူးလား"

"ဘာ...ဘာပြောတယ်"

အသက်က ဆတ်ဆတ်ခါနာသွားသလို ဒေါသနှင့် သူ့ကို စိမ်းစိမ်းရှုရှု စိုက်ကြည့်ရင်း

"ဒီမှာ...ကျွန်မ အသက် နှစ်ဆယ်ကျော်ပြီ၊ သူများနောက်ယောင်ခံလိုက်ဖူးတာ၊ သေပြေးရှင်ပြေး ပြေးရတာ တစ်ခါမှ မရှိခဲ့ဖူးဘူး၊ ရှင်နဲ့ကျမှ"

"အဲဒါကြောင့်လည်း မင်းကို လမ်းတွေ့ရင်တောင် မနှုတ်ဆက်ပါနဲ့လို့ ငါပြောခဲ့တာပေါ့၊ အဲဒီလို အန္တရာယ်အရေးတွေ ကြုံမြင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ရှင် ဘာလို့ချိန်းသေးလဲ"

"မင်း ကားလဲဖို့ကိစ္စ ပြောချင်လို့"

"ဘာ...ဘာပြောတယ်"

"မင်းကားနံပါတ်ကို သူတို့ ခြေရာခံမိသွားပြီလေ၊ မင်းအတွက် အန္တရာယ်ရှိတယ်"

ပြောသူက အေးဆေးသလောက် ကြားရသူက မူလောင်လွန်းလှ၏။

ဒေါသတွေ မချိမဆန့် ထုပ်ပိုးသိမ်းဆည်းထားရသလို သူမ မျက်နှာလေးက ချက်ချင်း ကြေးနီရောင်သမ်းတက်လာကာ

"နေပါဦး၊ အဲဒီ သူတို့ဆိုတာကရော ဘယ်သူတွေလဲ၊ ပြီးတော့ ကျွန်မက ဘာအမှားမှမလုပ်ထားဘဲ ဘာအန္တရာယ်ကို ကြောက်နေရမှာလဲ"

"မင်း ငါနဲ့ပတ်သက်မိတာ မင်းရဲ့မဟာအမှားပေါ့၊ ပြောတဲ့အတိုင်းလုပ်ပါ၊ ဒီကားကို ငါ့သူငယ်ချင်းက ယူလိမ့်မယ်၊ မင်းအတွက် ကားတစ်စီး သူ စီစဉ်ပေးမယ်၊ ငါ ဒီမှာပဲ ဆင်းနေခဲ့တော့မယ်"





သူက ပြောပြီးပြီးချင်း ကားတံခါးဖွင့်ဆင်းသည်။ အသက်ဘလည်း သူလိုပင်။ နောက်ကျန်မနေဘဲ ထပ်ကြပ်မကွာလိုက်ဆင်းကာ ကားခေါင်းကို ကွေ့ပတ်ပြေးပြီး ကျော်နိုင်းသွားသောသူလက်မောင်းကို ဆွဲလှည့်၏။

"ဟ...ဘာလဲ"

"နေရာတကာ ရှင်စီစဉ်တဲ့တိုင်း နာခံရအောင် ကျွန်မကခွေးတပည့်မဟုတ်ဘူး"

"ငါ့တပည့်ဆိုရင်လည်း ဒီလို ပြန်ပြောခွင့်ရမှာ မဟုတ်ဘူး မင်းနေရာမှာ တခြားလူဆိုရင် ငါ မျက်နှာလွှဲမိသွားမှာမသက်ကြည်၊ သွားပါတော့၊ မင်းနဲ့ငါ လမ်းခွဲမှ..."

"မခွဲနိုင်ဘူး"

ကိုယ့်အမိပ္ပာယ်နှင့်ကိုယ် အော်တာဖြစ်ပေမယ့် သေးကပြောရင်တော့ ဘယ်လိုသဘောဆောင်မယ်မှန်း မသိ။ အသက်ကအံသီးနှစ်ဖက်ဆုပ်ကာ ကျုံးအော်ပစ်ရင်း

"ရှင် ဘယ်လိုလူစားလဲ၊ ပြောစမ်းပါ၊ လူဆိုးကနေလူကောင်းဖြစ်အောင် ကျွန်မ ဥပဒေဘောင်အတွင်းက ကူညီမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ပြေးလွှားနေရမယ့်အလုပ်မျိုး……

"ပြေးလွှားနေရတာက ငါ့အနာဂတ်မှာ မပါတဲ့ အစီအစဉ်ကြောင့် နှစ်သက်ကြည်"

အသက်ဘက် တည့်တည့်လှည့်ရပ်ပြီး ပြောပုံက ပြတ်သားခြင်းများစွာ လွှမ်းခြုံထားသော နိုင်မာတည်ကြည်ခြင်းများနှင့်။ သူ တကယ်ပြတ်သားသောအခါ ပေါက်ကွဲခြင်းတွေနှင့် ဝုန်းဒိုင်းကြဲနေရသော အသက်မှာ ငြိမ်ကျသွားရ၏။

"ငါ့ရည်မှန်းချက်က အောင်မြင်သွားတာ ကြာပြီ၊ မင်း မေးတဲ့အတိုင်း ဖြေခဲ့ဖူးပါတယ်၊ ငါ လူဆိုးမဟုတ်သလို လူကောင်းလည်းမဖြစ်ဘူးလို့၊ အခြေအနေတစ်ရပ်ကြောင့် ငါ ဆိုးချင်ဆိုးရမယ်၊ ဒါပေမဲ့ ဆိုးခဲ့သမျှ ပြည့်ဖုံးကားချဖို့ ငါ တတ်နိုင်တယ်"

ပြောလက်စ စကားကိုတန့်၍ သူမမျက်နှာကို အပေါ်မှ စီးမိုးကြည့်သည်။ နူးညံ့ခြင်း၊ မြတ်နိုးတမ်းတခြင်းတွေ ရောပြွမ်းနေတဲ့ သူ့အကြည့်မှာ အသက်က အဓိကမိသွားသလို နှစ်ဦးကြား လေပြည်တိုးသံသဲ့သဲ့လေးပဲ ရှိနေပြီးမှ

"ငါသွားမယ့် လမ်းကြောင်းကနေ နောက်ပြန်လှည့်…





…မယ့် အကြောင်းတရားတွေရှိနေလို့"

ဖြစ်သလို စုစည်းထားသော ဆံပင်တွေကို သူက …ကြောင်းမဲ့သပ်တင်ရင်း

"ငါနဲ့ပတ်သက်ဖူးတဲ့ မင်းမှာ ငါ့ကြောင့် စွန်းထင်းသွား…လိုချင်လို့၊ မင်းကို အထိအနိုက်မခံစေချင်ဘူး၊ ဘာအန္တရာယ် …မျှတစ်မှုန်တောင် မတင်စေချင်ဘူး၊ အဲဒါတွေကို ခွဲခြမ်း…ဖြာကြည့်တော့ ငါ မယုံကြည်တဲ့၊ ငါမလိုချင်တဲ့ အချစ်ဆို… မင်းကြောင့် ဖြစ်လာခဲ့တာဆိုရင်……"

ပုစွန်ဆီရောင်သမ်းသော ညနေခင်းမှာ သူမမျက်နှာပေါ် …တစ်ခင်း ဖျတ်ခနဲ ပျိုးသွားသလို ပန်းနုရောင်လွှလွှ ဖြတ်ပြေး…။ မျက်လွှာချကာ အသက် ခေါင်းငုံ့လိုက်ပေမယ့် ကြယ်က …လိုက်မာန်ပါဖြင့် သူမမေးဖျားကို မော့စေကာ

"မင်းက ငါ့ရဲ့နောက်ဆုံး အသက်ရှူခွင့်လေးဆိုတာ ယုံ"

ရင်တွေ တဒိုင်းဒိုင်း ခောင့်ခုန်သည့်အသံကြောင့် လူက …ကပ်ပြာဝေတော့မတတ်။ သူ့ရဲ့ရှင်းသန့်ခြင်းက အသက် ဖြစ်ခဲ့…ဆိုလျှင် သူမရဲ့ရပ်တည်မှုက……



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမညိတ် ခေါင်းမခါရဘဲ အသက်က အလို အလျောက် သူ့ရင်ခွင်ထဲ ပြိုလဲသွားခဲ့သည်။ အချစ် ဘာမှန်းမသိ ခင်မှာပဲ ဆူညံခဲ့သော ရင်ခုန်သံများကို အမှူးထား၍ အနမ်းရိုင်းက လေပွေတွေလို နှစ်သက်ကြည်ရ နူတ်ခမ်းဥယျာဉ်ထဲ ကြာမြင့်စွာ နားခိုလေသည်။

အချစ်သည် သူစိမ်းဆန်စွာရှိခဲ့ပေမယ့် မဖိတ်ဘဲလာသည် ညှို့သည်လို နှလုံးသားထဲ မြုန်းဒိုင်းနေရာယူပြီးကာမှ

မနှင်ဘဲ ပြန်ထွက်မသွားပါနဲ့ ရင်ခုန်သံ။

* * *



## အခန်း (၉)

"မချိုက ငါ့ကို ချက်ကင်ဝင်နေတယ်နော်၊ နင့်ကား ထဲကတည်းက သံသယဖြစ်နေတာတဲ့၊ သူ့ကို တစ်ခွန်းမှမတိုင်ပင် ဘဲ ထင်ရာလုပ်ပစ်လို့တဲ့"

"ကားလဲပေးတာ သူပါလို့ နင့်ကိုပြောပြထားသားပဲ ရှင်းရှင်းရယ်"

"အေး...ငါသိတာ အရေးမကြီးဘူးလို့ တွေးထားပေ မယ့် ငါ အရေးမလုပ်တဲ့ကိစ္စက နင့်အတွက် ဆုံးရှုံးမှုတွေ ကြီးကြီး မားမား ဖြစ်လာမလားလို့ ငါစိုးရိမ်တယ် အသက်ရယ်"

ရှေ့တင်ချထားသော မုန့်တီပန်းကန်တွေက အေးစက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်သို့ရောက်သည့်တိုင် နှစ်ယောက်စလုံး မထိမတို့ရသေး အင်းလျားကန်ရေပြင်သို့ ဖြတ်သန်းလာသော လေနုအေးကလည်း ရင်ထဲထိ တိုး၍ အေးမြခြင်းအဖြစ်သို့ မပေးနိုင်။

“ပြီးတော့ အခုတလော နှင် တမှိုင်မှိုင်တတွေတွေ ဖြစ် တယ်ဆို၊ ကြယ်နဲ့ အဆင်မပြေပြန်ဘူးလား”

“ငါဖြင့် ဘာပြောရမှန်းတောင် မသိပါဘူး ရှင်း ရယ်”

မေးထောက်သော လက်ကိုဖြုတ်ပြီး ပေါင်ပေါ် ဒီအတ် တင်ထားပုံက ရှိပြီးသား အခြေအနေကို လက်လွှတ်ချထား မယ့်အတိုင်း။

“အဆင်ပြေတယ် မပြေဘူးဆိုတဲ့ အခြေအနေရော ဆိုတာ ငါတို့ နေ့တိုင်းမဟုတ်တောင် တွေ့နေကြဖို့ လိုတယ်မ လား”

“ဒါဖြင့် နှင်တို့ မတွေ့ဖြစ်ကြဘူးပေါ့”

ဖျတ်ခနဲ ခေါင်းညိတ်ပြတော့ ခေါင်းစည်းကြိုးနှင့် မ စည်းထားသော ဆံနွယ်မျှင်တွေက နားထင်ဆေားစပ်ဆီမှ ပြ





ကုန်သည်။

“ငါတို့မတွေ့ဖြစ်တာ ချစ်သူဖြစ်ပြီးကတည်းက”

“ဘာ”

ရှင်းရှင်းက တအံ့တဩဖြစ်သွားတာ ကိုယ်ကြီးပါ ကြွ တက်လာတဲ့အထိ။ လွန်ခဲ့တဲ့ သုံးလလောက်ကပဲ အသက်က ရှင်တပျပျနှင့်

“ငါ ချစ်သူရသွားပြီ”

ဆိုပြီး သူမကို အသိပေးခဲ့သည်။

“နှင်နဲ့မိတ်ဆက်ပေးမယ် သိလား”

တက်တက်ကြွကြွ ပြောခဲ့သော ပန်းနုရောင်မျက်နှာလေး ကိုလည်း ရှင်းရှင်း မမေ့။ တကယ်တမ်း မိတ်ဆက်ပေးတဲ့အခါ ကိုယ်တော်ချောက လှစ်ခနဲ အရိပ်အယောင်ပြပြီး နှုတ်ဆက်ကာ

“ဒီဒင်နာအတွက် ဘိလ်ရှင်းပြီးသားနော် နှစ်သက်ကြည်၊ ဒင်နာမှာ ကိုယ် မပါနိုင်တဲ့အတွက် မင်းကို တောင်းပန်တဲ့အနေ နဲ့...”

ပန်းစည်းကြီးတစ်စည်း ထိုးပေးကာ ထွက်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း သူပဲ တစ်လောကလုံးအရေးတွေ ဆောင်ရွက်နေတဲ့အတိုင်း။ ဖျတ်ခနဲ မြင်လိုက်ရ၍ အရပ်မြင့်တာလောက်ပဲ သိလိုက်ကာ ခေါင်းစွပ်ဆွယ်တာကြီးနှင့် ရှားရင့်ရောင် မျက်မှန်တပ်ထားသော အသက်ချစ်သူက ချောသလား၊ ပေါသလားတောင် သေချာသိခွင့် မရတဲ့အဖြစ်။

"တွေ့ချင်တဲ့အခါ သူ အရင်ဆက်သွယ်မယ်တဲ့၊ ဒီရက် ပိုင်းအတွင်း အလုပ်တွေ ရှုပ်နေလို့တဲ့"

"နင်တို့ဇာတ်လမ်းက ဘာကြီးလဲဟာ၊ ချစ်သူတွေဖြ ကြပြီ ဆိုပြီးတော့လည်း ယုယကြင်နာတာမရှိ၊ ချိန်းတွေ့တာ သူ ဖုန်းဆက်ရင် နင်က ရွှေတော်မှောက်အရောက်သွား၊ ခက်ခဲသမျှ ဖြေရှင်း၊ သူ့အကျပ်အတည်းထဲက ဆွဲထုတ်နဲ့၊ အ လောက် တစ်ဖက်သတ်ကြီး ကူညီနေတဲ့လူကို နင့်လူက လိပ် လေး၊ ဖုန်းနံပါတ်လေးတောင် အသိပေးမထားတာ မလွန်လွ ဘူးလာ"

ရှင်းရှင်းပြောတော့ အသက်မှာ ဘာမှပြန်မချေပနိုင် မှားနေတာမျိုးမှ မဟုတ်တာပဲ။ ဒီနေ့ပဲ ချစ်သူတွေဖြစ်သည်။ ထို





ဖုန်းဝင်လာတော့

"ကိုယ် ခရီးထွက်စရာရှိတယ်၊ ဒီတလောအတွင်း တွေ့ ဖြစ်မယ်မထင်ဘူး"

ဒီအထိ အသက်က နားလည်ပေးနိုင်ပါသည်။ ခရီးထွက် တာ တစ်ပတ်ကျော်ကြာလာတော့ အသက် သည်းမခံနိုင်တော့။ ဖုန်းထဲဝင်ပြီးသား သူ့နံပါတ်ကို နှိပ်ပြီး ပြန်ခေါ်တော့ ဆက်သွယ် မှုရရှိယာပြင်ပတဲ့။ ပြင်ပရောက်နေတာ တစ်ပတ်ထပ်ကြာပြီးမှ ဖုန်းဝင်သွားတော့လည်း တွေ့လိုသောသူ မဟုတ်ဘဲ

"ကြယ် မဟုတ်ဘူး၊ ဖုန်းမှားနေပါတယ်၊ ကျွန်မက ဒီဖုန်းကို မနေ့ကမှ လက်ဆင့်လွှဲပြီး ပြန်ဝယ်လိုက်တာပါ"

"ဒါဖြင့် အစ်မ ဖုန်းပိုင်ရှင်က ကြယ်ဆိုတာလား၊ အရပ် မြင့်မြင့်နဲ့လေ"

"မဟုတ်ဘူးရှင့်၊ ကျွန်မက ခေါ်သွဲ့မူဆိုတဲ့ အမျိုးသမီး ကြီးဆီက ဝယ်တာ"

ပြီးပါလေရော။ ဘယ်ခြေရာကောက်ပြီး ဘယ်လမ်း လိုက်ရမှန်း မသိတော့တာမို့ လက်မှိုင်ချပြီး နေခဲ့တာ သုံးလကိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ကိုယ့်အဖြစ်က မချစ်ခင်ကတည်းက အလွမ်းနဲ့ ဇာတ်သိမ်းရတော့မည့် ဒရမ်မာကားလိုလား။ ဒါမှမဟုတ် ရည်းစားတစ်ခုလပ်လား။ ဘယ်လိုအမည်တပ်ရမလဲ မသိပေမယ့် သေချာတာက အသည်းတစ်ခြမ်းနှင့် သွေးနေခဲ့ရသည်ဆိုလျှင်။

"ဟား…ဒေါက်တာတို့က ရေလည်လိမ့်တယ်နော်ရှာလိုက်ရတာ၊ ဆေးရုံတွေ ဆေးခန်းတွေ နှံ့နေပြီ၊ ကျွန်တော်တို့ကို ချိန်းတုန်းက ချိန်းပြီးတော့"

ရုတ်တရက်ကြီး နှုတ်ဆက်ကာ ကိုယ့်စားပွဲဝိုင်းဆီ ဝင်ထိုင်သော စုံတွဲကို အသက်တို့က ပြူးကြောင်ကြောင်ကြည့်နေမိတာပြောလက်စစကားတွေတောင် မေ့သွားတဲ့အထိ။ နှစ်ယောက်စလုံးက သက်တူရွယ်တူ။ ဖြူဖြူချောချောသန့်သန့်လေးတွေဖြစ်ကာမိန်းကလေးကတော့ ကြည်ပြာရောင် ကိုယ်ဝန်ဆောင်သည်တွေဝတ်သည့် ဂါဝန်ကြီးတကားကားနှင့်။

အသက်နှင့်ရှင်းရှင်းက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း သူ့မိတ်ဆွေလား၊ ငါ့အသိလားလို့ ခွဲခြမရတုန်းမှာပဲ

"ဒေါက်တာပဲ အိုဂျီထဲမှာ မိတ်ဆွေတွေရှိတယ်ဆို၊ ဒီနေ့





လိုက်အပ်ပေးမယ်လို့ ချိန်းထားပြီးတော့"

"အသက်က"

ကိုယ့်ရင်ဘတ်ကိုယ် လက်မနှင့်ညွှန်ရင်း သူမက အူကြောင်ကြောင် ပြန်မေးမိသည်။ သေချာတာက ဒီစုံတွဲအား မရင်းနှီးခဲ့ခြင်းဆိုလျှင်…

"ဒေါက်တာ ကျွန်မတို့က ကြယ့်မိတ်ဆွေတွေပါ၊ ကြယ်လွှတ်လိုက်တာ"

- "ကြယ်"

မျက်ခုံးတန်းတွေပင့်ပြီး နှုတ်ခမ်းတွေဝိုင်းသွားတဲ့အထိ အံ့သြခြင်းကို မထိန်းချုပ်နိုင်။ သူ့ကိုတွေ့ရတော့မည်ဆိုတဲ့ အသိစိတ်ကြောင့် အလွမ်းစိတ်က ရှိရင်းစွဲထက် နှစ်ဆပိုတိုးလာခဲ့၏။

"သူ အခုဘယ်မှာလဲဟင်"

"သိပ်လှုပ်လှုပ်ရှားရှားကြီး မဖြစ်နဲ့ ဒေါက်တာ၊ ဆိုင်ထဲမှာ ဒေါက်တာ့ကို အကဲခတ်နေတဲ့သူတွေ ရှိတယ်"

"ဟင်…တကယ်"

အသက်တင်မက ရှင်းရှင်းပါ တုန်လှုပ်သွားကာ မလှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရှားပါနဲ့လို့ သတိပေးထားကာမှ တုန်လှုပ်သွားချင်တာမျိုး။

"ဟန်မပျက် ရယ်ပြီး စကားပြောပေးပါ ဒေါက်တာ၊ စားပွဲဝိုင်းခြားတော့ ကျွန်တော်တို့ပြောတာ သူတို့မကြားနိုင်ဘူးလေ၊ ဒါပေမဲ့ ဖုန်းမြည်တာတို့၊ ဖုန်းလာပြီးမှ ဒေါက်တာထွက်သွားခဲ့တယ်ဆိုရင် သူတို့နောက်က ပါလာမှာ သေချာတယ်"

"သူတို့က ကြယ့်ကို နောက်ယောင်ခံချင်နေတာမျိုး၊ ကြယ့်ကိုတွေ့ချင်နေတာမျိုးလေ၊ ကြယ့်ကို ထွက်လာအောင်လုပ်နိုင်သူက ဒေါက်တာပဲရှိတာဆိုတော့"

"ဒါဖြင့် ကြယ်က ပုန်းနေတဲ့သူပေါ့၊ အဲဒီလိုလား"

ကောက်ခနဲ ထမေးတဲ့ ရှင်းရှင်းကြောင့် ရှေ့မှစုံတွဲရဲ့ အရယ်မျက်နှာတွေက တည်တံ့ကုန်၏။

"ရှင်းရှင်းရယ်···နင်ကတော့ လုပ်ပြီ"

လေသံပျော့ပျော့နှင့် အသက်က ငြီးတွားတော့···

"ဟုတ်တယ်လေ···အခြေအနေတွေကို ကျွန်မက ရှင်းရှင်းလင်းလင်းသိမှ ဖြစ်မှာမို့ပါ၊ ရှင်တို့ စိတ်တော့မဆိုးစေချင်ဘူး ရှင်တို့မိတ်ဆွေအတွက် ကြိုးစားသလို ဒါက ကျွန်မသူငယ်ချင်း





ရှုပ်ထွေးနေတဲ့ အနေအထားထဲကို အသက် မျက်ကန်းတစ်ယောက်လို တိုးဝင်မှာတော့ ကျွန်မ လက်ပိုက်ကြည့်မနေနိုင်ဘူး"

အပြုံးမပျက် ပြောနေသည့် နှုတ်ခမ်းပါးတွေကြောင့် ဘေးအမြင်မှာ ဖော်ရွေပျူငှာခြင်းတွေကို သရုပ်ဖော်နေပေမဲ့ ထွက်ကျလာသော စကားသံတွေက သံမှုန့်သံစတွေ လွင့်ပျံ့တက်လာသည့်နှယ်။ အသက်ကသာ ကြားထဲမှ အားနာခြင်းတွေ ဖြစ်ထွန်းကာ

"ရှင်းရှင်း"

တိုးကျိတ်ကျိတ်ခေါ်ပေမဲ့ ရှင်းရှင်းက သူမဘက် လှည့်မလာဘဲ···

"ပြောပါဦး···ရှင်တို့ကြယ်က ဘယ်လိုလူစားလဲဆိုတာ"

"ကြယ်က အမှန်တရားကို ကိုးကွယ်တဲ့သူပါ"

"အဟွန်း···အမှန်ဘက်က ရပ်တည်သူက အမှောင်ထဲက မထွက်ဝံ့ဘူးဆိုတာ သိပ်တော့ ယုတ္တိမရှိလှဘူးနော်"

ဟန်ပါပါ ပခုံးတွန့်ပြောတော့ တစ်ဖက်က အမျိုးသား မျက်နှာဟာ တင်းခနဲ ဖြစ်သွားပြီးမှ···

"အမှန်တိုင်းမှာ တရားမျှတမှုတွေက နောက်ကျမှပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ အဖြစ်မျိုး ကြုံနေရလို့ပါ ဒေါက်တာ''

ထိုလူက စကားဖြတ်ပြီး အသက်ကို လှမ်းကြည့်ရင်း…

''လိုက်ခဲ့ပါ၊ သေးမသိရန်မခဘဲ အချိန်တန်အိမ်ပြန်ရမယ်လို့ ကျွန်တော်အာမခံပါတယ်''

''ဟုတ်…လိုက်ခဲ့ချင်ပေမဲ့ ကျွန်မကားက''

အသက်က ရှင်းရှင်းကို ငဲ့ကြည့်သည်။ စိတ်တူကိုယ်တူမှန်ထွက်စားကြတာမို့ ရှင်းရှင်းမှာ ကားမပါ။ အသက်ကပဲ ဝင်ခေါ်၊ ပြန်ပို့မည်ဟု ကတိတွေခံခဲ့တာမို့…

''ဒေါက်တာတို့နှစ်ယောက် အတူတူထွက်ပြီး ကားမောင်းသွားပါ၊ ဒေါက်တာရှင်းရှင်းကို အိမ်ထိပို့ပြီးမှ ကျွန်တော်တို့ကားနဲ့ လိုက်ခဲ့လေ၊ သူတို့ပါလာရင်လည်း မျက်စိလည်သွားအောင်''

အကွက်ကျကျ အစီအစဉ်မှာ ငြင်းဆန်ဖို့မပါ။ ခေါင်းခါရန် အင်အားမဲ့သူက အသက်မို့…

''သွားကြရအောင် ရှင်းရှင်း၊ အပြန် နင့်အိမ် ငါဝင်မှာပဲကို စိတ်ပူစရာမရှိပါဘူး''

ရှင်းရှင်းရဲ့ မကျေနပ်သော မျက်စောင်းတစ်စင်းက





အသက်ထံ တိုးတိုက်လာပြီးမှ…

''နင် နည်းနည်းပါးပါး မူပါဦး အသက်ရယ်''

အသက်ကတော့ သူ့ကိုတွေ့ရမည်ဆိုကတည်းက ထိန်းမရသော ရင်ခုန်သံများက ခန္ဓာကိုယ်အနှံ့ စီးမျောရင်း…

တကယ်ချစ်မိရင် ဟန်ဆောင်တာတွေ၊ အမူပိုတာတွေက မှန်ပစ်ပစ္စည်းဖြစ်သွားတာ ရှင်းရှင်းသိအောင် တစ်နေ့နေ့တော့ ပြောပြရပါမည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"တကယ်"

လိုက်ခနဲ ပျော်သွားတဲ့ မျက်နှာလေးမှာ အပြုံးတွေ ဆံစလက်ခတ် ကြွေကျလာတာကိုကြည့်ပြီး ကြယ်က လေးလေး နက်နက် ခေါင်းညိတ်ပြသည်။

သူမကား ထားခဲ့ပြီး ဟိုစုံတွဲကားနှင့် လိုက်လာကာ ကြယ် ဆောင့်နေသောနေရာမှ ကြယ့်ကားပေါ် ပြောင်းခဲ့တာမို့ သူတို့က လမ်းဘေးမှာ ကားထိုးရပ်ပြီး ဆွေးနွေးကောင်းဆဲ...

"တစ်နေကုန် နေပေးမယ်ဆိုပေမဲ့ အခုပဲ နေ့ဝက်ကျိုး နေပြီ ကို"

www.burmeseclassic.com

www.burmeseclassic.com



အပြုံးတွေမပြယ်ဘဲ နာရီလေးမြှောက်ကြည့်ကာ ပြော ကလည်း ချစ်စဖွယ်လေးမို့ ကြယ်က မေးလေးထောက်ကာ အကျအန ငေးသည်။ ဂျူတီအော့(ဖ်)မို့ မြင်နေကျ ဗမာဝတ်စုံလို မျိုးမဟုတ်ဘဲ ကြက်ဥနှစ်ရောင် ဝါဖျော့ဖျော့ဂါဝန်က ရင်ပြတ် ဒူးဖုံးရုံရှိကာ အသားရောင် စတော့ကင်နှင့် ဖိနပ်ကျတော့ ဟပ်(ဖ် ရှူးလို အပါးစားမို့ ပေါ့ပေါ့ပါးပါးလေးဖြစ်နေသည်။ ရင်ပြတ် မရိုင်းရအောင် မှန်ဓာလို အပါးစားအပေါ်တစ်ထပ်က အနက် မြင်ရသူတိုင်းအတွက် ချစ်စရာပုံစံလေးပေါ်လွင်စေတာ အမှန်ပါ ကျောက်စီကလစ်လေးတွေက ဒီနေ့ကျ အဝါရောင် ဖဲပြားပွင့်ကြီး နဲ့ အားလုံးစုပြီး ငယ်ထိပ်နား စည်းထားတာမို့ မျက်နှာလေး ဖူးဖူးစင်းစင်းလေး နှုတ်ခမ်းနှမ္မတ်နေကာ ပါးပြင်ပေါ်က သွေးကြောမျှင် လေးတွေ ခုန်နေတာကအစ ကွဲကွဲပြားပြား တွေ့နေရတာမျိုး။

သူမကတော့ ကြယ် ငေးနေတာကို သတိမထားမိဘဲ—

“ဒါပေမဲ့ အသက်ကျေနပ်ပါတယ်၊ ညနေစောင်းလော အထိတော့ ကြယ် နေပေးရမယ်နော်၊ ပြီးတော့ ကြယ် ပြောခဲ့တဲ့ အတိုင်း ဒီတစ်နေ့လုံး ကြယ့်ကိုပိုင်တယ်ဆိုတော့ အသက် လုပ်ချင်





သမျှ ကြယ် လိုက်လုပ်ပေးရမှာ”

“အင်း…စဉ်းစားလေ၊ ဘယ်သွားချင်လဲ၊ ဘာစားချင်လဲ ဆိုတာ”

သူက ခပ်ပြုံးပြုံးမေးတော့ အသက်က မယုံသလို မျက်ဆံ နတ်လေး ထောင့်ကပ်ကြည့်ပြီး…

“အသက် သွားချင်တဲ့နေရာက လူတွေကြားထဲနော်”

ကြယ့်ရင်ထဲ ဖျတ်ခနဲ နာကျင်သွားရသည်။ နာကျင်မှု တိုင်းသည် ကိုယ့်အတွက်မဟုတ်ဘဲ သူမကိုယ်စား ရင်နာတတ် သော နှလုံးသားကို တစ်ခါတစ်ခါတော့ အံ့ဩချင်သည်။ မတွေ့ရ တဲ့အချိန်တွေမှာ ဘယ်ရောက်နေသလဲ။ ဘာလုပ်နေသလဲ အစရှိ သည့် မေးခွန်းတွေ မလာဘဲ ခေါ်တာနှင့် ရောက်လာတော့ ဝမ်းသာအားရ အပြုံးများနှင့်…

အချစ်စစ်က ရောင်ပြန်ဟပ်တတ်သည်ဆိုသော စကား က တကယ်မှန်ခဲ့ပြီ။ သူမပေးအပ်လာသော အစစ်အမှန်တွေက ကြယ့်ရဲ့ ရိုးတွင်းခြင်ဆီ နှလုံးသည်းပွတ်ထိ တိုက်ရိုက်စူးခဲ့လေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"လူတွေကြားထဲသွားဖို့ ကြယ် အဆင်မပြေရင်လည်း"

သူက သူမပခုံးလေးကို ဆွဲဖက်ကာ ရင်ခွင်ထဲသွင်းတော့ အသက်က တောင့်တောင့်လေး ပါလာကာ သူ့ပခုံးထက်မှာ မေးဖျားလေးထောက်လျက်…

"ကိုယ့်ကိုပြန်ဖက်လေ"

သူ့ခါးဆီ မရဲတရဲလေးနှင့် လက်နှစ်ဖက်သိုင်းဖက်သည်။

"မင်းကို ကိုယ်တကယ်ချစ်သွားတာ"

အသက်လည်တိုင်မှာ မျက်နှာအပ်ရင်း တိုးသဲ့သဲ့ပြောတာ ကြားရသောအခါ သူမရင်တစ်ခွင်လုံး သူ့အချစ်စီးကြောင်းကြီး ပုံ့နှံ့ပြန့်ကားသွားသလို ခံစားရသည်။ သူက မလွှတ်တမ်း ခပ်တင်းတင်း ဖက်ထားရင်း…

"အချစ်ကို ကိုယ် တစ်ခါမှ မခံစားဖူးဘူး၊ ရင်ခုန်သံတွေနဲ့ သူစိမ်းဆန်ဆန်နေခဲ့တာလည်း အမှန်ပဲ၊ ကိုယ့်ဘဝပေးကိုက နှလုံးသားမှာ ကျွန်းခံနေခဲ့တယ် ဆိုတာမျိုးလို"

ပခုံးလေးမှ ဆွဲခါတော့ သူနှင့်အသက်က မျက်နှာချင်းဆိုင်။ မျက်ခုံးချင်းဆုံတဲ့အခါ သူ့မျက်ဝန်းတွေထဲမှာ မြင်ရခဲ့သည့်





ကြည်စင်သော နူးညံ့မှုတွေကို တွေ့နေရကာ…

"မွေးလာကတည်းက နာကျင်မှုတွေ၊ အငြိုးအတေးတွေကြားမှာ ကိုယ် ကြီးပြင်းလာရတယ်၊ သံသယတွေ ရက်စက်မှုတွေနဲ့ ယဉ်ပါးနေတဲ့ နှလုံးသားက နူးညံ့တာတွေ ရင်ခုန်တာတွေဆီ အလိုလိုနေရင်း သရော်ချင်နေခဲ့တာ ဟိုးငယ်ငယ်လေးကတည်းက၊ ရွယ်တူတွေမှာ ပန်းရောင်အိပ်မက်တွေနဲ့ အချစ်ကို မြည်းစမ်းနေတဲ့အချိန်မှာ ကိုယ့်အတွက် အချစ်ဆိုတာ လိုချင်တာရဖို့ ပေးရတဲ့ တန်ဖိုးတစ်ခုလို့ ထင်ခဲ့တယ်"

စကားလည်းပြောရင်း အသက် နားသယ်စပ်က ဆံပင်လေးတွေကို နားရွက်နောက်ထဲ ညင်သာစွာ ညှပ်ပေးသည်။ အသက်ပါးပြင်ကို သူ့လက်ဖဝါးထဲ ထည့်ကာ လက်မနဲ့ ဖွဖွ ပွတ်သပ်ရင်း စိတ်လိုလက်ရ ပြောပြနေပုံက ကလေးတစ်ယောက်လို ညအိပ်ရာဝင်ပုံပြင်ပြောပြီး ချော့သိပ်နေသည့်နှယ်။

"ဒါပေမဲ့ မင်းနဲ့တွေ့တဲ့အခါ အချစ်ရဲ့တန်ဖိုး၊ အချစ်ရဲ့ စွမ်းအားတွေကို ကိုယ်သိလာရတယ်၊ ဘဝရဲ့အနာဂတ်မှာ အချစ်ရှိတဲ့ လျှောက်လှမ်းလို့မရဘူးဆိုတာ ကိုယ်တဖြည်းဖြည်း ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



လာရတယ်''

အသက်မျက်နှာကို သူက လက်ဖဝါးနှစ်ဖက်ထဲ ထည့်ညှပ်ထားရင်း…

''ဒါကြောင့် မင်းကို ဘယ်သူ့အပေါ်မှ မရှိဖူးတဲ့ အချစ်မျိုးနဲ့ ကိုယ်ချစ်တယ်၊ ဒီအချစ်က ကိုယ် အသက်ရှင်နေသမျှ ကာလပတ်လုံး မင်းတစ်ယောက်တည်းအတွက်ပဲ ရည်ရွယ်တာ တကယ်''

အသက်က သူ့ကိုငေးရင်း နှုတ်ခမ်းတွေ ကော့တက်အောင် ပြုံးရင်း ရင်ထဲ တသိမ့်သိမ့်ကြည်နူးလာတာ ဘာနဲ့မှ နှိုင်းမရတော့။

အချစ်ဆိုသော အဓိပ္ပာယ်က ပေးသူနှင့်ယူသူကြား ညီမျှဖို့လိုအပ်တာ အဓိကပဲဟု ဆိုချင်ဆို၊ ကိုယ့်ချစ်သူထံမှ ထပ်တူညီသော အချစ်မျိုး ရရှိသော အသက်အတွက်တော့ ရှင်သန်ခဲ့သမျှ နေ့ရက်၊ နာရီ၊ မိနစ်၊ စက္ကန့်တွေထဲ ဒီအချိန်လေးက အမှတ်ရစရာ အကောင်းဆုံး၊ ချိုမြိန်သာယာစရာအကောင်းဆုံး ဖြစ်ခဲ့သည်။ အသက်က သူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ သူ့ကျောပြင်ကို တင်းတင်းကြပ်ကြပ် သိုင်းဖက်ထားရင်း…





''အသက်တို့ ဘယ်တော့မှမခွဲကြေး''

တိုးဖွဖွပြောမိတော့ သူ့ထံမှ တဒိတ်ဒိတ်ခုန်နေသော ရင်ခုန်သံများမှတစ်ပါး ကတိစကား မကြားရပေမဲ့ အသက်နှုတ်ခမ်းဆီ ခြွေချလာတဲ့ အနမ်းတွေထဲမှ ကြမ်းတမ်းခြင်းတွေ မပါ။

နူးညံ့ညင်သာစွာ မထိရက်မကိုင်ရက်သော အနမ်းတွေကို သူမက မျက်လုံးမှိတ်ခံယူရင်း…

အချစ်၊ အနမ်းနဲ့ အလွမ်းတွေကြား သူမစိတ်တွေ ယိုင်လဲမှုန်နှိမ့်ခြင်းအဖြစ်သို့ ရောက်လေ၏။ အချစ်ကြီးသူက ရှုံးတတ်စမြဲ ဆိုသော စကားရဲ့အဓိပ္ပာယ်က အခုတော့ အသက်အတွက် တကယ်မှန်ခဲ့တာမို့…။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဟေးခနဲ ဝါးခနဲ အော်သံတွေ၊ လွင့်ခနဲ မြောက်တက်သွားသည့် ရဟတ်ကြီးတွေ၊ တဝေါဝေါ တဂျုံးဂျုံး အသံပေးကာ ခြေးလမ်းမှတစ်ဆင့် မိုးပေါ် ထိုးတက်သွားတော့မတတ် အရှိန်ပြင်းတဲ့ ကားရထားတွေနဲ့ ရောင်စုံလူတွေကို ကားပါကင်ထိုးရင်း ကြယ်က လှမ်းငေးသည်။

"မရောက်ဖူးလို့ ငေးတာလား၊ ဒါမှမဟုတ် ဒီကြားထဲ ပျောက်သွားဖို့အတွက် ဝန်လေးနေတာလား၊ ဟမ်…ကြယ်"

သေားကို ငုံ့ကြည့်တော့ မျက်နှာကြည်ကြည်လေးက သူ့ကို ပဲ မျှော်လင့်တကြီး စောင့်စားနေတာမျိုး မော့ငေးနေတာမို့ ကြယ်



www.burmeseclassic.com

www.burmeseclassic.com



က ကားသော့ကိုဖြုတ်ရင်း ကော့ချွန်နေတဲ့ နှာတံဖျားကို ဖျတ်ခနဲ လှမ်းနမ်းသည်။

"ဟွန်း…မေးတာလည်း မဖြေဘဲနဲ့"

အနမ်းခံရတဲ့ နှာသီးဖျားကို လက်ဖမိုးနဲ့ အုပ်ပြီး မျက်စောင်းရွယ်ကာ ပြောတော့ ကြယ်က အဲဒီမျက်ဝန်းတွေဆီ တစ်ခါ ပြုံးကြည့်ရင်း ဖျတ်ခနဲ မျက်တောင်တွေမှိတ်ကျအောင် လှမ်းနမ်းပြန်သည်။

"ကြယ်နော်…လူတွေမြင်ကုန်မယ်"

"မြင်မြင်ပေါ့၊ ကိုယ့်ချစ်သူကိုချစ်လို့ နမ်းတာပဲ၊ လူကြား ထဲလည်း မျက်စောင်းရွယ်လိုက်၊ နှုတ်ခမ်းစူလိုက် လုပ်ရင်တော့ ကိုယ်ကတော့ နမ်းမှာပဲ"

"အပိုတွေ"

သွားတွေပေါ်အောင် ရယ်ရင်းပြောကာ ကားတံခါးဖွင့် ဆင်းရန် ပြင်သည်။ ကြယ်က တံခါးကို အဖွင့်မခံဘဲ ဒီဘက် လက်ကို လှမ်းဆွဲတော့ အသက်မှာ သူ့ထံ ပြန်လှည့်လာရကာ…

"အာ…ဘာလဲကွာ"





"ပို မပို ပြမလို့"

နီးကပ်သွားတဲ့ သူ့မျက်နှာရဲ့ ရည်ရွယ်ချက်က အသက် နှုတ်ခမ်းများဆီကိုဖြစ်ပြီး အချစ်က ရင်ခုန်သံကြောင့် မြန်ဆန်ပေမဲ့ အနမ်းက ထိုရင်ခုန်သံတွေကို အဝေးသို့ လွင့်ပါးအောင် တိုက်ခတ်နိုင်စွမ်းရှိသော လေပွေရိုင်းတစ်ခုမို့ အသက်က ထိုလေပွေ ထဲ တလွင့်လွင့်နှင့် မျောပါသွားပြီးမှ…

"ကဲ…ကိုယ် မပိုဘူးဆိုတာ ယုံပြီလား"

အသက်က ခေါင်းညိတ်ကာ ရယ်ရင်း…

"ကြယ့်ကို ဆန့်ကျင်ဘက်တွေ မပြောမိအောင် သတိ ထားမှ ရတော့မယ်"

သူ့အနမ်းမှ လွတ်မြောက်တာနဲ့ ကားတံခါးဖွင့်ကာ ဆင်းတော့သည်။ ကြယ်က ဒီဘက်မှ ကားတံခါးဖွင့်ဆင်းပြီး ကားသော့ပြန်ပိတ်ကာ ခေါင်းမော့တော့ သူမက ကြယ့်နံဘေး ရောက်လာပြီဖြစ်ပြီး သူ့ထံ လက်ကမ်းပေးကာ…

"ကြယ်နဲ့အသက် ဘယ်တော့မှ လက်တွဲမဖြုတ်ကြေး"

တင်းခနဲ ဆုပ်ကိုင်လိုက်သော လက်ဖဝါးနှစ်ဖက်ရဲ့ အထိ



www.burmeseclassic.com

www.burmeseclassic.com



အတွေ့က သူ့နှလုံးသားတွေပါ တင်းကြပ်သွားတဲ့အတိုင်း။ သူမ ဆွဲခေါ်ရာ ရောင်စုံလူတွေကြား ကြယ်က အလိုက်သင့် စီးမျော ပါသွားရင်းက...

"ဒါဘယ်လဲ ပြောပါဦး"

"KTV လေ၊ သီချင်းသွားဆိုမယ်"

ကြယ်က မျက်ခုံးဝင့်ကာ တအံ့တသြဖြစ်သော အပြုံး တွေနဲ့...

"ကစားကွင်းထဲလာပြီး သီချင်းဆိုမလို့"

"အင်းလေ"

"မကစားဘူးပေါ့"

"သြော်...ဆိုပြီးရင် ကစားမှာပေါ့၊ အခုတော့ ကြယ့်ကို သီးသန့်ဆိုပြချင်တဲ့ သီချင်းရှိလို့"

ခပ်ချွဲချွဲပြောရင်း သူ့လက်မောင်းမှာ ပါးကပ်ပြီးမှီတော့ ကြယ့်ရင်ခုန်သံတွေ အတိုင်းအဆမဲ့။ နူးညံ့ခြင်းတွေ မလိုလားဘဲ ဒေါသ၊ မာနတွေနဲ့ အမြဲတိုက်ပွဲဝင်နေခဲ့ရသော သူက သူမ အကြည့်တစ်ချက်မှာပဲ ခက်ထန်ခြင်းတွေကို အမွေပြတ်စွန့်လွှတ်





ချင်လာ၏။

ဒါကြောင့် ရေးရာဇဝင်တွေထဲမှာ ကလောင်တစ်ဖက် ဓားတစ်ဖက်နှင့် တိုက်ပွဲဝင်ခဲ့သော သူ့ရဲကောင်းတွေ ရှိခဲ့တာ သူ လက်ခံလို့ရလာပြီ။ ကိုယ်ကရော သူတို့လမ်းကြောင်းအတိုင်း လိုက်နိုင်မည်လားဆိုတာ။

အတွေးထဲ တစ်ယောက်တည်း ပိတ်မိရင်းက သူမဆွဲခေါ် ရာအထိ ခြေလှမ်းတွေက မငြင်းမဆန်ဘဲ ပါလာခဲ့သည်။

"ဆိုပြမယ်နော်၊ နားထောင်မကောင်းရင် မကဲ့ရဲ့ရဘူး"

သူ့ကို ဆိုဖာမှာ ထိုင်စေရင်း သူမက မိုက်ခရိုဖုန်းကိုင် ကာ တီးလုံးနဲ့အညီ ခါးလှုပ်ပြီး ခပ်မြူးမြူးလေး ကပြသည်။

နှင့်ခေါင်းလေးကို လှုပ်ပဲ့ လှုပ်ပဲ့ လွဲတယ် ×××

နှင် ×××နိုးကြည့်တာ နောက်တစ်ယောက်ထားမလို့ လား ×××

ငါ့နှလုံးသားကို ဘရိတ်(ရှ်)နဲ့တိုက်သုတ်လိုမလုပ်နဲ့ ××× တစ်ခါတည်းဖြတ်ပါလား ××× ညာတတ်ခဲ့ရင် တို့က ပစ်ယုံ ဘတ်တယ် ××× ဒီစိတ်ကြီးကို မင်းကသိခဲ့တော့ ×××



www.burmeseclassic.com

www.burmeseclassic.com



နင်လုပ်ရက်တာ သိကြားမင်းသိလို့သွားရင်

နင်အပြစ်ဖြစ်မှာပဲ ×××

ရင်ထဲထိမှ အသဲထဲ ငြိလို့သွားမယ် ×××

မင်းနှလုံးသားကို အပြေးအလွှားမေးကြည့်ချင် ×××

လူတွေကြားထဲမှာ တို့ရဲ့လက်တော့ဆွဲပါ ×××

ရှည်.စားရှိတာ မလိမ်ချင် မညာချင်နဲ့ ×××

သူ့ဆီလှမ်းကြည့်ပြီး ခေါင်းယမ်းပြကာ လက်ဆန့်တန်း ရင်း…

ဆွဲထားကိုယ့်လူရေ ××× ဆွဲထား လက်ကိုကွယ် ××× တွဲထားပြောနေတယ် ××× မူယာမများနဲ့×××

ဆွဲထား ×××လက်ကိုကွယ်××× ဆွဲထားပြောနေ တယ်

သူ့မှာ ရယ်မြူးရိပ်သမ်းတဲ့ မျက်ဝန်းတွေနဲ့ သူမကို ငေးမောရင်း…

ရင်ခွင်ရာသီသည် တစ်ထိုင်တည်းမှာပဲ ပူစေ၊ အေးစေ နွေးစေရင်း လည်ပတ်နေခဲ့သည်။ ဝေခွဲမရသော ဆုံးဖြတ်ချက် တွေကလည်း ရောထွေးလှည့်လည်နေတာ ခန္ဓာကိုယ်အနှံ့။





သူမသိချင်းထဲကလို ကိုယ့်လုပ်ရပ်တွေ သိကြားမင်းသိ လို့ အပြစ်ဖြစ်မှာထက် သူမအချစ်က အမုန်းသို့ ပြောင်းလဲသွား မှာ သူတကယ် ကြောက်ပါသည်။ သို့သော်လည်း…

ဘဝက နန္ဒမရတဲ့ စိမ်ကိန်းများစွာနဲ့မို့…။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဆွဲထားကိုယ့်လူရေ ×××ဆွဲထားလက်ကိုကွယ် ×× ဆွဲထားပြောနေတယ် ×××

"ဟဲ့…ဟဲ့ ဒါဘယ်လိုဖြစ်တာလဲ၊ ဟဲ့ အသက်၊ ဩော် ဒီကလေး"

မေချိုက အသက်ကိုကြည့်ပြီး ရင်ဘတ်ဖိကာအော်သည်။

ပေါ်တီကိုအောက် ကားရပ်တာနဲ့ အသက်က သီချင်းလေးတကြော်ကြော်နှင့် မြူးမြူးဖူးဖူး ဆင်းသည်။ ဘာလို့ ဒီလောက်နောက်ကျရသလဲ။ ဘယ်ကိုသွားသလဲ။ ဘာလုပ်သလဲ။ အစရှိသဖြင့် ဘာနဲ့ရာချီပြီး မေးခွန်းထုတ်ရန် စဉ်းစားထားတဲ့ မေချိုက

www.burmeseclassic.com

www.burmeseclassic.com



အသက် ဖြစ်ပျက်လာပုံကြောင့် အလန့်တကြား နောက်ဆုတ် သည်။ အသက် မေချို့လက်ကို ဆွဲမြှောက်၍ ကိုယ်ကို တစ်ပတ် လှည့်ပြီး…

ဆွဲထား ကိုယ့်လူရယ် ××× ဆွဲထားလက်ကိုကွယ် ××× ဆွဲထားပြောနေတယ် ×××မှုယာမများနဲ့ ××× ဆွဲထားလိုက်ပါကွယ် ×××

“ဟဲ့…ဪ…ဪ အသက်ရဲ့၊ လွှတ်စမ်း မေချို့ ဒီမှာ စိတ်တွေပူနေတာ၊ မနက်မိုးလင်းကတည်းက ထွက်သွားတာ ကြည့်စမ်း ညမိုးချုပ်မှ ပြန်ရောက်တယ်၊ အိမ်ကလူမှာ ထိုင်ရမှာ ထရမလိုနဲ့”

“အခုပြန်ရောက်ပြီပဲ မေချို့ရဲ့”

ကတော အချိန်မသေသေးဘဲ အသက်က လှေကားထက် တွေဆီ ပြေးတက်ရင်း ပြန်အော်သည်။ မေချို့က သူမနောက် ပါလာတာ ထုံးစံအတိုင်း အဝတ်အစားလဲခြင်း၊ ရေချိုးရန် ရေနွေး စပ်ပေးခြင်းတွေကို ဝတ္တရားမပျက် လုပ်ပေးရန်အတွက်ပါ။

“ရောက်တာလည်း ရောက်တာပေါ့၊ တစ်ခါမှ ဒီလောက်





အချိန်အကြာကြီး မထွက်သွားဖူးတာ၊ ဖုန်းခေါ်တော့လည်း ဖုန်းပိတ် ထားတာချည်းပဲ၊ ရှင်းရှင်း ဆက်မေးတော့မှပဲ အိုက်အတူရှိနေတယ် ပြောလို့ အလုံးကြီး ကျသွားရတာ၊ ဒါနဲ့ နေစမ်းပါဦး မိမိုးရယ် အတူရှိနေရဲ့သားနဲ့ မေချို့ဖုန်းကိုမကိုင်တာ ဒါဘာသဘောလဲ”

အခန်းထဲ ဝင်ခါနီးမှ မေချို့က ကောက်ကာငင်ကာ ထမေးသည်။

“ကြည့်စမ်းဖြစ်နော် အသက်၊ ငါကတော့ အတူရှိပါတယ် လို့ အာမခံနွေခဲ့လိုက်ပြီ၊ အဲဒါတောင် ဘယ်ရောက်နေလဲ၊ ဘာလုပ် နေသလဲ၊ နင့်ကိုခေါ်ပေးစေ့ လုပ်နေလို့ ငါ့မှာ လိုင်းမမိသလိုမျိုး ဟဲလို…ဟဲလိုလုပ်ပြီး ဖုန်းချမစ်လိုက်ရတယ်”

သတင်းကို ရှင်းရှင်းဆီက ကြားပြီးသား။

“ငါ့မှာ အာမခံသာ ခံလိုက်ရတယ်၊ တကယ်တမ်း နင် ပြန်မရောက်ရင်ဆိုတဲ့ အတွေးနဲ့ လူက ရင်တွေပူနေတာ၊ ရေခဲ အတုံးလိုက် မြို့ချတာတောင် လည်ချောင်းထဲရောက်တာနဲ့ အရည် ပျော်သွားတဲ့အထိ”

“နင်က အရည်ပျော်မှ မြို့ချတာကိုး မိရှင်းရဲ့”

www.burmeseclassic.com

www.burmeseclassic.com



အပျော်မျက်နှာက မဖုံးနိုင်မဖိနိုင်။ အချစ်စိတ်ကြောင့် လူတစ်ကိုယ်လုံး နွေးထွေးမှုရှိန်းနေကာ ပေါ့ပါးနေတာလည် တိမ်မျှင်တစအလား။ ဒါက အချစ်တဲ့လားဆိုပြီး ကိုယ့်ကိုယ် ပြန်မေးကာ ကြယ့်အချစ်တွေကို တစိမ့်စိမ့်မြင်ယောင်၊ တသိမ့်သိ တွေးနေချင်တဲ့အထိ လူက ချစ်ခြင်းထဲ ပျော်ဝင်နေမိပြီး ရှင်းရှင် ကတော့ အသက် ဖြစ်ပျက်နေပုံအား စေ့စေ့စပ်စပ် မျက်ခုံးတွ ကြည့်ရင်း…

"အရည်ပျော်မှ ငါ မျိုချမိသလား မသေချာပေမဲ့ နှင် တော့ တော်တော်အရည်ပျော်လာပုံပဲ"

"အချစ်စွမ်းအားတွေလေ၊ ကြယ့်လို သံမဏိအသည်း လူတောင် အချစ်နဲ့တွေ့တော့ ဖယောင်းလို ပျော့ပျောင်းသွားတာ မျိုး၊ ငါက ဘာသားနဲ့ ထုထားတာမို့လဲ ရှင်းရှင်းရဲ့၊ ငါ အရည် ပျော်တာ မဆန်းပါဘူး ဟုတ်ဘူးလား"

ပခုံးချင်းတိုက်ပြီး မေးပေမဲ့ ရှင်းရှင်းက မရာည်မပြုံး ခပ်မှဲ့မှဲ့ပြုံးကာ…

"အရည်ပျော်တယ်ဆိုကတည်းက ပူပြင်းတဲ့ခာတ်တစ်မျိုး





ကြောင့်ဆိုတာ နှင်သဘောပေါက်သင့်တယ် အသက်၊ အချစ်ဆို တာ ပူလောင်ခြင်းပဲ"

"အံမယ်…နှင်က ဒဿနတွေ ဘာတွေထုတ်လို့"

"မလောင်နဲ့၊ ငါတကယ်ပြောတာ၊ ပူပြင်းတာကို သိသိ ကြီးနဲ့ လူတိုင်းမကောင်းနိုင်တာ ငါအပြစ်မပြောဘူး၊ ဒါပေမဲ့"

ပြောလက်စနှင့် ရပ်ပစ်တော့လည်း နားထောင်သူမှာ အားမလိုအားမရဖြစ်ကာ…

"ဒါပေမဲ့ ဘာဖြစ်လဲ၊ ဆက်ပြောလေ"

"ပူပြင်းတာက ခံနိုင်ပေမယ့် ပူလွန်းပြီးလောင်ရင် ကျွမ်းသွားတတ်တဲ့ သဘောရှိတယ် အသက်၊ လူပဲဖြစ်ဖြစ်၊ နှလုံး သားပဲဖြစ်ဖြစ် ရောဂါကျွမ်းသွားတဲ့အခါ ကောင်းကျိုးတွေဖြစ်လာ မှာ မဟုတ်ဘူးဆိုတာ နှင်သတိရစမ်းပါ"

"ဟဲ့…ငါ့ကို ရှေ့မှာထားပြီး ဘာတွေငေးမော တွေးတော နေတာလဲ မီးမီးရယ်"

လက်မောင်းကိုလည်း ပုတ်သည်။ သတိပေးစကားလည်း ကြားရတာမို့ အသက်ရဲ့အတွေးတွေက ရှင်းရှင်းထံမှ ရွေ့ခွာရင်နေ



www.burmeseclassic.com

www.burmeseclassic.com



သော မေချိုထံ ပြန်ရောက်သွား၏။

"ဘဲ..မေးစော ဖြေမယ်ပါဦး၊ ဒီလောက် ညမိုးချုပ်အောင် ညည်းလေးတစ်ယောက် ဘယ်တွေသွားပြီး ဘာတွေလုပ်"

"အသောက် မင်းမိန်းလာပြီ၊ နားတော့မယ်၊ ရှုတ်နိုက် မေချို"

အသက်က မေချို ပါးတစ်ဖက်ကို ရွတ်ခနဲ အသံမြည် အောင်နမ်းရင်း အခန်းတံခါးကို ဆွဲပိတ်ပစ်သည်။

"ဟဲ့..ရေချိုးဖို့ ရေမွေးဆပ်ပြာမလို့၊ မီးဗိုး ညာတာမှာ တော့ရှာလား၊ အဆာလွန်ရင် ခက်မယ်၊ နို့ဖူမှုလေးတစ်ခွက် သောက်"

အပြင်ဘက်မှ မေချိုပြောသံတွေကို ဥပေက္ခာပြုပြီး အသက်က ဂျက်ခီ ချန်(န်)ပါ ချပစ်သည်။ ထို့နောက် ခုတင်ပေါ် ဝုန်းခနဲ လှဲချကာ လက်(ပ်)တော့(ပ်)ကို ဆွဲယူ၏ လက်(ပ်)တော့(ပ်)ဖွင့်ရင်း ပိုက်ဆံအိတ်ထဲမှ မန်မိုရီကတ်(ဒ်)ကို ထုတ်ယူသည်။

"အိမ်ကချစ် သေးသေးလေးလေး ဖွင့်ကြည့်၊ မင်းအတွက်



ကိုယ်ပြောချင်တဲ့စကားတွေ ဒီထဲမှာ အားလုံးထည့်ထားတယ်"

နှုတ်ဆက်အနမ်းတစ်ပွင့်နှင့် ကြွယ်ပေးခဲ့သော အတ်ဆောင်။ အသက်က စခရင်မှာ ပေါ်လာမည့်ပုံအား စိတ်သည်းကိုက်ကာ စိတ်လှုပ်ရှားစွာ စောင့်မျှော်၏။

အရင်ဆုံး ပုံရိပ်ပေါ်လာတာက ခမ်းနားလှသော မင်္ဂလာဆောင်စင်ကြီး။ ပြီးတော့ နံရံကပ်ဗီဒိုး၊ မှန်တင်ခုံနှင့် ဆာကျိုးအသုံးအဆောင်တွေ ချိတ်ထားသော အင်္ကျီလှန်းစင် စသည်။

"ဒါ..ကြွယ့်အခန်းလား"

နှုတ်မှ မှင်မှာထွက်သွားတဲ့အထိ သူမ စိတ်ဝင်တစား ဖြစ်သွားကုန်းမှာပဲ ရေချိုးခန်းဖြစ်ဟန်တူသော တံခါးတစ်ချပ် ပွင့်ခနဲ ဖွင့်လာသည်။

"ကြွယ်...ဒီနီယိုမရှိတဲ့နေ့ကွာ"

ခပ်ရွှဲရွှဲအသံ။ ခါးနားမှာ ကြိုးချည်ရတဲ့ ရင်တစ်ခြမ်း ဂါဝန်က ပန်းနုရောင်။ ဆံပင်တွေကို ပတ်ပေါင်းထားတဲ့ ဘက်က ပန်းနုရောင်နှင့် ရေချိုးပြီးစ မိန်းမငယ်လေး။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲ ရိုက်တော့၊ သူဌေးကြီးသမီး၊ ပြီးတော့ ကိုယ်တို့ရဲ့ဆရာသမီးက ကိုယ့်အခန်းထဲမှာ ရေလာချိုးတဲ့အဖြစ်ကို ဂုဏ်ယူစွာနဲ့ မှတ်တမ်းတင်ချင်လို့ပါ"

"ဘာမှတ်တမ်းတင်ချင်တာလဲ၊ ကြယ်နော်၊ သူကျတော့ အတူတူမပါဘဲနဲ့၊ မရဘူး လာခဲ့ အတူတူရိုက်မယ်"

လက်ကိုဆွဲခေါ်ပြီး ကင်မရာကို ဒီအတိုင်းချထားပုံပေါ်သည်။ ပြီးတော့မှ ဗီဒီယိုကင်မရာဘက် မျက်နှာမူရပ်တော့...

"ကြယ်"

ခေါ်သံက အပြင်သို့ ထွက်မလာနိုင်ဘဲ ရင်ထဲအကျယ်ကြီး ပေါက်ကွဲသွားရတာ ဗုံးတစ်လုံးလို။ အတွင်းကလီစာတွေဟာ ဗုံးဆန်မှန်တာ ခံရတဲ့အတိုင်း တစ်စစီ လွင့်ထွက်မဲ့ကြွေကာ နှလုံးသားရင်ပြင်မှာ တဖြုတ်ဖြုတ် ကြွေကျတုန်၏။ ရယ်မောကာ ရှိသော ကြယ်နှင့် မိန်းမချောလေးတို့က တစ်ယောက်ခါး တစ်ယောက်ဖက်ရင်း ဗီဒီယိုအရိုက်ခံသော ပုံတွေကိုကြည့်ရင်း အသက်က မြင်လွှာကို ဝိတ်ပစ်သည်။

မျက်ရည်ပူတွေဟာ ပါးပြင်တစ်လျှောက် အလုအယက် ချန်ဆင်းပြေးသွားကြသည်။ သူ ဘာသဘောနဲ့ ဒါတွေကို ပြရပါသလဲ။ သူပြောချင်သော၊ သူပေးချင်သော လက်ဆောင်က အသက်အတွက် ဘာတွေလဲ။ တွေးတုန်း တွေးဆဲမှာပဲ အဖြေမရဘဲ လူက ဝမ်းပန်းတနည်း ငိုချင်သည်။

အပျော်လွန်ရင် ငိုရတတ်တယ်ဆိုတာ ဒါပဲလားမသိ။ ဝမ်းနည်းခြင်းတွေကြားမှ သူ့ကို ဥပေက္ခာမပြုနိုင်။ မျက်နှာမလွှဲနိုင်။

"ငိုနေပြီလား နှစ်သက်ကြည်"

နားနားကပ်ပြောတဲ့ သူ့အသံကြောင့် အသက် မျက်လွှာတွေ ဖျတ်ခနဲ ပြန်ဖွင့်သည်။ မျက်ရည်လတ်တချို့တွေကြောင့် ဝေဝါးနေသော မျက်လုံးတွေကို လက်ဖမိုးနှင့် ဘယ်ညာပွတ်ဆွဲသုတ်ပစ်သည်။ ပြောင်းလဲသွားသော မြင်ကွင်းက နောက်ခံဘက် ဝရံတာ ခုတင်ပေါ်မှာ ထိုင်နေသော သူက တစ်ယောက်တည်း။

"ဒါမှမဟုတ် နာကြည်းသွားပြီလား၊ စိတ်ဝင်တစားနဲ့ ပြီးတော့ ရင်နာနာနဲ့ ဆက်ကြည့်နေသလား၊ ကိုယ်မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပခုံးတွန့်ပြီး တရှူးထိုး မော့သောက်သည်။ ဗူးခွံအား ရှောက်ရှားပေါက်ရာ လွှင့်ပစ်တော့ နံရံနှင့်ထိမှန်သံတွေ ဒိုးဒိုး ဒေါင်ဒေါင် ထွက်လာ၏။ ဖဲသားညဝတ်အင်္ကျီရှည်ကြီးက ရင်ဘတ် ဟာပြဲနှင့် ရီဝေဝေမျက်ဝန်းတွေ၊ နီမြန်းမြန်းဖြစ်နေသော မျက်နှာဟာ ယမကာအရှိန်ကြောင့် မူးယစ်နေတာ သိသာပေမဲ့ အသက်ကိုတော့ ရင်ခုန်အောင် ဆွဲဆောင်ထားနိုင်ဆဲ။

"ဒီထက်ပိုဆိုးတဲ့ အဖြစ်အပျက်တွေရှိသေးတာပဲ"

သူက ကင်မရာဘက် တည့်တည့်လှည့်ရပ်ကာ နံရံဆီ ပခုံးတစ်ခြမ်းနှင့် ဆောင့်မှီသည်။ လက်ပိုက်ကာ မထီတရီလှမ်း ကြည့်တာ အသက်ကို ရှေ့တည့်တည့်မှ လာစိုက်ကြည့်နေတဲ့ အတိုင်း။

"ဘယ်လိုလဲ…ရှုံ့သွားလား၊ မုန်းသွားလေား၊ ဒါမှမဟုတ် ချစ်ခဲ့သမျှ ခြေရာပျောက်သွားချင်လား၊ ရွေးပါ၊ မင်းစိတ်ကြိုက် သေချာတာက မင်းနဲ့ကိုယ် ရှေ့ဆက်ဖို့ မဖြစ်နိုင်တာပဲ"

အသက်သည် မလှုပ်မယှက်လေးထိုင်ကာ သူ့ကိုမြင်သမျှ ကြည့်သည်။ သူပြောသမျှ နားထောင်တာ မျက်တောင်မခတ်မိ။





အသက်တောင်ရှူဖို့ အခါမရတဲ့အထိ အရုပ်လေးတစ်ရုပ်ပမာ တောင့်တောင့်လေး။

အပြင်ပိုင်းမှာ လူက တည်ငြိမ်နေပေမဲ့ ရင်တွင်းမှာတော့ ချစ်တတ်သော အနိုင်အခဲတွေ တဖျောဖျော တသောသော ပြိုကျ နေတာ ကိုယ်တိုင်အသိဆုံး။

"ဒါပေမဲ့ မင်းယုံပေးပါ၊ အချစ်ဆိုတာ မင်းနဲ့တွေ့မှ ဖြစ်တည်လာခဲ့တာမျိုးပါ၊ ချစ်တယ်မပြောခဲ့ တွဲခဲ့ရတဲ့ သူတွေ အများကြီး။ စေခိုင်းခဲ့တဲ့ အထိအတွေ့တွေထဲမှာ ညစ်နွမ်းခဲ့ရ တဲ့ ကိုယ့်အရေပြားတွေက မင်းနဲ့တွေ့တဲ့အချိန်မှာ မထိရက် မခွဲရက် ဖြစ်ခဲ့ရတာ ကိုယ်မြတ်နိုးခဲ့လို့ပါ၊ ဒါပေမဲ့ အခု"

ခုတင်ဆီ ကျောခိုင်းလျှောက်သွားရင်း လူဆာ ဗီရိုကို ဆွဲဖွင့်သည်။ အတွင်းက စီရရီချိတ်ထားတဲ့ အင်္ကျီတွေကို ဆွဲဖြုတ် ကာ ခုတင်ပေါ် အသင့်ဖွင့်ထားတဲ့ ဆူကေ့(စ်)ထဲ ပစ်ထည့်တာ သူခိုးတစ်ယောက်လို။

"ကိုယ်ထွက်သွားရတော့မယ်၊ မင်း ဒါကိုကြည့်နေတဲ့ အချိန်မှာ ကိုယ် မြန်မာနိုင်ငံမှာ မရှိတော့ဘူး၊ ဒီတော့ မင်း ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်နာပါ၊ မေ့ပစ်ပါ၊ ဒါဝေမှ မိမုန်းပါနဲ့၊ ကိုယ့်နှလုံးသားက မာနကြီးတယ်၊ ပေးသလောက် ပြန်ရမှ ကျေနပ်တယ်၊ ဒါကြောင့် တစ်သက်မှာ တစ်ခါပဲချစ်တဲ့ မင်းအမုန်းကို ကိုယ်မလို ချင်ဘူး၊ မမုန်းတာကလွဲရင် ကျန်တာ မင်းစိတ်သဘောတိုင်း ထားနိုင်တယ်၊ ဒါပါပဲ နှစ်သက်ကြည်၊ မင်းကို ကိုယ်သိပ်ချစ် တယ်"

ပုရိပ်တွေ ဖျော်ခဲ့ ပျောက်သွားတဲ့အထိ အသက်က မျက်တောင်မခတ်ဘဲ တွေတွေကြီး စိုက်ကြည့်ရင်း မျက်ဝန်းမှ မျက်ရည်ပူတွေက ချောင်းရေလျှံသလို တသွဲ့သွဲ့ စီးဆင်းလျက်။

စိတ်နာခွင့်ရှိသည်။ မေ့ပစ်ရမည်။ သို့သော် အမုန်းအလို မရှိပါတဲ့။

ချစ်ခြင်းတရားဖြင့် စွတ်စိုနီရဲစပြုသော သူမနှလုံးသားသည် အလွမ်းမီးတောက်တွေကြောင့် ချက်ချင်း သွေ့ခြောက်ခြင်း အဖြစ်သို့ ရောက်လေသည်။ အချစ်က ရောက်လာတာ မြန်ဆန်သလောက် ပြန်ထွက်သွားတော့လည်း လျင်လျင်မြန်မြန်။ နှလုံးသားကို ပေါ့ပြု၍ ဝင်ရောက်လာသော အချစ်ဖီအားသည် မှန်တိုင်းထန်သလို ရှိသမျှ ဆွဲမွှေပစ်ပေါက် ဖျက်ဆီးပြီးတဲ့နောက် —

စိုးမိုး [illegible]



စိတ်မနာနိုင်၊ မမေ့ရက်ခဲ့သော စိတ်တို့နှင့် အသက်ဆုတောင်းတာက ဒါ အိပ်မက်ဖြစ်ပါစေ။

* * *

စိုးမိုး [illegible]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ဒါတွေက အိပ်မက်မဟုတ်ဘူး တကယ်ဖြစ်နေတာပါ ဒေါက်တာနန်းသက်ကြည်"

"ရှင်တို့ ဘယ်သူတွေလဲ၊ ဘာကြောင့် ကျွန်မကို ခေါ်လာ ကြတာလဲ"

အခေါက်က မျက်လုံးတွေပြူး ရှေ့မှာရပ်နေသော လူတွေကို ကြည့်ကာ မေးသည်။ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသော ဆူမီးတော့်ရဲ့ မျက်နှာ အထုန့်ပေါက်ကြသောတွေမြည်းပင်။

မေမေနှင့်ကားမှောက်သည့် ကားပေါ်တင်မှာပဲ အဖေ့ကြီး ရှာကိုက်တို့ ပိုက်ခဲ့မပေါ်မှု တောင်းပန်ခေါ်တဲ့အက ဒီရုပ်ပေတော့။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ ဒီဆေးခန်းမှာထိုင်တယ်ဆိုတာ သိပြီးသား ပါ၊ အခါတိုင်းတော့ နှလုံးအထူးကုဒေါက်တာ (   )နဲ့ ပြနေကျ ဒါပေမဲ့ ဒီနေ့က အဲဒီပြနေကျ ဆရာဝန်ကြီးထိုင်တဲ့ရက် မဟုတ်လို့ ပါ၊ အသွားက အသက်ရှစ်ဆယ်ကျော်ပါပြီ၊ ရုတ်တရက်ကြီး သတိလစ်သွားလို့ ခဏဖြစ်ဖြစ် လိုက်ကြည့်ပေးပါ ဒေါက်တာ ရယ်၊ ဟိုဘက်တစ်လမ်းကျော်က တိုက်တင်ပါ"

အမောတကောလည်း ပြောလာသည်။ အသက်တို့ ဆေးခန်းမှာ နှလုံးအထူးကုဆရာဝန် (   )ရှိတာလည်း မှန်ပေ သည်။ ဒီနေ့ သူ့ဆေးခန်းထိုင်ရက် မဟုတ်တာလည်း မှန်နေတာ မို့ တခြား ဘာမှမစဉ်းစားတော့ဘဲ အသက် လိုက်လာခဲ့ခြင်းပါ။

တစ်လမ်းကျော်က တိုက်ဆိုတာ မလွဲပေမဲ့ အခန်းတိုင်း လူမရှိတော့သည့် တိုက်အဆိုပေါင်းကြီး။

"ရှင်တို့အခန်းပဲ လူနေတော့တာလား"

မောင်မည်းမည်း လှေကားပေါ်တက်ကတည်းက စိတ်ထဲ မသိုးမသန့် စဉ်းစားမိ၍ မေးတော့မေးမိသား။

"ဖျက်မိန့်ကျထားတာလေ၊ တခြားလူတွေ ပြောင်းကုန်ပြီ

ကျွန်တော်တို့ပဲ ကျန်တော့တာ"

ဖြေသံက အေးစက်စက်။ အသက် နောက်မှ တစ်ထစ် ချင်းလိုက်တက်ကာ…

"အပေါ်ဆုံးထပ်အထိ တက်သွား"

လေသံက ထိုကတည်းက အမိန့်သံဆန်သွားခဲ့တာ ဒီတိုက်ခန်းထဲရောက်တဲ့အထိ။ မပြောင်းလဲနိုင်တော့။ တိုက်ခန်းက အလင်းရောင် လုံလောက်စွာမရအောင် ပြတင်းပေါက်တွေပါ ပိတ်ထားကာ အခန်းထဲ၌ အရေးပေါ်သုံး မီးအိမ်လေးတစ်ခုသာ ထွန်းထားသည်။ လူက ယောကျ်ားတွေချည်း စုစုပေါင်း ငါးယောက်ခန့်ရှိကာ အခန်းအလယ်ရှိ တစ်ခုတည်းသော ပလပ် စတစ်ခုံမှာ အသက်ကို လွတ်လပ်စွာ ထိုင်ခိုင်းထား၏။ မလွတ် လပ်တာက စည်းကမ်းမဲ့ ကျရောက်လာသော အကြည့်ရိုင်းတွေ ကြောင့်…

"မကြောက်ပါနဲ့ ဒေါက်တာ၊ ဘာအန္တရာယ်မှ မဖြစ်စေ ရပါဘူး၊ ဒေါက်တာ့ကို လက်ဖျားနဲ့တောင် မတို့ဘူး၊ ဒါပေမဲ့ ကျွန်တော်တို့ သိချင်တာလေးတော့ အမှန်အတိုင်းလေး ဖြေပေး





www.burmeseclassic.com

www.burmeseclassic.com



စေချင်ပါတယ်''

ကုတ်အနက်၊ ဘောင်းဘီအနက် ဝတ်ထားသူက ရည်မွန်ချောင်မွှာ ပြောလာခဲ့သည်။ မျက်လုံးမှေးမှေး၊ နှာတံကျတော့လည်း မထင်ရှားဘဲ နှုတ်ခမ်းကျတော့ ပါးလှပ်ကာ နီရဲနေသည့် ထိုလူကတံရုတ်မျက်နှာပေါက်မျိုးမှာ အသားကအစ နီစပ်စပ်။ သူကတော့ အားလုံးရဲ့ခေါင်းဆောင် ဖြစ်ဟန်တူပြီး တပည့်တစ်ယောက်ကို လက်ရိပ်ပြလိုက်တာနှင့် အတွင်းခန်းက ခုံတစ်လုံးဆွဲကာ အသင်ရှေ့တည့်တည့်၌ ချပေး၏။ ခေါင်းဆောင်ဖြစ်ဟန်တူသူက အသင်ရှေ့မှာ မျက်နှာချင်းဆိုင် ဝင်ထိုင်ရင်း…

"ဒေါက်တာ့လို ရိုးရိုးသားသား ဖြူဖြူစင်စင်လေးကို ဒီအရှုပ်ထုပ်ထဲ ဆွဲထည့်ရတာ ကျွန်တော်တို့ စိတ်မကောင်းပါဘူး"

"ဒီအထိ လိမ်ပြီးခေါ်လာတယ်၊ ဒီရောက်တော့လည်း တရားခံလို ဝိုင်းပြီး စောင့်ကြည့်တာ ခံနေရတယ်၊ အဝိုစကားတွေ ပြောပြီး နှစ်သိမ့်မနေပါနဲ့၊ ရှင်တို့သိချင်တာမေး၊ ပြီးရင် ကျွန်မကို ပြန်ခွင့်ပြုပါ၊ ကျွန်မ နားချင်ပြီ"

စိတ်ထဲမှာ ကြောက်ရွံ့ခြင်း ကင်းနေသည်။ ဒီရက်အတွင်း





ပျော်ရွှင်နာကျင်စရာ၊ ကြေကွဲစရာတွေနှင့် အထိတ်တလန့် ဖြစ်စရာတွေက ဆက်တိုက်ဆိုသလို သူမထံ ရောက်လာခဲ့၏။ မလိုချင်ဘဲ ရခဲ့သော ကံကြမ္မာရဲ့ ပဥ္စလက်တွေဟာ ဒီနေ့ဒီရက်အထိ မရပ်တန့်နိုင်သေး။

ခေါင်းခါငြင်းဆန်နေပေမယ့် လက်မခံလို့မရတဲ့ အခြေအနေမှာ ဘာမဆို ရဲရဲရင်ဆိုင်ပစ်လိုက်ရမှာ အကောင်းဆုံးမို့ အသက်က ပြောလိုက်ခြင်းပါ။ ရှေ့မှလူကတော့ သူမပြောတာကို ခေါင်းတညိတ်ညိတ်ဖြင့် သဘောကျသလို ပြုံးရင်း…

"ကောင်းပါတယ်၊ အဲဒီလို ရဲတင်းပွင့်လင်းတာတွေကြောင့် ကြယ်က ဒေါက်တာ့ကို ချစ်သူအဖြစ် ရွေးခဲ့တာနဲ့တူတယ်"

"ကြယ်"

သံယောင်လိုက် ရေရွတ်တာ အံ့ဩလွန်း၍ပါ။ သူပေးခဲ့သော အတွင်းဒဏ်ရာတွေ မကျက်သေးဘဲ သူ့နာမည်ကြားတာနှင့် အခုန်မြန်ချင်သော နှလုံးသားကို စိတ်ရှိသ၍ ထုထောင်းပစ်ချင်ပေမဲ့…

"ဟုတ်ပါတယ် ဒေါက်တာ၊ ကျွန်တော်တို့ သိချင်တာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ့ချစ်သူ ကြယ် ဘယ်မှာရှိလဲရှိတာလေ''

''ကြယ် ဒီမှာမရှိတော့ဘူး''

''ဗိုး...ကာကွယ်ပေးနေတာလား၊ ဒါဆိုရင်တော့ မုဒ

ဝါဒ ကျူးလွန်တဲ့အပြစ်ဒဏ်ရယ်၊ ကျွန်တော်တို့ကပေးတဲ့ အပြ

ဒဏ်ရယ်''

''ဒီမှာ''

စိတ်လိုက်မာန်ပါနှင့် အသက်က ထရပ်တော့ ဘေးဘ

လူတွေအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားရ၏။

''ကျွန်မက ရှင်တို့နဲ့ ဒီလိုနေရတာ ပျော်လွန်းလို့ လိမ်ပြေ

နေတယ်များ ထင်သလား''

''ကျွန်တော်ဆိုလိုတာက''

''ရှင်တို့ရဲ့ ကြယ် ဒီနိုင်ငံမှာ မရှိတော့ဘူး၊ ဒါ ကျွ

ဖြေပေးနိုင်တဲ့ အမှန်တရားပဲ၊ ဖယ်ပေးပါ၊ ကျွန်မ ပြန်တော့မယ်

အသက်က ရှေ့မှလူကို တွန်းဖိုက်ရှောင်ထွက်ရန် ခြေလ

ပြင်ပေမဲ့...

''အိုး...ဒီလိုတော့မရဘူး ဒေါက်တာ၊ ကြယ် ဒီနိုင်ငံ





မှာ ရှိနေသေးတာ သတင်းအတိအကျ ရထားတယ်''

''ဒါဆိုလည်း ရတဲ့သတင်းနောက်ပဲ လိုက်ပေါ့၊ ကျွန်မသိ

တာတော့ ဒါအကုန်ပဲ''

''ဒီလိုဆိုရင်တော့ ဝမ်းနည်းစရာတွေ ဖြစ်ကုန်တော့မှာပဲ

ဒေါက်တာ''

''ဘာပြောတယ်''

ခေါင်းဆောင်က အေးစက်စက်အကြည့်က နှုတ်ခမ်းတွေ

ပြုံးနေပေမဲ့ အပြုံးက နှစ်လိုဖွယ်မကောင်း။

''ကြယ့်ကို မှားစရာ ဒေါက်တာတစ်ယောက်ပဲ ရှိတော့''

''မှားတိုင်း ထွက်လာရအောင် မင်းနေရာရွေးတာမှားနေ

တယ် မိုးကြိုး''

ဟင်းလင်းဖွင့်ထားသော တံခါးဝမှာ ရပ်လျက် ပေါ်လာ

သူက သူမရဲ့ကြယ်။ သူတစ်ယောက်တည်းမဟုတ်ဘဲ သူ့ရှေ့မှာ

ဒိုင်းသဖွယ်ကာထားတဲ့သူက အပေါက်စောင့်ရန်ထားသောလူ။

''ငါက သားကောင်မဟုတ်ဘူး၊ အမြဲတမ်း မုဆိုး''

ပြောင်းလဲခြင်းမရှိသော လည်သံအညီရောင် ဂျာကင်



www.burmeseclassic.com

www.burmeseclassic.com



က ရင်ဘတ်ဖွင့်ဝတ်ထားသည်။ အနက်ရောင်တီရှပ်၊ အနက်ရောင်ဘောင်းဘီနှင့် လက်နှစ်ဖက်စလုံးမှာ အနက်ရောင် လက်အိတ်ကိုယ်စီနှင့် ကြယ့်မျက်နှာက လိုတာထက်ပိုတင်းသည်။ မျက်ဝန်းတွေက အရောင်တွေ ပြိုးပြိုးပြက်ပြက် ထွက်နေပုံက လူစိတ်ပျောက်ကာ တကယ့်ဘီလူးစီးနေတဲ့အတိုင်း။

အသက်ထံ ဝေ့ခနဲ အကြည့်ရောက်ပေမဲ့ ထိုအကြည့်က တစ်ခဏချင်း ပြန်ရုပ်သိမ်းသွားပုံက ဘာမှမဆိုင်သလို။

"မင်း ငါတို့နဲ့လိုက်ခဲ့ပါ ကြယ်၊ ဆရာကြီးက မင်းကို အလိုရှိနေတယ်"

"ငါက အလိုမရှိလို့ သူ့ဆီကထွက်ခဲ့တာ မိုးကြိုး"

"ဆရာကြီးကတော့ မင်းကို မဖြစ်ဖြစ်အောင်ခေါ်ခဲ့ဖို့ အမိန့်ပေးထားတာပဲလေ၊ မင်းမလိုက်ဘူးလို့ ဆုံးဖြတ်ထားပြီးရင်တော့"

မိုးကြိုးဆိုသူက အသက်ထံ ခေါင်းငုံ့ကြည့်ပြီး သူ့တပည့်တွေထံ မေးဆတ်ပြသည်။ ရိပ်ခနဲ ရောက်လာသော လူနှစ်ယောက်က အသက် ဘေးတစ်ဖက်တစ်ချက်စီ ဝင်ရပ်ကာ သူ့မလက်မောင်း



တစ်ဖက်ဆီအား ချုပ်ကိုင်ထားလိုက်တာမို့...

"အို...လွှတ်စမ်းပါ၊ ရှင်တို့ ဒါဘာလုပ်တာလဲ၊ လွှတ် လွှတ်"

အတင်းရုန်းကန်လေ ချုပ်ထားသောလက်တွေက ပိုသန်မာလေ အသက်က သူ့ထံ အားကိုးတကြီး လှမ်းကြည့်ပေမဲ့ ကြယ့်မျက်ဝန်းတွေက မသိကျိုးကျွံပြုကာ...

"မင်းရဲ့ သုံးမရတဲ့ အတွေးအခေါ်တွေ လွှင့်ပစ်လိုက်တော့ မိုးကြိုး၊ ဒါတွေကြောင့်လည်း မင်းက အခုထိ နောက်လိုက်ဖြစ်နေတာ"

"မဆိုင်တာတွေ မပြောနဲ့ ကြယ်၊ မင်း အခု ငါတို့နဲ့ လိုက်မလား၊ ဒီကောင်မလေးကို ငါတို့ခေါ်သွားရမလား"

"စိတ်ကြိုက်လုပ်၊ ခေါ်သွားလည်း ငါပါလာမယ်မထင်နဲ့၊ မင်းဆီက ဒီတစ်ယောက်လဲခေါ်သွားပြီး ငါက ရဲလက်အပ်ရုံပဲ၊ သူ့ကိုခေါ်သွားလို့ မင်းတို့ အကျိုးအမြတ်ရှိမယ်ဆိုရင် ငါမတားဘူး၊ သေချာတာက ငါ့ကိုချည်မဲ့ကြိုးကို ငါ ဘယ်တော့မှ လိုက်မဆွဲဘူးဆိုတာပဲ"





www.burmeseclassic.com

www.burmeseclassic.com



"ကြယ်"

အံ့သြခြင်း၊ မယုံနိုင်ခြင်းတွေနှင့် အသက်ရှူတံဖျားမှ ခေါသံ တိုးတိုးလေး ထွက်သွားပေမဲ့ ကြယ်က ငုံမကြည့်ခဲ့ပါ။

"ဒီရောက်လာတယ်ဆိုတာလည်း သူ့ကြောင့်မဟုတ်ဘူး၊ အားတော့နာတယ် နှစ်သက်ကြည်၊ ဒါတွေက ပြောမှသိမဲ့လူတွေ မို့ပါ"

အသက်ဘက်သို့ လှည့်တောင်းပန်တဲ့ သူ့အား ငေးစိုက်ကြည့်နေမိတာ တစ်ခါမှ မမြင်ဖူးတဲ့သူလိုမျိုးဖြစ်သည်။ သူ့ရက်စက်တယ်ဆိုတာ သိခဲ့ပေမဲ့ ဒီလောက်အထိ ပြတ်သားနိုင်မှန်း အသက် မရိပ်မိခဲ့။

"ငါ ဒီကိုခြေချတာ မင်းတို့လှုပ်ရှားသမျှ ငါသိနေတယ်ဆိုတာရယ်၊ ကြောက်လွန်းလို့ ပုန်းနေတာမဟုတ်ဘူးဆိုတာရယ်ကို မင်းတို့ဆရာကြီးနားထဲပေါက်အောင် ပြောပြလိုက်၊ မျက်နှာလွှဲသွားတိုင်း ကြောက်တယ်မထင်နဲ့၊ မတူမတန်လို့ မကြည့်တာ လည်းရှိတယ်"

"မင်း"





ရှုးရှုးရှဲရှဲ ဒေါသတွေနှင့် ပြေးထွက်သွားသော မိုးကြိုးဆိုသူထံ ကြယ်က ချုပ်ထားသောသူကို ဆောင့်တွန်းလွှတ်ပေးသည်။ လမ်းတစ်ဝက်မှာတင် ရင်ချင်းအပ်တိုက်မိ၍ နှစ်ယောက်သား ဝရုန်းသုန်းကား ဖြစ်သွားချိန်မှာပဲ ကြယ့်ညာလက်က ရိပ်ခနဲ လှုပ်ရှားသွားသည်။

"ခွမ်း"

"ခွမ်း"

ပိတ်ထားသော ပြတင်းပေါက်မှန်တွေ တစ်ခုပြီးတစ်ခု ကွဲသွားခြင်းရဲ့နောက်မှာ အားလုံးက ထိတ်လန့်မှင်သက်သွားပေမဲ့ အခြေအနေ တည်ငြိမ်၍ ဖျတ်ခနဲ ကြယ့်ကိုကြည့်တော့ မတွေ့ရတော့။

"အာ··ဒီကောင်၊ ဟိတ်ကောင်တွေ လိုက်ကြစမ်း၊ အရှင်လတ်လတ်တွေ့ပြီးမှ လွှတ်သွားလို့မဖြစ်ဘူး"

အမိန့်သံကြောင့် တစ်ခန်းလုံး ပျာယာခတ်ပြီး ပြတင်းပေါက်များ အရင်ပြေးကြည့်သူနှင့် လှေကားတစ်လျှောက် တဒိုင်းဒိုင်းပြေးဆင်းသူတွေကြားမှာ အသက်က တန်ဖိုးမဲ့အရုပ်တစ်ရုပ်



www.burmeseclassic.com

www.burmeseclassic.com



အလား။ ပြေးခွင့်ရပါလျက် ထွက်မပြေးနိုင်။ နားထဲကြားယောင်နေတာက သံရည်ပူတွေလို ပူပြင်းသည့်သူ့စကားများ။

"သေချာတာက ငါ့ကိုချည်မဲ့ကြိုးကို ငါဘယ်တော့မှလိုက်မဆွဲဘူး"

ကိုယ်က သူ့ကိုချည်မဲ့ကြိုးစလား။ ကြိုးတစ်စဖြစ်ခဲ့ရင်တောင် အသက်က သူလိုရာစေဖို့ ပုံချပေးခဲ့တာ။ သူမသိဘူးတဲ့လား။

"ဆရာ…ကျွိုင်တော့တက်ပြီ"

"ဘာဖြစ်လို့လဲ"

ပြတင်းပေါက်မှ တစ်ယောက်က ချက်ချင်းနံရံကိုကွယ်ရပ် ရင်း…

"ပတ္တရောင်ရဲတွေ ဆရာ၊ ဟိုကောင် ဒီအခန်းကိုလက်ညှိုးထိုးပြီး ပြောနေတယ်၊ ရဲတွေတက်လာပြီ"

"တောက်"

ပြင်းထန်တဲ့ တောက်ခေါက်သံကြီးက ဒေါသကို ဖိနှိပ်ထားရသည့်နှယ် မချိမဆန့်ထွက်လာပြီးမှ…





"နောက်ဖေးလှေကားက ဆင်းမယ်"

ညွှန်ကြားချက်ပေးသည်။ ထွက်ခွာရန် ခြေလှမ်းပြင်ပြီးမှ အသက်ကို သတိရသလို တစ်ချက်ငဲ့ကြည့်ပြီး…

"ဆောရီး ဒေါက်တာ၊ နောက်ဆုံတဲ့အခါမှ သေသေချာချာ တောင်းပန်ပါ့မယ်"

အသက်က မတည်မငြိမ်နှင့် မျက်နှာလွှဲရင်း…

"နောက်မဆုံဖို့ပဲ မျှော်လင့်ပါတယ်"

တိုးသဲ့သဲ့ဆိုမိသည်။ မဆုံချင်တော့ပါ။ မကြုံချင်တော့ပါ။ ကြုံဆုံ၍ ချစ်ခဲ့ခြင်းနောက်မှ ရခဲ့တဲ့ဒဏ်ရာက အသည်းကွဲခြင်းမို့…

သူပြောခဲ့သော အချစ်က ဒါပဲလား။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ငါကတော့ သူမဟုတ်တာပဲ ဝမ်းသာတယ်"

"ငါက သူလို့ထင်နေတုန်းပဲ ရှင်းရှင်းရယ်"

"နင် မရှုးစမ်းပါနဲ့ဟာ"

ရှင်းရှင်းက ငေါက်ဆတ်ဆတ်ပြောပြီးမှ စိတ်မကောင်းဖြစ်သွားတာမျိုးနှင့် အသက်ကို ငဲ့ကြည့်သည်။ သတိမေ့သွားတဲ့နေ့ကစပြီး အိပ်ရာပေါ်မှာပဲ လှဲနေတာ နှစ်ရက်ရှိပြီ။ ဒီနေ့မှ ထူထူထောင်ထောင် ဖြစ်တာနှင့် ရန်စကား စပြောရတာပဲဖြစ်၏။

ကုတ်ထောက်ဆံပင်တွေကို သားနှစ်ဖက် ခွဲစည်းကာ ချည်သားအင်္ကျီနှင့် ဆောင်းဘီပွပွလေး ဝတ်ထားသော အသက်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်လှည့်၊ စဥ့်အိုးကြီးထဲ ရေထမ်းထည့်ကာ အိမ်ပေါ်တစ်ချက်မှ လှမ်းမကြည့်ဘဲ ခေါင်းကြီးငိုက်စိုက်နှင့် ခြံဝိုင်းအပြင် ခြေလှမ်းကျဲကြီးတွေနှင့် ထွက်သွားသော နွေမောင်ဆိုသူကိုတစ်ချက် လှမ်းကြည့်ရင်း…

"နွေမောင်က ကြယ် ဖြစ်နိုင်တယ်လို့ မထင်ပါဘူး၊ နင့်ကြယ်က အမြဲတမ်း ဆရာကြီးအထာအပြည့်နဲ့"

"ဒါတွေက ဟန်ဆောင်ပြီးနေလို့ရတာပဲကို"

"ကျစ်…လိုရာဆွဲပြောမနေစမ်းနဲ့ အသက်ရာ၊ နင်က တွေ့တာနဲ့ ပစ်ယုံတတ်တဲ့ သူငယ်နှပ်စားမဟုတ်ဘူး၊ နည်းနည်း ပါးပါး ခေါင်းသုံးဦးမှပေါ့၊ ဆရာဝန်ဖြစ်လာတဲ့ နင့်ဦးနှောက်ကို ငါတကယ်အံ့ဩတယ်"

အသက်မှာ မခံချိမခံသာဖြစ်ကာ ဈွေစောင်းစောင်းနှင့် ဗြုံလိုက်ကြည့်ကြည့်ရင်း…

"အံမယ်…နင်က"

"နင်က လုပ်မနေနဲ့၊ နွေမောင်ကိုကြည့်၊ လူတောထဲ မတိုးရဲတဲ့အပြင် ရှက်တတ်လိုက်တာလည်း နှစ်ယောက်မရှိဘူး"





အသက်က ခြံဝိုင်းထဲဝင်လာပြီဖြစ်တဲ့ နွေမောင်ဆိုသူကို လှမ်းကြည့်သည်။ အရပ်မြင့်တာလည်း တူသည်။ အသားအရည် ကျတော့ ကြယ်က ကြည်လင်ဝင်းဖန့်နေတာမျိုးဖြစ်ပြီး ဒီတစ်ယောက်က ကြေးနီရောင်သမ်းနေတာမျိုးမို့ နေလောင်ခံရဖန် များ၍လို့ ယူဆ၍ရသည်။ ဒါဟာ နဂိုအသားဖြူတဲ့သူမျိုးမို့ ဒီအရောင်ပေါက်တာလို့ အသက်က ပြောမိတုန်းကတောင် ရှင်းရှင်း က…

"မည်းတဲ့သူလည်း ဒီအရောင်ပေါက်တတ်တာပဲ"

"ဟဲ့…အသားမည်းတဲ့သူက နေလောင်ခံရင် ပြာပြီးမွဲ ခြောက်သွားတာ"

အသက်က မရမကငြင်းတော့ ရှင်းရှင်းမှာ စိတ်ကုန်သလို ချက်ခုံးတတွန့်တွန့်နှင့်ကြည့်ကာ…

"သွားပြီ…နင်တော့၊ အသားအရေတွေ ဒီလောက်ခွဲခြား ပြီး ပြောနေရအောင် အသားဖြူခရင်(မ်)တွေ ဘာတွေထုတ်ဖို့များ အစီအစဉ်ရှိနေသလား"

အသက်ကတော့ ကိုယ့်ရှေ့ကလူကို ကြယ်လို့ပဲထင်ချင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သနပ်ခါးပါးပြင်အပြည့် လိမ်းတာရယ်၊ ရှက်တတ်တဲ့ အကျင့်ရယ်၊ တောသားဟန်တွေရယ်က မြန်နိုင်းဆို ပုံစံပြောင်း ပစ်လို့ရတာမျိုးပဲ မဟုတ်လား။ နွေမောင်ကတော့ အိမ်ပေါ်မှ အသက်တို့ ကြည့်နေတာကိုလည်း ဂရုပြုဟန်မတူ။ ရေထမ်း တံပိုးကို စဉ့်အိုးပေါ် ကန့်လန့်ဖြတ်တင်ကာ ရေပုံးကို တစ်ပုံးပြီး တစ်ပုံး မှွဲထည့်သည်။ ထို့နောက် ရေပုံးအလွတ်တွေအား တံပိုး နှင့်လျှိုပြီး ခြံပိုင်းထဲက ထွက်တာ မြန်မြန်ဆန်ဆန်။

အသက်က သူ့လှုပ်ရှားမှုကို မျက်တောင်မခတ် ကြည့်နေ သလို အသက်အား အသက်မရှုစတမ်း ပြန်ကြည့်နေသူ ရှင်းရှင်း။ နှစ်ယောက်စလုံးရဲ့ မြင်ကွင်းမှ နွေမောင်ပျောက်ကွယ်သွား မှ…

“ငါတော့ နှင့်ကို ဒီရွာခေါ်လာတာ မှားပြီနဲ့တူတယ် အသက်ရယ်၊ နှင့်ဒဏ်ရာမကျက်ဘဲ ဒဏ်ရာတွေပိုတိုးလာအောင် လုပ်ပေးနေတာနဲ့ တူနေပြီ”

အသက်က ခပ်ပြုံးပြုံးနှင့် လှည့်ကြည့်ကာ ဒူးနှစ်ဖက် ယောင်ထားသည့်အပေါ် ပါးလေးအပ်ရင်း…





“ငါ့ဒဏ်ရာတွေ ပျောက်သွားမှာ ဆိုရင်ရော”

“မဖြစ်နိုင်ဘူး”

“ဟဲ့…ဘာလို့မဖြစ်နိုင်ရမှာလဲ”

“နွေမောင်က နှင့်ရဲ့ကြယ်မှ မဟုတ်တာ၊ သူ ဒီကိုရောက် တာ တစ်နှစ်ကျော်ပြီလို့ ဘဘုန်းကိုယ်တိုင် မိန့်ခဲ့တာလေ၊ နှင့်ကြယ် က နှင့်နားထွက်သွားတာ တစ်လကျော်လေးရှိသေးတဲ့ဥစ္စာ၊ လူတစ်ယောက် နှစ်ကိုယ်ခွဲလှုပ်ရှားဖို့ အဲဒီလောက် အချိန်တွေ မကွာဟနိုင်ဘူး အသက်၊ ပြီးတော့…”

စကားကိုဖြတ်၍ ရှင်းရှင်း စိုက်ကြည့်ပုံက အသက်ကို စိတ်မသက်သာစွာနှင့်ဖြစ်ပြီး အသက်ကတော့ မျှော်လင့်ခြင်းများစွာ နှင့် ဖြစ်သည်။ ရှင်းရှင်းက ပင့်သက်တစ်ရှိုက်ကို အားအဖြစ် ရှိုက်သွင်းယူပြီးမှ…

“နွေမောင်က တောသား၊ ဘုန်းကြီးကျောင်းသား စစ်စစ် တစ်ယောက်ပါ”

အသက် အကြည့်တွေက ရှင်းရှင်းထံမှတစ်ဆင့် အညာ နေရဲ့ နွေနွေလည်ခင်းတွေဆီ ရောက်သွားသည်။ အသက်အတွက်



www.burmeseclassic.com

www.burmeseclassic.com



တော့ ယုံနိုင်ဖွယ်ရာ မကောင်းသည့်စကားတွေဖြစ်ပြီး တကယ်
အသက်က အချစ်ပျောက်ရှာသော အချစ်ရူးတစ်ယောက်အလား

*   *   *

အခန်း (၁၅)

"တောက်…တစ်ယောက်မှ သောက်သုံးမကျဘူး"

ခေါင်းကြီးမောကြီး ရှေ့ရှတ်တာမဟုတ်တဲ့ အားမလိုအားမရ ဖြစ်၍ မြည်တွန်ခြင်းမျိုးလား။ ရှေ့တင်ရပ်နေသော သုံးယောက် လုံး ခေါင်းတွေအသျှိုလျှို ငုံ့ကျသွားတာ ကြည့်ပြီး မခံမရပ်နိုင် ဖြစ်ရကာ…

"အလကားကောင်တွေ၊ အခု ဟိုကောင်ကလည်း ခြေရာ ပျောက်ပြီး မျက်စိရှေ့ရှိတဲ့ ဟိုဟာမလေးပါ အလိုလိုပျောက်သွား ပြီ၊ ကဲ ဘယ့်နှယ်လုပ်ကြမလဲ မိုးကြိုး ဟမ်"

နာမည်တစ် အမေးခံရ၍ မိုးကြိုးခေါင်းက ဟိုးအဝီစိထိ



www.burmeseclassic.com

www.burmeseclassic.com



ထိုးဆင်းသွားသည့်နှယ် ဇက်ကြီးကျိုးမတတ် ငုံ့ဆင်းသွားရသည့် ဦးမင်းဒင်က ဒါကိုပဲ ဒေါသဖြစ်စွာနှင့်…

"မင်းတို့ကို အဲဒီအရေးတွေကြုံမြင်လို့ လူအင်အားသုံး[illegible] ဒီကောင်မလေးကို စောင့်ကြည့်ပါလို့ ငါ အတန်တန်ပြောထား[illegible] ကြားက အခုဖြစ်ပြီ၊ ဟိုကောင်တစ်ကွက်ရွှေ့တာနဲ့ မင်းတို့ တပ်[illegible] မှိုလ်ပါအကုန်လုံး မျက်လုံးပြူးမျက်ဆံပြူးနဲ့၊ ဟိုက [illegible]ကောင် မခတ်နဲ့၊ အဲဒီအချိန်လေးအတွင်းမှာ မင်းတို့ကို မျက်လှည့်ပြသွား[illegible] တာများ"

"ဒီကောင် သုတ်ပြေးသွားတာတော့ မဖြစ်နိုင်ဘူး ဆ[illegible] ကြီး"

မရဲတရဲ ဝင်ပြောပြီး ဆရာကြီးဆိုသူက မျက်လွှာ[illegible] ကြည့်တော့ ဆက်ပြောရန် သတ္တိမရှိတော့သလို တံတွေးအ[illegible] မြိုချနေသည့် မိုးကြိုးက…

"ဟို…ဒီလိုပါ၊ ဒီကောင့်ကြည့်ရတာ ကောင်မ[illegible] အပေါ် သံယောဇဉ်ရှိပုံ မရဘူးလို့ထင်တယ် ဆရာကြီး"

"အဲဒါတော့ ဆရာမိုးကြိုးပြောတာ ကျွန်တော်တို့လ[illegible]





တယ် ဆရာကြီး"

ဘေးမှနှစ်ယောက်ပါ အားတက်သရော ဝင်ပြော၍ မိုးကြိုး မှာ အားတက်လာဟန်ရှိပြီး…

"ဒီကောင့်ကိုမျှားဖို့ ကောင်မလေးကို ကျွန်တော်တို့ ဖမ်းဖူး တယ်၊ ဒါပေမဲ့ ကောင်မလေးကိုထားပြီး ဒီကောင်ထွက်သွားတာ စိတ်တိုင်းကျ လုပ်ပါတဲ့၊ သူ့ကိုချည်မဲ့ကြိုးကို သူလိုက်မဆွဲဘူး တဲ့"

ဖန်ခွက်ထဲက ပယင်းရောင်အရည်တွေကို ဦးမင်းဒင်က တရှူးထိုး မော့ချရင်း ခဏငြိမ်သက်သွားခဲ့သည်။ စက္ကန့်ပိုင်းမျှ စဉ်းစားခန်းဝင်ပြီးမှ…

"ဒီကောင်နဲ့ကောင်မလေး အတူရှိနေတုန်း မင်းတို့က ချဲခဲ့တာလား"

"မဟုတ်ဘူး ဆရာကြီး၊ ကောင်မလေးကို သီးသန့်ခေါ် ပြီးမှ ဒီကောင်ရောက်လာတာ"

"ဒီကောင် မျက်စိရှေ့ ရောက်လာတာတောင် မင်းတို့က [illegible]တ်ပေးတယ်၊ အဲဒီလိုလား"



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ မတ်တပ်ထရပ်တာ စိတ်နောက်ကိုယ်ပါ ဖြစ်သွားကြသလားမသိ။ တပည့်သုံးယောက်က အကုန်တုန်အလှုပ်လှုပ် ဖြစ်သွားရင်း…

"မဟုတ်ဘူး ဆရာကြီး၊ ဒီကောင် မလိုက်ရင် ကောင်မလေးကို ခေါ်သွားမယ်လို့ ပြောတာပဲ၊ ဒီကောင်ခေါ်သွားဆိုပြီး ကိုယ်လွှတ်ရုန်းသွားတာ၊ ပြီးတော့ ရဲတွေလွှတ်လိုက်တာပဲ ဆရာကြီး၊ ကျွန်တော်တို့ဘက်က ဝရန်းသုန်းကားအသံတွေ ထွက်ထားတာရယ်၊ ကောင်မလေးကို ခေါ်လာဖို့ ဆရာကြီးဆီက အမိန့်မရခဲ့တာတွေကြောင့်"

"ဒုန်း"

"ခွမ်း"

ဒေါသတကြီး ဖန်ခွက်ကိုင်ပေါက်လိုက်တာမို့ နံရံနှင့်အရှင်ထိပြီးမှ ကွဲကျသံတွေက ဆက်တိုက်ထွက်လာ၏။ စကားပြောနေသည့် မိုးကြိုးအသံက ရောက်သည့်နေရာမှာ တိခနဲ ပြတ်ကျသွားသည်။

"အဲဒါကြောင့် ငါ မင်းတို့ကိုပြောတာ၊ တစ်စက်မှ





သောက်သုံးမကျတဲ့ကောင်တွေလို့၊ သူစိတ်မပါဘဲ မင်းနဲ့ကောင်မလေးရှိတဲ့နေရာကို ရောက်လာမလား၊ ပြောစမ်း၊ အလကားသူဆောင်းစားတွေ၊ ဖြုတ်ဦးနောက်နဲ့ကောင်တွေ၊ ဟိုက အကွက်ရွှေ့တာနဲ့ မင်းတို့က မျက်စိလည်နေပြီ၊ ရဲလွှတ်လိုက်တယ်ဆိုကတည်းက ဒီကောင်မလေးကို လွှတ်စေချင်လို့ပေါ့"

"ဒါပေမဲ့ သူပြောတာက"

"မင်းပါးစပ်ကို ပိတ်ထား"

ဦးမင်းဒင်က ဒေါသတကြီးအော်ရင်း ဆိုဖာရှေ့ မှန်စားပွဲကို မရွှံ့ ဓောင်းချလိုက်တော့ အခန်းထဲမှာ မှန်ကွဲသံတွေ၊ ဒုန်းဒိုင်းမြည်သံတွေက ကမ္ဘာကွက်ပျက်သည့်အလား ဆူညံပွက်လောရိုက်သွား၏။

"သွား…မင်းတို့ထွက်သွား"

ကြိုးအော်တော့လည်း ဘယ်သူမှ တစ်မိနစ်၊ တစ်စက္ကန့် သက် ပိုမနေရဲ။ အခန်းထဲမှ လေအဟုန်အတိုင်း မြန်မြန်ဆန်ဆန် ထွက်သွားတာ တစ်ခဏချင်း။ အခန်းထဲ ရှင်းလင်းတိတ်ဆိတ်သွားမှ ဦးမင်းဒင်က ပွစာကြဲသွားတဲ့ မြင်ကွင်းကို ဝေ့ဝဲကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာပေါ် ထိုင်ချမိတာ အရုပ်ကြိုးပြတ်။

ဒေါသကြောင့် အရေပြားဆီ ဆောင့်တိုးနေတဲ့ သွေးခုန်နှုန်းကြောင့် မျက်ဝန်းတွေကို မှေးမှိတ်ထားတော့ အတိတ်ရဲ့အမြင်လွှာက တရိပ်ရိပ်ပေါ်လာတာ ခေတ်ဟောင်းရုပ်ရှင်ကားတစ်ကားလို။ သူ့ဘဝမှာ မကောင်းမှုတွေ အများကြီး ကျူးလွန်ဖူးသည်။ သူများမျက်ခုံးမွေးပေါ် စကြိန်လျှောက်သည့်ကိစ္စရပ်တွေလည်း အများကြီးမှ တကယ့်အများကြီး။

ထိုစိတ်အရင်းခံက တစ်ဦးတည်းသော မိတဆိုးသမီးလေး ပြီးတော့ မွေးရာပါနှလုံးရောဂါသည် သမီးလေးကို မတောင့်မတ မကြောင့်မကြ ထားလိုခြင်းကြောင့် ဖြစ်သည်။ မိခင်ဆီက နှလုံးရောဂါကို လက်ဆင့်ကမ်း သယ်ခဲ့သူက သမီးလေးဖြစ်ပြီး ထိုရောဂါကြောင့်ပင်...။

"ငွေကို အထုပ်လိုက် ပုံထားရမလိုဖြစ်နေပြီ မင်းဒင်နှင့်သမီးက မွေးကတည်းက ချုချာတာ ရောဂါပေါင်းစုံ ကန်ထရိုက်ဆွဲထားသလားလို့တောင် ထင်ရတဲ့အထိ၊ ရောဂါဖြစ်တော့လည်း ရိုးရိုး ပါရာစီတမောလေး၊ ဘာမိတ္တန်လေးနဲ့ ပျောက်တာမဟုတ်





ရပ်ကွက်ထိပ်ဆေးခန်းတောင် သွားလို့မရဘူး၊ အထူးကုဆေးခန်းမှ ဆိုတော့"

"အမေကလည်းဗျာ"

"ဘာအမေကလဲ...ငါပြောတာ မှားသလား၊ ဒီလောက်ရာစိုက်၊ ပိုးမွေးသလို မွေးနေတာတောင် ဒီမှာ မင်းသမီးက အခုမှလသားရယ်၊ မင်းချစ်တာ လပိုင်းပဲရှိပေမဲ့ မင်းကို ငါချစ်ရတာ နှစ်ချီနေပြီ၊ မင်းပင်ပန်းတာမြင်ရင် ငါ့ရင်ထဲ မချိအောင်နာတယ် ငါ့သား၊ မင်းသမီးကို မင်းချစ်သလို ငါလည်း မင်းကို ချစ်တယ်"

အမေ့စကားတွေ မှန်နေတော့လည်း သူ ဘာမှပြန်မပြောနိုင်။ ဒါပေမဲ့ အပြစ်မဲ့တဲ့ သမီးလေး။ ပြီးတော့ နောက်ဆုံးထွက်သက်ရောက်တာတောင် သမီးအတွက် စိတ်မဖြောင့်ရှာဘဲ...

"ကတိပေးပါ အစ်ကိုရယ်၊ သမီးလေးကို အသက်ရှည်ရှည် ကျန်းကျန်းမာမာနဲ့ မွေးပေးပါ့မယ်ဆိုတာ"

ပြန်စဉ်းစားတိုင်း ဝင်လေကို ရင်ဘတ်ဟောက်တက်အောင် ရှူရှိုက်နေရတဲ့ ဇနီးသည်မျက်နှာက ထင်းခနဲပေါ်လာစမြဲ။



www.burmeseclassic.com

www.burmeseclassic.com



ထိုထိုသော အကြောင်းတရားများကြောင့် ဦးမင်းဒင်က လက်ရဲဇက်ရဲ နိုင်လာသည်။ တစ်ကိုယ်ကောင်းဆန်လာသည်။ ဘယ်သူဘာဖြစ်ဖြစ် ကိုယ်ကောင်းဖို့သာ ရှေးရှုသော သက်တမ်းတစ်လျှောက်မှာ ရာဇဝတ်မှုတွေလည်း ကျူးလွန်ဖူးသည်။ သူပိုင်ငါပိုင် အငြင်းပွားရင်းက လက်လွန်ဖူးတာတွေ အများကြီး။ သို့ပေမဲ့ တောင့်တင်းသော အင်ပါယာ လွှမ်းမိုးခြင်းအောက်မှာ မြှုပ်ဖူးသမျှ ကျူးလွန်ခြင်းတွေက လေနှင်ရာလွင့်သော တိမ်စတွေနှယ်။ ခြေရာကောက်မရအောင် ပျောက်ပျက်သွားသည်။

ရာဇဝတ်မှုကျူးလွန်ပြီးတိုင်း နောင် ဒါမျိုးမဖြစ်အောင် ဆင်ခြင်မည်ဟု တွေးထားသမျှက လောဘ၊ ဒေါသ၊ မောဟတွေ မျှဉ်းပြိုင်ပြေးတဲ့အောက်မှာ နစ်မြုပ်သွားတတ်စမြဲ။

ဒီကြားထဲမှာ သမီးလူလားမြောက်လာသည်။ ကိုယ်က အစစအရာရာ မျက်နှာလွှဲရသော တပည့်ရင်းတစ်ယောက်ရှိပြီ။ လက်ချိုးမရေတွက်နိုင်သော တရားမဝင်လုပ်ငန်းတွေနှင့် ဟန်ပြ ကုမ္ပဏီကြီးတစ်ခု ပိုင်သည်။ ချောမောနုနယ်သော ဇနီးအဖြစ် ဒေစီဆိုသူကို အနားမှာထားရှိ၍ ဘဝရဲ့ချမ်းသာသုခက ဒါပဲလား





သို့ မေးမယ်ကြံတုန်းမှာပဲ…

အားထားရသော တပည့်ကြောင့် သမီးနှင့်ဇနီး ပြဿနာ တက်သည်။ နှလုံးရောဂါအခံနှင့် သမီးကဆုံးသည်။ ဇနီးက တပည့်ဖြစ်သူအား အယုံလွန်၍ ရှိသမျှ စည်းစိမ်ကို ထိုးအပ်လိုက် သည့်သတင်း ကြားရသည့်အချိန်မှာ သူက တိုင်းတစ်ပါးရောက် နေချိန်။ သတင်းကြားကြားချင်း ပြန်လာခဲ့ပေမဲ့ ဒီရောက်တော့ သူပိုင်ဆိုင်မှုတွေက ပြာအတိကျသော မီးလောင်တစပြင်နှယ်။ သောကပရိဒေဝမီးတွေ ကျွမ်းလောင်ခြင်းကြားမှ သူက နောက်ဇနီး သည်နှင့် တမည့်ကြယ်တို့ကို ရှာပုံတော်ဖွင့်ခဲ့သည်။

ဒေစီကို တွေ့ခဲ့သည်။ ကျားလက်ထဲရောက်တဲ့ သားသမင် နှယ်။

"ဒေစီ ကျေးဇူးကန်းမိပါတယ် အစ်ကိုကြီးရယ်၊ ကြယ် ယုံလောက်အောင်ပြောတာကို ပုံခဲ့မိပြီး ဒေစီ မိုက်ခဲ့မိပါတယ်၊ ကြယ်က အခု ဒေစီ့ကိုထားသွားပြီ၊ သူဘယ်မှာလဲဆိုတာ ဒေစီ ဘာကယ်မသိတာပါ အစ်ကိုကြီးရယ်၊ ဒေစီအသက်ကို ချမ်းသာပေး ပါ၊ ဒေစီ အစ်ကိုကြီး အရိပ်မခိုရရင်နေပါ၊ ဒါပေမဲ့ ဒေစီ့ကို



www.burmeseclassic.com

www.burmeseclassic.com



မသတ်ပါနဲ့နော်၊ ဒေစီ တောင်းပန်ပါတယ်''

ခြေဖမိုးမှာ ဈက်နှာအပ်ရင်း အလူးအလိမ့် တောင်းပန်ပေမဲ့ ရက်စက်ခြင်းသာရှိ၍ ခွင့်လွှတ်ခြင်းမဲ့သော သူက လက်ညှိုးတစ်ချက် ကွေးရုံနှင့် ဒေစီအသက်အား နုတ်ယူပြီးသားဖြစ်သွား၏။ ထိုအချိန်မှစ၍ လက်စားချေလိုခြင်းစိတ်တွေနှင့် သူ ရှင်သန်ခဲ့ခြင်းရဲ့နောက်မှာ။

''ဆရာကြီး''

ခေါ်သံက အတိတ်ထဲ တစ်ပတ်အလည်ရောက်နေသော ဦးမင်းဒင်ရဲ့ စိတ်ခြေလှမ်းတွေကို ဆွဲခေါ်ပစ်လိုက်တာနှင့်တူသည်။ အခန်းတံခါးနား လှမ်းကြည့်တော့ သူ့တပည့်ကျော် မိုးကြိုးက ခပ်ယို့ယို့ရပ်လျက်...

''ပြော''

''ကောင်မလေးကို ခြေရာခံမိပြီ ဆရာကြီး''

''အခု ကောင်မလေးက ဘယ်မှာလဲ''

''စစ်ကိုင်းနားက ရွာစွန်လေးမှာတဲ့၊ ဟို အဲဒီမှာ ကြယ်နဲ့ တူတဲ့ တောသားတစ်ယောက်ပါတွေ့တယ်တဲ့''





ကြယ်ဆိုသော အသံကြားတာနှင့် ခန္ဓာကိုယ်ထဲက သွေးကြောတွေ ဖိုးဖိုးဖျစ်ဖျစ် မြည်သံပေး၍ ရှန်းကြွလာပြီလို့ ထင်သည်။ ဦးမင်းဒင်က ဆိုဖာလက်တန်းပေါ် တင်ထားသည့် လက်တွေကို ဖြည်းဖြည်းချင်း ဆုပ်ရင်း....

''အဲဒီရွာကို လိုက်ရအောင်၊ အခု စီစဉ်''

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

"ဟဲ့…ဪ အသက်ရယ်၊ ဟိုမှာလက်ပြနေတယ်လေ၊ နှုတ်ဆက်ပါဟဲ့ စိတ်ဖြောင့်ဖြောင့်၊ နင်ကတော့ တကယ်ပဲ အကုန်ရိပ်မိတော့မယ်"

စိတ်ညစ်သလို ရှင်းရှင်းက ငြီးငြူရင်း အသက်ပါးကိုပါ သေမသာနှင့် ဆွဲဆိတ်သည်။ ဆွဲဆိတ်လည်း ခဏပင်။ အသက် ချက်လုံးတွေက နွားလှည်းပေါ် ထိုင်နေကြပြီဖြစ်သော ယုယနှင့် သန့်စင်ထံမရှိဘဲ အထုပ်အပိုးတွေ အကြိမ်ကြိမ်အခါခါ သယ်မဆုံး ဖြစ်နေသော သူ့ထံသာ တဝဲလည်လည်။ နေပူခံအောင် ခေါင်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



ခမောက်ဆောင်းထားပြီး အင်္ကျီကျတော့ ရှပ်အင်္ကျီကို လက်တွေ ဖြတ်ထားတာမို့ ချိုင်းပြတ်အင်္ကျီလိုဖြစ်နေ၏။ ပုဆိုးတိုတို ခါးပုံး အကြီးကြီး ထုတ်ချထားသော သူက အရင်တုန်းက ကြယ်နှင့် တကယ်တခြားစီ။

"နင်တို့ အကြာကြီး မနေကြနဲ့နော်၊ ရှေ့လထဲဆို ခွင့်ရက် ကုန်ပြီဟ၊ လုပ်ငန်းခွင်ဝင်ဖို့ အားလေးဘာလေး မွေးထား"

ယုယက ဘုန်းကြီးကျောင်းဝင်း၌ ရပ်နေသော အသင် တို့ကို လှမ်းအော်သည်။ သန့်စင်က နွားလှည်းနောက်မြီးမှ ခြေထောက်တွဲလွဲ ချထိုင်ရင်းက..

"သူတို့က အားမွေး၊ မိယု..နင်နဲ့ငါက ကလေးမွေး"

"ဘာ"

"ဖြည်းဖြည်းအော်စမ်းပါဟ၊ ငါတောင် နစ်နာဦးမှာ"

"နစ်နာမှာမဟုတ်ဘူး၊ နင့်ကိုငါ ညှစ်သတ်မှာ"

"ဘယ်ကို ညှစ်သတ်မှာလဲ...အဟဲ"

ရယ်ကျဲကျဲနှင့် သန့်စင်က လက်နှစ်ဖက်ရှေ့ချရင်းပြော တော့ ယုယက...





"လည်ပင်းကိုဟဲ့..လည်ပင်း"

အော်သည်။ ညှိသည်လိုက်ပို့ကြတဲ့ ရွာထဲကလူတွေမှာ တဟေးဟေး တဟားဟားနှင့် ပွဲကျမဆုံး။

"တကယ်ဆို ငါတို့ပါ ပြန်လိုက်သွားရမှာ၊ ဒီရွာမှာ နေရတာ မီးမရှိ၊ ကိုရီးယားကား မကြည့်ရနဲ့ ငါတော့ သေချင်တာပဲ အသက်ရယ်"

"နင့်အမေက နေခဲ့တာကိုး"

"အောင်မယ်လေး..ငါ့အမေကို ခေါင်းစဉ်မတပ်စမ်းပါနဲ့၊ ဒါ သူ့ရွာ၊ အစ်ကိုတွေ အမျိုးတွေတစ်ပုံကြီး၊ ထားခဲ့လည်း ဘာမှ မဖြစ်ဘူး၊ ငါ ဘာကြောင့်နေခဲ့ရလဲဆိုတာ နင် အသိဆုံးပါ နှစ်သက် ကြည်ရယ်"

"အေးပါဟယ်၊ ငါ နင့်ကို ကျေးဇူးတင်ပါတယ်၊ အလွန် ဆုံးကြာလည်း တစ်ရက် နှစ်ရက်၊ တစ်ပတ်ပေါ့"

"အေး..တစ်ရက် နှစ်ရက်ဆိုတော့ ပေါင်း သုံးရက်၊ ပြီးရင် တစ်ပတ်..ခုနစ်ရက်နဲ့ ထပ်ပေါင်းတော့ ဆယ်ရက်ပေါ့၊ ဟွန်း..လူလည်မ"



www.burmeseclassic.com

www.burmeseclassic.com



ဖက်ထားသောလက်ကို ပုတ်ထုတ်ရင်း ရှင်းရှင်းက မဲ့ရွဲ့ကာဆိုသည်။ ထိုအခိုက်မှာပဲ အထုပ်အပိုးတွေ တင်ပေးပြီးသွားတဲ့ နွေမောင်က လူအုပ်ကြီးထဲမှ ထွက်ခွာရန်ပြင်နေတာကို အသက် မြင်ဖြစ်အောင် မြင်တာမို့..

"ငါ သူ့နောက် လိုက်သွားတော့မယ်"

"ဟဲ့..ယုယတို့တောင် မသွားသေး.."

တားမြစ်သံ မဆုံးလိုက်။ အသက်က ကလေးလူကြီးတွေ တိုးဝှေ့ပြီး လိုက်လာတာ ရှေ့မှသွားနေသော သူ့ခြေလှမ်းတွေနဲ့ အပြိုင်ဖြစ်သည်။ ရွာထဲမှာတွေ့တိုင်း ခေါင်းငုံ့ကာ မျက်နှာလွှဲသွားတတ်သည်။ လုပ်ပေးစရာ ဝတ္တရားတွေကို အပြစ်ရှာမရအောင် အကွက်စေ့အောင်စေ့ လုပ်ပေးတတ်ပေမယ့် စကားကျတော့ တစ်ခွန်းတောင် မပြောဖြစ်ခဲ့။

အကြည့်ချင်းဆုံအောင် အသက်က ဆုံတိုင်းကြည့်ခဲ့ပေမယ့် ရှောင်လွှဲတတ်သူကြောင့်..။

"ဒီ..ဒီမှာ..ဒီမှာ"

လူရှင်းသော ဝါးရုံတောက ဘုန်းကြီးကျောင်းရဲ့ ဆော





ာက်မှာရှိသည်။ ခေါင်းငိုက်စိုက် ခြေလှမ်းကျဲကြီးနှင့် ရှေ့မှဦးဆောင်သူရဲ့ အမြန်နှုန်းကို အသက် လိုက်မမီတာကြောင့် လှမ်းခေါ်ပေမယ့် သူက မကြားဘဲ ကျောင်းအနောက်က ထင်းရုံဆီ ဦးတည်သွား၏။

"ဒီထင်းရုံက တစ်မိုးတွင်းစာ စုထားတာလေ၊ ထင်းခြွတ်တယ်တော့ မရှိပါဘူး၊ နွေမိုးဆောင်းမှာ နွေမောင်က ဝီရိယထားတာကိုး၊ ရတဲ့ထင်းကို နေ့မဆိုင်းဘဲ ခွဲခြမ်းဖြတ်တောက်ပြီး သိုလှောင်ထားတာမျိုး"

ဘဘုန်း ချီးမွမ်းခန်းဖွင့်၍ နွေမောင်ဆိုသူရဲ့ ဝီရိယကို ခမ်းမြဲ ကြားနာနေကျ။ အသက်က ခြေလှမ်းကို အမီလိုက်ရင်း သူ ဘာလုပ်သလဲဆိုတာ မြင်နေရသည်။ သူက ပုဆိုးတိုတို ပြင်ဝတ်သည်။ ထို့နောက် ထင်းပိုင်းကြီး၌ စိုက်လျက်ရှိသောပုဆိန်ကို အားနှင့်ဆွဲနုတ်၍ တစ်ချက်ပေါက်တာကြောင့် ထင်းပိုင်းက ခွမ်းခနဲအသံပေးပြီး နှစ်ပိုင်းကွဲထွက်သွား၏။ နောက်တစ်ချက် ခွဲချရန် သူက ပုဆိန်ကို အမြှောက်...

"ဒီမှာ"

ပန်းရန့်လေးတစ်ချက် အနားမှာ ဝေ့သွားသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့ကြည့်တော့ ပုဆိန်ကိုင်ထားသော လက်က လေထဲမှာ တန်းလန်းရပ်သွား၏။ သူ့မျက်ဝန်းထဲ လျှပ်စီးတန်းတွေ ဖျိုး ဖျတ်ခနဲ လင်းလက်သွားသလား ထင်ရအောင် မျက်စိကျိန်းသည် အထိ နွေမောင်က ထိုအလှနတ်ဖုရားမခြေရင်း၌ ဝပ်ဆင်းမိပြီ။

ပါးရိုးနှစ်ဖက်မှာ ခပ်အိအိစင်းကျနေသော ဆံနွယ်တွေ ကြားမှာ မျက်ခုံးထင်းထင်း၊ မျက်ဝန်းနက်နက်တွေ... အဝေးက မြင်ရအောင် ထင်ပေါ်လှ၏။ စင်းနေအောင် ကော့ချွန်သော နှာ အောက်မှာ နှုတ်ခမ်းနီထွေးထွေးက စုလုံးနေသည်။ အနက်ခံပေါ် နီစိမ်းဝါ ရောင်စုံပန်းပွင့်တွေပါသော ဂါဝန်ရှည်က ခြေဖျားထိဝဲကာ အုပ်သည်။ ပခုံးပေါ်တင်တယ်ဆိုရုံလေး လက်တစ်လုံးကြိုးနှင့် ထိန်းထားကာ ရင်ဘတ်တစ်လျှောက် အတွန့်အရှုံ့လေးတွေနှင့် ဂါဝန်ဟာ ခါးအောက်ပိုင်းနားမှာ ကားကားဝဲဝဲလေးဖြစ်နေသည်။

ဖြူပြီးနှစ်သော သူမအသားအရည်က အနက်ရောင်ကြောင့် ပိုပေါ်လွင်လာသလို ထင်ရ၏။

"ရှင် အသက်ကို သိလို့လားဟင်"

"ဗျာ"





"အသက်ကို သိလားလို့"

"သြော်..အဟင်း၊ သိတယ်"

ရယ်ပြကာ မဆိုင်းမတွ ခေါင်းညိတ်ပြကာ ချက်ချင်း မျက်နှာလွှဲသွား၏။ ဒါကိုပဲ အသက်က အားမလိုအားမရဖြစ်ကာ..

"ဒီမှာ...အသက်ကို ကြည့်ပါဦး"

အတင်းကြီး ခါးကိုင်ကာ သူ့မျက်နှာရှေ့ ကိုယ့်မျက်နှာကို ပြရင်း...

"အသက် ရှင့်ကို သိတယ်၊ ရှင် ကြယ်မဟုတ်လားဟင်"

"မဟုတ်ဘူး၊ ကျွန်တော် နွေမောင်ပါ"

ပြန်တော့ ဖြေရသည်။ ဒါပေမဲ့ လူက မီးပုံကြီးအေား ကြီးတုပ်ခံနေရသူလို ရှက်စိတ်တွေ ဟုန်းဟုန်းတောက်အောင် ပူ လောင်လာခဲ့ရပြီ။ အလှမှာမျောတာ တစ်ခဏပေမယ့် သတိပြန်ဝင် တဲ့အခါ ထိုမျက်နှာအား စေ့စေ့တောင်မကြည့်ရဲတော့ပြီ။

ထို့ကြောင့် နွေမောင်က ထင်းကို ဆက်မခွဲတော့ဘဲ ခွဲပြီး သားထင်းချောင်းတွေကို တစ်နိုင်ပွေ့ပိုက်ကာ ထင်းရုံဆီ ခြေလှမ်း ကျဲကြီးများနှင့် ဦးတည်ပြီးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမကို ရင်မဆိုင်ရဲတာရော၊ အကြည့်ချင်းဆုံလာတိုင်း မထိန်းနိုင်အောင် မြန်ဆန်လာတဲ့ ရင်ခုန်သံကို သူမ ကြားသွားမှာ စိုးတာရောကြောင့် လွတ်ကင်းရာကို တိမ်းရှောင်ချင်ပေမယ့်…

"အို..နေပါဦး၊ ဒီမှာ အသက် မေးတာဖြေပါဦး၊ ရှင်က အသက်နဲ့သိတဲ့လူနဲ့ တစ်အားတူနေလို့ပါ၊ ဒီမှာရှင့် ကိုနွေမောင်"

အမောတကော ပြေးလိုက်လာသံ ကြားသည်။ ထို့နောက်မှာ..

"အ"

အော်သံသဲ့သဲ့နဲ့ ဖရိုဖရဲပြိုသံ။ နွေမောင် စိုးရိမ်စိတ်ငယ်ထိပ်အထိ တက်ဆောင့်သည်။ ဖျတ်ခနဲ လှည့်ကြည့်ချင်သော စိတ်ကို အသိတရားက မထိန်းချုပ်နိုင်။

"ဒေါက်တာ"

သူမက ထင်းအစအနတွေ ပြန့်ကျဲနေသည့် နေရာမှာ ပုံပုံလေးလဲကျလျက်။

"အား..ဒီမှာ..ထင်းစ၊ ဖြေဖဝါးထဲ ဝင်နေပြီ၊ အား..သွေးတွေ"





"ခထ..ခထလေး ဒေါက်တာ၊ ကျွန်တော် လာပြီ"

လက်ထဲပွေ့ထားသော ထင်းစည်းအား စင်ပေါ်အစီအရီ မတင်နိုင်။ ဝုန်းခနဲ ထိုးသွင်းတင်ရင်း နွေမောင်က သွေးချင်းချင်း နီရဲနေသော သူမအနားသို့ ဘယ်သို့ဘယ်ပုံ ရောက်သွားမှန်းမသိ။

"ဒေါက်တာ ငြိမ်ငြိမ်လေးနေနော်၊ ဒီအစကို ဆွဲနုတ်မှရမှာ၊ ဖိနပ်မစီးထားဘဲနဲ့"

"ဘုန်းကြီးကျောင်းဝင်းကြီးထဲ ဘယ်လိုလုပ် ဖိနပ်စီးမှာလဲ"

အနီးကပ်ထိုင်ချနေသော သူ့မျက်နှာအား သေးတိုက်ကြည့်ရင်း အသက်က ပြန်အော်သည်။ ပါးရိုးတစ်လျှောက် စိမ်းမြနေသော ပါးသိုင်းမွေး စိမ်းမြမြတွေကလည်း ကြယ့်အတိုင်းပင်။ မျက်တောင်ကော့ကော့နှင့် ခပ်ဖျော့ဖျော့သွယ်တန်းနေသော မျက်ခုံးတွေကိုငေးရင်း အသက်က ရင်အခုန်မြန်လာသည်။ ရင်ခုန်သံစည်းချက်အတိုင်း ဆုတောင်းမိတာက သူ့ကို ကြယ် ဖြစ်ပါစေဆိုပြီး တောင့်တမိတာဟာ အသက်ရဲ့ ချစ်ခြင်းဆိုလျှင်..။

"ဒေါက်တာ နည်းနည်းနာမယ်နော်၊ မရုန်းလိုက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ အထဲမှာ သစ်စတွေဘာတွေ ကျန်ခဲ့မှာစိုးလို့''

ခြေကျင်းဝတ်ကို လက်တစ်ဖက်နဲ့ အုပ်ကိုင်ပြီး ကျွန်လက်က သစ်စကို ဆွဲနုတ်ရန်ဟန်ပြင်ကာ သူမကို နောက်ဆုံးအနေနဲ့ သတိပေးသည်။ သို့ပေမယ့် နွေမောင် ရင်ဆိုင်ရတာက စိုးရိမ်ကြောက်ရွံ့သော မျက်ဝန်းတွေမဟုတ်ဘဲ ရွှန်းလဲ့သောအကြည့်တစ်မျိုးက အလင်းတစ်စအလား ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့စီးဝင်သွားသလို။

နွေမောင်က အကြည့်ချင်းဆုံရာမှ မျက်ဝန်းတွေကို လွှဲဖယ်ရင်း သစ်စကို ဆတ်ခနဲဆွဲနုတ်သည်။

''အ''

ဝေါခနဲစီးလာသည့် သွေးတို့ကြောင့် နွေမောင်မှာ ထင်းရှူးထဲ အမြန်ပြေးသွားပြီး ပြန်ထွက်လာတော့ ဖြူစင်အောင် လျှော်ထားပုံပေါ်သည့် အဝတ်စတစ်စ ပါလာ၏။

''အဝတ်သန့်ပါ ဒေါက်တာ၊ ကျပ်ကျပ်လေး ကျွန်တော်စည်းပေးမယ်နော်၊ ဒီမှာ ထည့်စရာ ဆေးတော့ မရှိဘူး၊ ဒေါက်တာတည်းတဲ့အိမ် ရောက်မှပဲ''





''ရှင်က ကျွန်မ သိခဲ့ဖူးတဲ့လူနဲ့ တကယ်တူတာသိလား''

''ဗျာ''

ပတ်တီးစည်းခြင်းတွေ ရပ်ပြီး မျက်နှာမော့ကြည့်မိတာ အံ့သြခြင်းတွေနဲ့ပါ။ တွေ့စကတည်းက ဒီတစ်ယောက်မှုးမေ့လဲခဲ့ဖူးသည်။ သတိပြန်ရသောအခါ ရင်းနှီးခြင်းများစွာပျော်ဝင်သော အကြည့်တွေနဲ့ ဆုံခဲ့ဖူးပြီ။ အခု သူမ သူ့နောက်ပါလာခြင်း အကြောင်းတရားဟာ သိခဲ့ဖူးတဲ့လူနဲ့ တူခြင်းဆိုတော့…။

''ရှင့်မှာ အမြွာညီအစ်ကိုတွေဘာတွေ မရှိဘူးလားဟင်''

နွေမောင်က ပတ်တီးကို ခြေဖဝါးနဲ့ ခြေခုံပေါ် သေချာစည်းနှောင်ပေးပြီးမှ ခေါင်းရမ်းပြရင်း··

''မရှိပါဘူး၊ ကျွန်တော်က တစ်ဦးတည်းသောသား''

''ရှင့်မိဘတွေကရော''

''ဆုံးကုန်ပါပြီ''

''ရှင် ဘယ်အရွယ်မှာ ဆုံးတာလဲဟင် တစ်ပြိုင်တည်း ဆုံးတာလား''

ဒီဆရာဝန်နှယ်၊ စပ်စုတတ်ရန်ကော။ မသိတတ်ရန်ကော



www.burmeseclassic.com

www.burmeseclassic.com



လို့ နွေမောင်က အပြစ်တင်ခြင်းများစွာနှင့် မကြည့်ရက်ခဲ့။ သူမ မျက်နှာပေါ်က လေးနက်ခြင်းသဘောဆောင်သည့် အရိပ်တွေကြောင့် ကိုယ်ချင်းစာတတ်ခဲ့တာမျိုး ဖြစ်သည်။

လူစိမ်းမြင်တိုင်း မိန်းကလေးတွေတွေ့တိုင်း ရှက်ရွံ့ရင်မဆိုင် ချင်ခဲ့သောစိတ်သည် အခု ဒေါက်တာနှင့်တော့ တစ်မျိုးတည်း ပြောင်းလဲနေကာ ရင်ထဲနွေးထွေးသော ခံစားချက်တစ်မျိုးနှင့် လူက ကျေနပ်နှစ်သိမ့်နေသလို ဖြစ်နေရသည်။

အသံတိတ်ကျကာ နွေမောင်က ကိုယ့်ခံစားချက်ကိုယ် သရုပ်ဖော်နေတုန်း ဒေါက်တာကတော့ ဘယ်လို ယူဆသွားလည်း မသိ။

"ဆောရီး၊ ရှင် မဖြေချင်လည်း ရပါတယ်၊ တို့ သူ့ရှာ အတွင်းရေးကို အရမ်းကြီးစပ်စုမိသွားလား မသိဘူးနော်"

"ရပါတယ် ဒေါက်တာရယ်"

"အမယ်လေး..ရှာလိုက်ရတာဟာယ်"

နောက်ပါးမှာ အမောတကော အသံထွက်လာ၍ မျ ယောက်ပြိုင်တူ ငဲ့ကြည့်တော့..





"အယ်..ရှင်းရှင်း"

"ရှင်းရှင်းတွေ ရှုပ်ရှုပ်တွေ လုပ်မနေနဲ့၊ နင့်ခြေထောက်က ဒါ ဘာဖြစ် ကာလဲ"

ထမီတမမနှင့် အနားရောက်လာသော ရှင်းရှင်းက မေးခွန်းတန်းထုတ်သည်။ အသက်က နွေမောင် ပတ်တီးစည်းပေး ထားသော ဒဏ်ရာကို တစ်ချက်ငုံ့ကြည့်ပြီးမှ..

"သစ်စူးတာပါ၊ အရေးမကြီးပါဘူးဟဲ့"

"အရေးမကြီးဘဲ နေမလား၊ လာ..ထ၊ မြန်ရအောင်၊ ဟိုအိမ်ရောက်မှ ငါ သေချာကြည့်ပေးပြီး ဆေးထည့်ပေးမယ်၊ လာ..လာ၊ ငါ့ကိုတွဲပြီး ထ"

သူမ ချိုင်းအောက်မှ လက်ရှိုပြီး ရှင်းရှင်းက ဆွဲထူကာ ထစေသည် အသက်က ယောနင်းယောနင်းနှင့် ဆွဲထူရာ အလိုက် သင့် ပါသွားပြီးမှ...

"သွားမယ်နော် နွေမောင်"

လို့ နှုတ်ဆက်တော့ သူက အသံတိတ်ခေါင်းညိတ်ပြ တာ..



www.burmeseclassic.com

www.burmeseclassic.com



"ဟို..ဒေါက်တာ၊ အနာ ပျောက်သွားတဲ့နေ့ကျမှ ကျွန်တော့်အကြောင်းတွေ ပြောပြပါ့မယ်"

အသက်က သဘောတကျ ခေါင်းညိတ်ရင်း နှုတ်ခမ်းစွန်းတွေ ကော့တက်အောင် ပြုံးပစ်အောင် ကျေနပ်လွန်း၍ပါ။ ရှင်းရှင်းကတော့ သူမကို တွဲခေါ်ရာ လမ်းတစ်လျှောက်လုံး..

"နင်တော့ ကြယ်နဲ့တွေ့တုန်းက နှလုံးသားမှာ ဒဏ်ရာရတယ်၊ အခု ဆင်တူယိုးမှားတွေ့ပြန်တော့ လူက မေ့လဲရတာနဲ့ ဆူးစူးရတာနဲ့၊ နင့်အတွက် ဒီလူက ကောင်းကျိုးဖြစ်ထွန်းစေမယ့် လူမျိုးမဟုတ်ဘူး အသက်ရယ်၊ ခေါင်းထဲက ထုတ်ပစ်စမ်းပါ"

အသက်က ပြောချင်ရာပြော။ သူမလည်း နာခံချင်မှ နာခံမည်ဆိုတဲ့ အပြုံးတွေနဲ့။ မေးခွန်းရှိရင် မေးချင်ပါသည်။ ခေါင်းထဲက ထုတ်လို့မရပေမယ့် နှလုံးသားက ထွက်ခွာခွင့်မပြုတာပါလို့ ဆိုလျှင်..။ ရှင်းရှင်းတစ်ယောက် ဒေါသတွေဖြစ်ပြီး ရင်ဘတ်ထုကာ ငိုချင်းချသွားနိုင်သည်။

အသက်အတွက်တော့ သူ ဘယ်သူဆိုတာ အရေးမကြီး။ သူသာ ကြယ် ဖြစ်ခဲ့လျှင်ဆိုသော အတွေးက လူကို တလှိုက်လှိုက်





တိုက်စားနေခဲ့သော ဗီလင်သည်...

စိတ်ကူးနှင့် ရှုးမှုးသူတိုင်း ခံစားတတ်ပါလိမ့်မည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ပြောပါဦး၊ ရှင့်ရဲ့ ယေဘုယအကြောင်း"

"ထူးထူးခြားခြားတော့ မရှိပါဘူး ဒေါက်တာရဲ့"

ခေါင်းကြီးငုံ့ကာ လက်ဖဝါးချင်းပွတ်နေသော သူ့ပုံစံကြောင့် အသက်က ပြုံးစေ့စေ့ဖြစ်သွားရင်း..

"ဒါက ရှက်နေတာလား"

"ကျွန်တော် မနေတတ်တာပါ"

"ဘာမနေတတ်စရာရှိလဲ၊ လူလူချင်းပဲကို၊ နေရာတကာ အကြောင်းမဲ့ရှက်တော့ မကောင်းဘူး မွေ့မောင်ရဲ့၊ အရှက်အကြောက် ဆိုတာ ရှိပေမယ့် ကိစ္စတိုင်း ရှက်ရကြောက်ရမယ်လို့ ဘုရားဟော



www.burmeseclassic.com

www.burmeseclassic.com



ထားတာမှ မဟုတ်တာ''

''ဟုတ်··ဘာဘုန်းနဲ့ လေးလေးရော အဲဒီလို ခဏခဏ ပြောဖူးပါတယ်၊ ဒါပေမဲ့ ငယ်ငယ်ကတည်းက ရှက်တတ်တဲ့စိတ်က ကျွန်တော့်ဆီမှာ အရိုးစွဲနေတာ''

''မကောင်းတဲ့စိတ်၊ ကောင်းတဲ့စိတ်ကို ဦးနှောက်က ခွဲခြမ်း စိတ်ဖြာပြီး ဘယ်ဟာတော့ ထုတ်နုတ်သိမ်းထားသင့်တယ်၊ ဘယ် အရာတော့ လွှင့်ပစ်သင့်တယ်ဆိုတာ လူက သိရမှာပေါ့ နွေမောင် ရယ်၊ ကဲ··နွေမောင်''

''ခင်ဗျာ''

ခေါ်ရင်တော့ ရိုရိုသေသေထူးသည်။ ဒါပေမဲ့ အကြည့်က အသက်ထံ ရောက်မလာ။ ရှေ့မှာ တသွင်သွင်စီးနေသော ချောင်း ရေအား မမြင်ဖူးသလို ပြူးပြဲကာသိုထားရှုနေပုံက ရယ်ချင်စရာ

''အသက်ကို ကြည့်လေ''

ချက်ချင်း နားရွက်ဖျားနှင့် နှာသီးဖျားတွေ အရောင်ရဲ တက်လာကာ အသက်ထံသို့ မျက်နှာတော့ မော့မလာ။

''ရော်··ခက်တာပဲ၊ မော့ပါ၊ ရှင့်ကို ဝါးမစားပါဘူး





တကတည်းမှပဲ''

ပြောမှ မော့ကြည့်သည်။ ဒါပေမဲ့ ခဏလေးရယ်။ ဖျတ်ဆို မျက်နှာလွှဲသွားတာမို့ အသက်က အသံလေးထွက်အောင် ရယ်ရင်း···

''ကဲ··ပြောပါတော့၊ ရပါပြီ၊ ရှင့်အကြောင်း''

''ကျွန်တော့်အမေက ကျွန်တော် မွေးပြီးပြီးချင်း မီးတွင်း ထဲမှာ ဆုံးသွားတာ''

''သြော်''

''အဖေကတော့ ကျွန်တော် ရှစ်တန်းရောက်မှ မိုးကုတ်မှာ ကျောက်တူးရွှေကျင်ရင်း မသမာလူတွေ လုပ်ကြံလို့ ဆုံးသွားခဲ့တာ ပါ''

''အို''

စိတ်မကောင်းခြင်းများစွာနှင့် အသက်က တစ်ခဏအသံ တိတ်ဆိတ်သွားပြီးမှ··

''ဒီဦးဖြူသီးဆိုတာ ရှင့်ဦးလေးအရင်းလား''

ခေါင်းညိတ်ကာ သူ ဖြေသည်။ ပြီးမှ အသက်ကို ဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းချင်း မော့ကြည့်ရင်း..

"ကျွန်တော့်မှာ ခင်တွယ်စရာဆိုလို့ လေးလေးတစ်ယောက်တည်း ရှိတယ်ဆိုပြီး တွေးထားခဲ့တာ၊ အခုတော့"

"အခုတော့ ဘာဖြစ်လဲ၊ ပြောပါဦး"

"ဒေါက်တာတစ်ယောက် ပိုလာပြီလေ"

"အမယ်..ရှင်က ဒါမျိုးကျတော့ တတ်သား"

ပြုံးစစနှင့် အသက်ကနောက်တော့ သူက ခေါင်းငုံ့ကာ ရယ်သည်။ သူ့မျက်နှာက အမြဲတမ်းသုန်မှုန်နေတာမျိုးတော့ မဟုတ်။ ဒါပေမဲ့ အရယ်အပြုံးကင်းတာမို့ တည်တံ့သလို။ ညှို့မှိုင်းသလိုလို တတ်ကာ ရယ်ပြန်တော့ သွားဖြူတန်းတွေ လှစ်ခနဲပေါ်လာကာ ချိုသာသော မျက်နှာလေးအား အသက်က အသက်ရှူမှားမတတ် ငေးသည်။

ရင်ထဲမှာ ပွဲတင်ထပ်အောင် အော်နေတာက ကြယ်နဲ့ရ လိုက်တာဆိုပြီးဖြစ်သည်။ ကြယ် ရယ်ရင်လည်း အသက်မှာ မှုးမေ တော့မတတ် ငေးခဲ့ရတာအမှန်။ ဒါပေမဲ့ သူဟာ ကြယ်မဟုတ်မှ အသက်က အနည်းငယ်တော့ လက်ခံချင်လာသည်။





"သူ့အင်္ကျီချိုင်းပြတ် ဝတ်ထားတုန်းကလေ သူ့လက်မောင်းမှာ ဘာဒဏ်ရာမှ ငါမတွေ့ဘူး အသက်၊ နင် သတိထားမိလား"

ရှင်းရှင်းက စမေးတော့ သူမ ခေါင်းညိတ်ဖြေခဲ့သည်။

"ကြယ့်လက်မောင်းက ဒဏ်ရာကို ငါကိုယ်တိုင် ချုပ်ပေးခဲ့ရတာ"

"အေးလေ..ဒဏ်ရာ အကင်းသေပေမယ့် အရေပြားပေါ်မှာ အမာရွတ်ဆိုတာ ထင်ကျန်နေခဲ့ရမှာမျိုးလေ၊ သူ့ရင်ဘတ်မှာ ဘာဒဏ်ရာမှမရှိရင် သေချာပြီ၊ သူက နင့်ရဲ့ ကြယ် မဟုတ်တာ"

ထင်ကြေးနဲ့ ကောက်ချက်ချအပြီးမှာ ရှင်းရှင်းက နောက်ဆက်တွဲ အမိန့်တစ်ရပ် ထုတ်ပြန်သည်။

"နင် အခုကတည်းက သံယောဇဉ်ဖြတ်ဖို့ စဉ်းစားတော့ အသက်၊ ဘဝတွေက ညီမျှခြင်းချလို့မရအောင် မိုင်းနပ်(စ်)ပြထားပြီးသား၊ နင်က ကျိုကျိုတက်ချမ်းသာတဲ့ သူဌေးသမီး၊ ရုပ်ချော အပြောချိုတဲ့ ဆရာဝန်မ၊ သူက ကပ္ပိယနော်၊ ဘယ်လိုမှ နီးစပ်မယ့် အခြေအနေမဟုတ်ဘူး၊ လူလူချင်း ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်



www.burmeseclassic.com

www.burmeseclassic.com



တာမို့ အဆင့်အတန်းချင်းအတူတူပဲလို့ နင် ဖွတ်မပြောနဲ့၊ အဆ
အတန်းဆိုတာ ကာယကံရှင် တိုင်းတာမဟုတ်ဘူး၊ အဲဒါ ပတ်ဝ
ကျင်ရဲ့ တိုင်းထွာချက်''

ရှင်းရှင်း ဘယ်လောက်တားတား၊ အသက်ကခြေထော
ထောက်လို့ရတာနှင့် သူရှိရာ ဘုန်းကြီးကျောင်းဝင်းထဲ ထွက်
တာပင်။

''နွေမောင်က ရွာနောက်ချောင်းစပ်မှာ ငါးသွားမျှားတ
ကျုပ် လိုက်ပို့ပေးမယ်''

ဦးဖြူသီးကတော့ အသက်ကို တွေ့တာနှင့် ပျာပျာသ
သတင်းပို့သည်။

''ရတယ် ကိုကြီးဖြူ၊ အသက် ဖြည်းဖြည်းချင်းလျှော
ပြီး လိုက်သွားလိုက်ပါ့မယ်''

ဆိုပြီး ဒီချောင်းကမ်းဘေးနား ရောက်ခဲ့ခြင်းပါ။

''ကျွန်တော် တကယ်ပြောတာပါ ဒေါက်တာ၊ ကျွန
ကို တွေ့တွေ့ချင်း ဒေါက်တာ သတိလစ်သွားတော့ စိတ်မကော
ဖြစ်ပြီး ဒိုတောင်ဒိုချင်တယ်''





''တကယ်''

မယုံသလို အသက်က လက်ညှိုးလေးထိုးပြီးမေးတော့
သူက အလေးအနက် ခေါင်းညိတ်ပြကာ..

''ငါ့ရုပ် အတော်ဆိုးနေပြီလားလို့ တွေးပြီး အားငယ်စိတ်
ဝင်သွားတာလည်းပါတယ်၊ ပြီးတော့ ကျွန်တော့်ကြောင့် ဒေါက်တာ
ထိခိုက်သွားတာကြည့်ပြီး ယူကျုံးမရဖြစ်မိတာလည်း ပါတယ်၊
အဲဒါကြောင့် ဒေါက်တာ့ဝေယျာဝစ္စတွေကို ကျွန်တော်တစ်ယောက်
တည်း သိမ်းကျုံးပြီး လုပ်ပေးတာ၊ ဒေါက်တာ အာပတ်ဖြေတယ်
ဆိုတာ ကြားဖူးလား''

ကောက်ကာငင်ခါ ထမေးတော့ အသက်က ခေါင်းရမ်း
ပြမိသည်။ စိတ်လိုလက်ရရှိတုန်း သူ စကားပြောနေတာကို ငေးနေ
ချင်မိသည်။ အကြောင်းအရာတစ်ခုကို ခေါင်းစဉ်တပ်ပြီး သူနှင့်
ဆွေးနွေးချင်သည်။

ကြယ်နှင့်တုန်းက သူ ဦးဆောင်သမျှကို ကိုယ်နောက်လိုက်
ဖြစ်ခဲ့သလောက် သူနှင့်ကျမှ အသက်က ဆရာမကြီးဖြစ်နေတာကို
သည်း ကျေနပ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဘုန်းကြီးကျောင်းသားဆိုတော့ အဲဒါမျိုး
တွေမှာ ကျွမ်းတယ်ဒေါက်တာရဲ့"

"အင်း..ပြောပါဦး"

တင်ပလ္လင်ခွေထိုင်ပြီး ပေါင်ပေါ်လက်ထောက်ကာ လ
ဖဝါထဲ မေးဖျားထည့်ထားသည့် ဒေါက်တာကို သူက စိုက်
ငေးကြည့်ကာ...

"သံသာလောကမှာ အပြစ်တစ်ခုခု ကျူးလွန်ပြီး
နောက်နေ့ ကိုယ့်သဘောနဲ့ကိုယ် အာပတ်ဖြေရတယ် ဒေါက်တာ
ဥပမာ မွန်းလွဲညစာ ခွမ်းစားမိတယ်ဆိုပါတော့၊ အဲဒီအတွ
ကုဋီကို ဆေးတာတို့၊ ကျောင်းဝင်းအတွင်း အမှိုက်ကောက်တာတို့"

"ဟုတ်တယ်၊ အဲဒီလိုပဲ၊ ကျွန်တော်လည်း ဒေါက်
သတိလစ်သွားတာကို မြင်ရပြီးတဲ့နောက် ကိုယ့်ကိုယ်ကို ဒဏ်
တဲ့အနေနဲ့ ထမင်းစားမြိန်အောင် ဟင်းစားရှာပေးတာတို့လုပ်နေ
ဒီမှာလေ..ငါးရံ့ကြီးနှစ်ကောင် မိထားတာလည်း ဒေါက်တာ့အတွ
ပဲ၊ ညစာအတွက် ငါးရံ့ဟင်းချက်ခိုင်းရအောင်"

အသက်က ဖြစ်ရလေခြင်းလို့သာ အော်ဟစ်ပစ်လိုက်





သည်။ အသက်က လှည့်စားရက်ခဲ့သူကို ပြန်တွေ့၍ အံ့သြတကြီး
သတိလစ်ရခြင်းအပေါ် သူက သူ့ကိုယ်သူဒဏ်ခတ်သတဲ့။ စိတ်
မကောင်းခြင်း၊ ကရုဏာသက်ခြင်းတွေက ရင်မှာ အင်တိုက်အား
တိုက်ဖြစ်လာကာ အသက်မှာ ရုတ်တရက်ဘာပြောရမှန်းမသိ ရှိနေ
ဆဲမှာပဲ...

"ရှာလိုက်ရတာ ဒေါက်တာရယ်၊ တွေ့မယ့်တွေ့တော့
လည်း နှစ်ယောက်စလုံးနဲ့ ဆိုက်ဆိုက်မြိုက်မြိုက်ပါပဲလား"

အရိပ်တချို့က နေရောင်ကို ကွယ်ပစ်လိုက်သလိုရှိတာမို့
အသက်တို့ ထိုင်နေရာတစ်ဝိုက်က ရုတ်ချည်းမှောင်ရိပ်ကျသွားသည်။
မျက်စိရှေ့ရောက်လာသော ရှူးဖိနပ်စီး ခြေထောက်တွေကြောင့်
အသက်က ရုတ်တရက် မော့အကြည့်...

"မှတ်မိပါတယ်နော် ဒေါက်တာ၊ ကျွန်တော် မိုးကြိုးပါ"

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ရှင်တို့ ဒီထိအောင် ဘာလာလုပ်ကြတာလဲ"

"ဒေါက်တာ့နောက် လိုက်လာတာပေါ့၊ ကြွယ်ရှိမယ့်နေရာကို ဒေါက်တာပဲ သိနေခဲ့တာလေ၊ မဟုတ်ဘူးလား"

ခါးစပ်မှ ကုတ်အင်္ကျီနှစ်ဖက်ကို ခွဲ၍ ခါးထောက်တော့ ခါးပတ်အိတ်နှင့် ထည့်ထားသော ဓားကို မြင်ရသည်။ နွေမောင်ကတော့ ခါးထောက်သူကို တစ်လှည့်၊ အသက်ကိုတစ်လှည့် ကြည့်ရင်း ဘာမှ နားမလည်နိုင်သေး။

"ယော့ကောင်တွေ"

ခါးထောက်ထားတဲ့ သူက အဲဒီလို အချက်ပေးတာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာ ဝိုင်းထားတဲ့သူတွေဟာ နွေမောင်နား အပြေးရောက်လာပြီး လက်ပြန်ကြိုးတုပ်ကြတာ ကြမ်းကြမ်းတမ်းတမ်း။

"ဒါ ဘာလုပ်တာလဲ၊ သူ··သူက ကြယ် မဟုတ်ဘူးနော်၊ ရှင်တို့ လူမှားမယ်"

အသက်က အမြန်ထအော်ပေမယ့် မိုးကြိုးနှင့် သူ့တပည့်တွေက လက်မရွံ့အာဏာပါးကွက်သားတွေလို။ တစ်ချက်ကလေး နောက်မတွန့်ဘဲ နွေမောင်ရှေ့သို့ ရောက်သွားကာ··

"ဒါ··ကြယ်မဟုတ်ဘူးတဲ့လား"

ခါးကိုင်ပြီး နွေမောင်မျက်နှာကို မေးဖျားမှ လက်ညှိုးလက်မ ဖျစ်ညှစ်ကိုင်ကာ မေးသည်။ နွေမောင်က လက်ပြန်ကြိုး အတုပ်လည်း ခံထားရ၊ မျက်နှာပါ ဆွဲမော့ခံထားရတာမျိုး ခပ်ကော့ကော့လေး ထိုင်နေရင်းမှ အသက်ထံ မျက်လုံးစွေကြည့်ရင်း···

"သူတို့ လူမှားတာလား ဒေါက်တာ"

"ဟား··ဟား··ရယ်ရတယ်ကွာ၊ လူမှားသလားတဲ့"

မိုးကြိုးက ခါးထောက်ခေါင်းမော့ကာ ဟန်ပါပါရယ်ရင်းက လက်ခုပ်လက်ဝါးတီးပေးလိုက်ပုံက ရွှံ့သလိုခနဲ့သလို။ ဒီနေရာ





က ရွာပတ်ဝန်းကျင်ဆိုပေမယ့် လူအရောက်အပေါက်နည်းသည်။ အလေ့ကျပေါက်သော မြက်ပင်ရှည်ကြီးတွေကြားထဲမှာ လူတစ်ယောက် ပုဆစ်တုပ်ထိုင်နေလည်း တော်ရုံလူ မမြင်တွေ့နိုင်သည့် နေရာမျိုး။

နေစောင်းသွားပြီဖြစ်၍ အမှောင်သမ်းသွားလျှင် အသက်တို့ အဖြစ်က ကူကယ်ရာမဲ့အခြေအနေသို့ ရောက်ရှိသွားမှာအမှန်။

"ဒီမှာ··ကျွန်မစကားကို ယုံပါ၊ သူ့ကို ကျွန်မလည်း ကြယ်လို့ ထင်ခဲ့တာပဲ၊ ဒါပေမဲ့ မဟုတ်ဘူး၊ ဘုရားစူးပါစေရှင်၊ သူက ကြယ် လုံးဝမဟုတ်တာပါ၊ ဒီရွာက နွေမောင်ဆိုတဲ့ ဘုန်းကြီးကျောင်းသားပါရှင်၊ တကယ်ပါ၊ သူ့မှာ ဘာအပြစ်မှမရှိဘူး၊ ရှင်တို့ သူ့ကို လွှတ်ပေးလိုက်ပါနော်"

"အင်း··ဒေါက်တာပြောတာတွေက နားထောင်လို့တော့ ကောင်းပါရဲ့၊ ဒါပေမဲ့ ယုံချင်စရာမရှိတော့··"

"အို··ရှင်တို့ကို လိမ်ရအောင် ကျွန်မအတွက် ဘာအကျိုးရှိမှာလဲ"

"အဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးက မခိုးမခန့်ရယ်ရင်း…

"ဒေါက်တာ့ချစ်သူ ကြယ်တော့ လွတ်မြောက်ခွင့်ရသွားမယ်လေ၊ အဲဒါ ဒေါက်တာရမယ့် အကျိုးအမြတ်လေ၊ ဒီအခွင့်အရေးကို ဒေါက်တာက စိန်ရွှေငွေထက်တောင် တန်ဖိုးထားသေးတာ ကျွန်တော်တို့သိပြီးသား"

"ဒီမှာ··ကျွန်မ ကြယ့်ကိုချစ်တာလည်း မှန်တယ်၊ ကြယ့်ကို လွတ်မြောက်စေချင်တာလည်း မမှားဘူး၊ ဒါပေမဲ့ သူက ကြယ် မဟုတ်ဘူး၊ ရှင်တို့ရဲ့ အထင်အမြင်မှားမှုကြောင့် အပြစ်မဲ့တဲ့ လူတစ်ယောက် ထိခိုက်နစ်နာမှာစိုးလို့ ကျွန်မ ပြောနေတာ၊ ရှင်တို့ အခုချက်ချင်း သူ့ကို လွှတ်ပေးပါ"

မာန်ဖီနေသော ကျားသစ်မလေးကို ဒေါသနှင့် မခံချင်စိတ် ပေါင်းစပ်သော ကြောက်ရွံ့ခြင်းကင်းသည့် မျက်ဝန်းတွေက မှောင်ရိပ်သမ်းစ ညနေမှာ အရောင်တွေ ဖျိုးဖျိုးဖျတ်ဖျတ်ထွက်သည်။ အသက်က ဒူးထောက်ကာ လက်ပြန်ကြိုးအတုပ်ခံထားရသည့် မဆီမဆိုင် နွေမောင်အား တစ်ချက်ငဲ့ကြည့်ရင်း…

"ကဲ…လွှတ်ပေးလေ"





"ဆောရီးပါ ဒေါက်တာ"

"ဘာပြောတယ်"

"တကယ် စိတ်မကောင်းပါဘူး၊ ကြယ် ဟုတ် မဟုတ် ကျွန်တော် စမ်းသပ်တာတ်ပါတယ်၊ ဒေါက်တာ စောင့်ကြည့်နေပေါ့"

"ဟုတ်ပါတယ် ဒေါက်တာ"

"ဟင်"

ဝန်ခံစကားက နွေမောင်ထံမှ ထွက်လာတာမို့ အသက်က အမှန်တရားအတွက် တိုက်ပွဲဝင်နေရာမှ နွေမောင်ကို ဖျတ်ခနဲ အံ့သြခြင်းတွေနဲ့ပါ။

သူ့မအကြည့်ကို နွေမောင်က ဘယ်လိုသဘောပေါက်သွားလည်းမသိ။

"ဟုတ်ပါတယ်ဆိုတာ ကျွန်တော် နွေမောင်ဆိုတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ သူတို့ဖြစ်စေချင်တဲ့အတိုင်း ဖြစ်ပေးလိုက်ပါ့မယ်၊ ဒေါက်တာသာ ရွာထဲ ပြန်ပါတော့နော်"

နွေမောင်က အသက်ကို မျက်နှာငယ်လေးနဲ့ မော့ကြည့်ပြီး ပြောရင်းက မိုးကြိုးထံ မျက်နှာမူတော့ မတည်မပြုံးရုပ်ကြီးနဲ့ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကာ..

"ခင်ဗျားတို့ ကျွန်တော့်ကို ကြိုက်သလိုလုပ်၊ ကျုပ်က ကြယ်ဆိုတဲ့လူ မဟုတ်ပေမယ့် နာမည်ပဲကွာတာပါ၊ လူက လူပါပဲ၊ လာလမ်းရော သွားလမ်းပါ အတူတူချည်းပဲ၊ အဲ..ဒေါက်တာ့ကိုသာ လွှတ်မြောက်ခွင့်ပေးလိုက်ပါ"

"အို..အဲဒီလို ဘယ်ဖြစ်မလဲ"

"ဖြစ်ပါတယ် ဒေါက်တာ၊ ပြန်ပါတော့၊ ရွာထဲပြန်ပါတော့၊ ဒေါက်တာ့ကို ကျွန်တော် အထိအခိုက်မခံနိုင်လို့ပါ"

ဒါကြယ်ရဲ့ ဒုတိယလှည့်ကွက်ပဲလား။ ဒါမှမဟုတ် ဒီ တောသားက တကယ်ပဲ ကြယ် မဟုတ်ဘူးလား။ မိုးကြိုး တွေဝေသွားရသည်။ ကြယ်က အချစ်တွေ၊ သံယောဇဉ်တွေဆိုတာ သူ့အတွက်တော့ ဖွဲဆန်ကွဲလို။ မအပ်စပ်တဲ့အရာလို့ သဘောထားပြီး ဥပေက္ခာပြုထားခဲ့တာ မိုးကြိုးတို့အသိဆုံး။

ဆရာကြီးသမီး ရွှေရည်နှင့်တုန်းကလည်း အချစ်ဗလာဖြင့် ကစားခဲ့တာ။ သူ လိုချင်တာရဖို့ ဆရာကြီးဇနီး ဒေစီနဲ့ သံယောဇဉ် မပါဘဲ နှစ်ပါးသွားကခဲ့တာလည်း သူ ဖြစ်ချင်တာ ဖြစ်ခွင့်ရဖို့၊





အနှစ်ချုပ်တော့ အားလုံးကို အနိုင်နဲ့သိမ်းသွားပြီး အဆုံးအရှုံးများ သူက ဆရာကြီးပင်ဖြစ်ကာ ရွှေရည်အတွက် ရင်ကွဲပက်လက် ခံစားနေရတာ ဒီနေ့အထိ။ ထိုထိုသော နာမည်ဆိုးများနဲ့ ကျော်ကြား သူက အခုတော့ ချစ်ခြင်းရတုနဲ့ ရာစုသစ်စေတနာကို ဖောဖောသီသီ ချပြတာ။ မိုးကြိုးတို့တစ်ဖွဲ့လုံးတောင် မျက်စေ့လည်ကိန်းဆိုက်နေခဲ့ပြီ။

"ကိုင်း..ကြာပါတယ်၊ ကြယ် ဟုတ် မဟုတ် စမ်းသပ်ဖို့ နည်းရှိပါတယ်၊ အဟွန်း..ကြယ်ဆိုတဲ့ကောင်က မြွေဟောက်လိုပဲ၊ သူ့ကိုထိရင် ပေါက်ပစ်လိုက်ရမှ ကျေနပ်တဲ့စရိုက်မျိုးနဲ့ကောင်"

မိုးကြိုးရဲ့ ခြေတစ်ဖက် ရိပ်ခနဲမြောက်တက်သွားသည်။ ရှေ့မှ ဒူးထောက်ထိုင်နေသော နွှေမောင် မေးဖျားအား မိမိရရကြီး ထွဲကန်ပစ်လိုက်သလိုရှိကာ ခန္ဓာကိုယ်ရဲ့အရှိန်ကို မထိန်းနိုင်ဘဲ နွှေမောင်က မြေပြင်ပေါ်သားတစောင်းကြီး လဲကျသွား၏။ နှာခေါင်းမှ သွေးတွေ ချက်ချင်းစိမ့်ထွက် စီးကျလာတာကို မြင်လိုက်ရသော အသက်မှာ ရုတ်တရက် မျက်လုံးတွေ ပြာခနဲဖြစ်သွားကာ ဒေါသဇ ငယ်ထိပ်သို့ အဆီးအတားမဲ့ တက်ဆောင့်၏။

"ဒါ လူမိုက်လား၊ ဒါ ယောကျာ်းလား၊ အံ့ပါရဲ့၊ လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ကြိုးတုပ်ပြီးမှ ချရဲ့နပ်ရဲတဲ့ ရှင့်သတ္တိအတွက် ကျွန်
ဝှက်ပြုပေးမယ်"

ဖြန်းခနဲ မြည်သံနှင့်အတူ မိုးကြိုးမျက်နှာ လည်ထွက်သွား
တဲ့အထိ လက်ဝါးမှာအားထည့်ပြီး အားကုန်လွှဲရိုက်သည်။ ထိုနော
ပူထူကျိန်းစပ်သွားသော လက်ဖဝါးကို ဥပေက္ခာပြုရင်း ဖြန်ေ
နိုင်သည့် နွေမောင်အား ပခုံးမှ ဖေးကူထူမတ်ပေးသည်။

"ရှင် နွေမောင်ကို ထပ်ပြီး သွေးထွက်သံယိုဖြစ်အော
လုပ်ကြည့်၊ ယောက်ျားနဲ့မိန်းမ အင်အားချင်းမမျှပေမယ့် အသက်ချင်
လဲပစ်ဖို့ ကျွန်မ ဆုံးဖြတ်ထားပြီးသား၊ မယုံမရှိနဲ့"

ပြင်းပြင်းထန်ထန် ကြိမ်းဝါးပြီး အသက်က နွေမော
လက်ပြန်ကြိုးကို ခဲရာခဲဆစ် ကြိုးစားဖြည်သည်။ လူဆိုးခေါင်းဆော
မိုးကြိုးကတော့ အသက်ရဲ့ ပြင်းထန်သောရိုက်ချက်ကြောင့် အတွင်
မေ့သွားတာလား၊ ကြယ်မဟုတ်ခြင်းအပေါ် ယုံကြည်သက်ဝင်သွ
တာလား မသိနိုင်ဘဲ အသက် လုပ်နေသမျှ စူးစူးစိုက်စိုက်ငြ
ငေးကြည့်နေ၏။ ကြိုးပြေသွားသော နွေမောင် လက်ကောက်ဝတ်
အရေပြားပွန်းပဲ့ရာတွေကို အသက်က ကြည့်ကာ···

ဝိုးမိုး၀၁၀ပ



"ရှင် အဆင်ပြေရဲ့လား နွေမောင်"

သူက ပြန်မဖြေဘဲ အသက်ကို မပွင့်တပွင့် ပြုံးပြရင်း··

"ဒေါက်တာက သတ္တိကောင်းတာပဲ"

ချီးကျူးနေတဲ့အခိုက်မှာပဲ···

"ဝေး··နွေမောင်ရေ"

"ဗျို့··ဒေါက်တာ··ဆရာ"

"ကိုရင်နွေမောင်"

အော်သံဟစ်သံတွေက အရင် လေနဲ့အတူ ရောပါလာပြီး မီးတုတ်ရဲ့အလင်းရောင်တွေက ဟိုနားဒီနားမှာ တစ်စစီမြင်ရပြီ။

"အသက်···အသက်ရေ"

"ရှင်းရှင်း··ငါတို့ဒီမှာ"

နှုတ်ခမ်းနား လက်ဝါးနှစ်ဖက်ကာရင်း အသက်က ပြန်အော်သည်။ ကိုယ့်လူတွေ စစ်ကူရောက်ချလာတာ မျော်လည်းမျော်ပြီးမှ သတိရ၍ ဖျတ်ခနဲလှည့်ကြည့်တော့ မိုးကြိုးတို့လူစုက မြေလျှိုးမိုးပျံသွားပြီထင်ရအောင် ကြက်ပျောက်ငှက်ပျောက်။

အသက်က သွားလေရာယူသည့် ဖုန်းနှင့် ဖုန်းထည့်အိတ်

ဝိုးမိုး၀၁၀ပ

www.burmeseclassic.com

www.burmeseclassic.com



ပါလေ့ရှိသော တစ်ရှူးကိုထုတ်၍ အရည်လိုက်လက်ဝါးနှစ်ဖက်ဖြ
မွတ်လိပ်ရင်း…

"ရော့..ဒါကို နှာခေါင်းတစ်ဖက်စီ သွင်းထား၊ လက်
ဒဏ်ရာကို ရှာပြန်ရောက်မှ.."

"ဒေါက်တာ"

"ဟင်"

စကားဖြတ်အခေါ်ခံရ၍ အသက်က သူမျက်နှာကို လှည့်
ကြည့်မိသည်။ လရောင်ကြောင့် ချောင်းရေရဲ့ လက်လက်
တောက်ပမှုက သူမျက်နှာဆီ ရောင်ပြန်ဟပ်နေခြင်းကြောင့်လား
မသိ။ သူမျက်ဝန်းတွေ သူမျက်နှာထက်က ကောက်ကြောင်းတွေ
အရောင်တွေ တဖျတ်ဖျတ်လက်နေပြီးနောက်…

"ရွာက လူတွေကို အမှန်အတိုင်း မပြောပြဘူးနော်
ကျွန်တော် နှာခေါင်းသွေးလျှံတယ်ပဲ ပြောလိုက်မယ်"

"သက်သက် ငါးပါးသီလကျိုးအောင် နေမောင်ရယ်"

အသက်က ပြောတော့ သူက တဖြည်းဖြည်းနီးလာသော
မီးတုတ်တွေကို လှမ်းကြည့်ရင်း…





"ဒါမျိုးဖြစ်တာ ရွာရောက်ပြီးမှ ပထမဆုံးလေ၊ ဘာမှ
မဖြစ်ဘဲ ပြီးသွားတဲ့ကိစ္စတစ်ခုကို ပြန်ပြောပြပြီး တခြားလူတွေကို
စိတ်ဒုက္ခမပေးချင်တော့လို့ပါ"

ဘုရားရိပ်မှာခိုပြီး တရားရိပ်ကြား မွေ့လျော်သော သူတော်
စင်ကြား ကြီးပြင်းလာရသူဟာ စိတ်နှလုံးတစ်ဖက်ကမ်းခတ်အောင်
နူးညံ့ခြင်းများစွာနှင့်..။

ကြုံဆုံဖူးသော တစ်ယောက်က ရယူလိုခြင်းများစွာနှင့်
လောကကို ရင်ဆိုင်သည်။ တွေ့နေရသော တစ်ယောက်က ပေးဆပ်
ခြင်းများနှင့် ဘဝကို စီးမျောသည်။ ထိုနှစ်ယောက်ကြား သူမ
အဖြစ်က…။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ဘယ်လို"

"ဟုတ်တယ် ဆရာကြီး၊ ဒီကောင် ကြိုးချည်ထားတာကို လွှတ်အောင် မရုန်းနိုင်ဘူး၊ ပြီးတော့ ခြေဖျားခတ်ကန်တာကိုတောင် ဒီတိုင်း ငြိမ်ခံနေတာ"

"ကြယ့်မာနကို ဆရာကြီးလည်း အသိဆုံးပဲလေ၊ သူ့ကို ခြေကန်ချက်မပြောနဲ့၊ လက်ဝိုက်သီးလိုမျိုးတောင် ဘယ်တုန်းက မျက်နှာကို အထိခံလို့လဲ"

"အဲဒါတော့ ဟုတ်ပါတယ်ဆရာကြီး၊ ဘာကြိုးပဲလာလာ ဘယ်လိုသော့နဲ့ခတ်ခတ် ဒီကောင် အလွတ်ရုန်းနိုင်တာပဲလေ၊ သူ



www.burmeseclassic.com

www.burmeseclassic.com



ပညာက သေးသေးကွေးကွေးမှ မဟုတ်တာ၊ ကျွန်တော်တို့လက်အောက်က ကောင်တွေကိုတောင် ဒီကောင် ပညာတွေ မျှဝေပေးထားတာကို''

တစ်ယောက်တစ်ပေါက် ပြောနေတာက ဆွေးနွေးနေတာမဟုတ်၊ အစီရင်ခံနေတာမျိုးမဟုတ်ဘဲ ကြယ့်ဂုဏ်ပုဒ်တွေကို အမွှမ်းတင်နေသလိုမျိုး ဖြစ်နေလေသည်။

ဦးမင်းဒင်က စစ်ကိုင်းမြို့ပေါ်မှာနေခဲ့ပြီး မိုးကြိုးနှင့် အအကိုးရဆုံး တပည့်တွေကို လွှတ်ပေးတော့လည်း အပြန်ခရီးမှာကြယ် မပါလာ။ ပယောဇ်ဆန်သော ပုစ္ဆာတွေသာ ပါလာတာနှင့်ပြောသမျှကို တစ်ကန့်ချင်းစီ စဉ်းစားရန်လိုအပ်လာလေပြီ။

''ဒီကောင်က ကြယ်နဲ့တော့ တူတယ်မဟုတ်လား''

မေးလိုက်သောမေးခွန်းထဲမှာကိုက ကြယ် မဟုတ်ဘူးဆိုအတည်ပြုလိုက်သလို။ ရှေ့တင်ရပ်နေသော တပည့်တွေက တစ်ညီတစ်ညွှတ်တည်း ခေါင်းညိတ်ပြသည်။ သူ့အဖွဲ့ထဲ တော်ရုံအဖွဲ့ဝင်တွေကို ဝင်ခွင့်မပြုခဲ့သည့်အထဲ မရ ရအောင် ဖောက်ဝင်လာနိုင်သူက ကြယ်ပင်ဖြစ်သည်။





လက်ဖျားခါလောက်အောင် အရည်အချင်းတွေထဲမှာကြယ်က လက်ရုံးရည်၊ နှလုံးရည်၌ ဘယ်သူနှင့်ယှဉ်ယှဉ် နံပါတ်တစ်နေရာမှ မဆင်း။

''လောကမှာ အမြင့်ဆုံးလူ့ဘဝ ရထားပြီးပြီပဲ၊ လူထဲကလူဖြစ်ဖို့တော့ စိတ်မဝင်စားဘူး၊ ခေါင်းဆောင်မလုပ်ရဘဲ ဟုတ်ကဲ့လုပ်ပြီး ခေါင်းတညိတ်ညိတ် နေရမယ်ဆိုရင်တော့ ကိုယ့်ကိုယ်ကိုအရှေခွဲစုတ်ပြီး ဘဝလဲပစ်ပယ်၊ နောက်လိုက်ဘဝတော့ ဆောရီး''

ထိုထိုသော ဒဿနများနှင့် ဘဝကို တည်ဆောက်သောကြယ်က ခံယူချက်ခြင်းသလို မာနလည်းကြီးသည်။ ပြိုင်ရင်နိုင်မှဆိုသော အတ္တက ဘယ်သူ့မှဗိုလ်မထား။ ဘယ်သူမှ စောင်းငဲ့အကြည့်တောင် မခံတတ်သူမို့...။

မိုးကြိုးတို့အပြောက ဆန်းနေသလား၊ ကြယ့်ပစ္စလက်ခွက်က ဆန်းနေသလား မသိပေမယ့် သူ့အဆန်းတကြယ်ထဲဦးမင်းဒင်က မျောပါ၍မဖြစ်။

ဇာတ်သိမ်းမှာ ကိုယ်ဖြစ်ချင်တာဖြစ်ခွင့်ရဖို့၊ မကျေလည်တာတွေ ပြေသွားစေဖို့ အလျော်အစားက ကြယ့်အသက်တစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



သာမို့…

သူ ကြယ်နှင့် တွေ့မှဖြစ်မည်။

* * *



## အခန်း (၂၀)

"ငါဖြင့် နင့်ကို တကယ် လိုက်လို့မမီတော့အောင်ပဲ အသက်ရှယ်၊ နေခဲ့ချင်တုန်းကလည်း နင်ပဲ၊ အခု ပြန်လာချင်ပြီ ဆိုတော့လည်း နင်ပဲ၊ ပြီးတော့ နွေမောင်ကိုပါ ခေါ်သွားဦးမယ်"

ဆုံးဖြတ်ပြီးသားကိစ္စကို ပြန်ပြင်ရန် စိတ်ကူးမရှိတော့သော ပုံဖြင့် အသက်က ရှင်းရှင်း ဘာပြောပြော စိတ်ဝင်စားခြင်း အကြည့် လေးတစ်ချက်တောင် ရွှေ့မလာခဲ့တော့။ အဝတ်သေတ္တာထဲ အင်္ကျီ တွေ စီရရီထည့်ရင်း တိတ်ဆိတ်နေသည့် အသက်ကိုကြည့်ကာ ရှင်းရှင်းပဲ အားမလိုအားမရဖြစ်ခြင်းတွေနှင့် ထန်းရွက်ယပ်တောင်ကြီး တဖျတ်ဖျတ်ခတ်ကာ အနားသို့ တိုးသွားရင်း…



www.burmeseclassic.com

www.burmeseclassic.com



"နှင် သေချာစဉ်းစားပြီးပါပြီနော် အသက်၊ လူတစ်ယောက်တာဝန်ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး၊ ပြီးတော့ သူငယ်နှပ်စားလည်း မဟုတ်ဘူး၊ မွေးမောင်က အရွယ်ရောက်ပြီးသားလူ၊ မချိုနဲ့ရော ဖြစ်ပါ့မလား၊ နှင့်မိဘတွေကရော လက်ခံပါ့မလား"

"ဘဝတစ်လျှောက် ငါဖြစ်ချင်တာတွေ မဖြစ်ခဲ့ရတာ နှင် ဘယ်နှခါမြင်ဖူးလဲ ရှင်းရှင်း"

ဆံပင်တွေအားလုံးကို အပြောင်သိမ်းကာ ငယ်ထိပ်နားစုစည်းထား၍ မျက်နှာပေါ်က အစိတ်အပိုင်းတွေကို ပိုထင်ထင်ရှားရှား တွေ့ရသည်။ ထို့ထက်ပို ထင်ရှားတာက အသက်မျက်နှာပေါ်မှ အုံ့ဖွဲ့ထားသော ကောက်ကွေ့ခြင်းများ။

ရှင်းရှင်းက အဖြေရှာရန် စဉ်းစားမိပေမယ့် အသက်တို့ကမေးတိုင်းဖြေတော့မည့်ရုပ် မဟုတ်တော့ စူးစိုက်ရီဝေခြင်းနှစ်ရပ်နှင့် ရှုပ်ထွေးနေသော မျက်ဝန်းတွေက တစ်ခါတစ်ခါ ဖျော့သွားလိုက်၊ အရောင်တွေ တလက်လက်တောက်ပလာလိုက်နှင့်··။

"နှင် တစ်ခုခု ဖြစ်နေလားဟင် အသက်၊ နှင့်ဆီ မနေ့က





ဖုန်းလာတဲ့ကိစ္စနဲ့ ပတ်သက်နေသလား"

"ဖုန်းဆက်တာ မချိုပါ၊ ပြီးတော့ ငါ ဘာမှမဖြစ်ဘူး"

လက်ဝှေ(ချ်)ကို အပြီးသတ်ပိတ်ချရင်း အသက်က မတ်တပ်ထရပ်သည်။ စူးစမ်းခြင်းများစွာနှင့် ရှင်းရှင်းက မော့ကြည့်နေပေမယ့် အသက်က အကြည့်ချင်းမဆုံတော့ဘဲ···

"နှင့်ပစ္စည်းတွေ ငါ ကူသိမ်းပေးရဦးမလား ရှင်းရှင်း"

"အင်း"

လှို့ဝှက်ချက်တွေဖော်ထုတ်ရန် စဉ်းစားနေသူမို့ အသက်ကရုတ်တရက် မေးခွန်းမေးသောအခါ ရှင်းရှင်းမှာ ပြန်မဖြေနိုင်။ အူကြောင်ကြောင်နှင့် မော့ကြည့်ပြီးမှ···

"ငါ့အမေ သိမ်းနေတယ်ဟ"

"ပြီးရောလေ၊ မွေးမောင်ဆီသွားပြီး ဘာလုပ်ပေးရမလဲ ငါ မေးဦးမယ်၊ နှင့်ကြည့်ရတာ စိတ်နဲ့ကိုယ် မကပ်သလိုပဲ၊ တကယ် ငါ့အကူအညီမလိုတာ သေချာတယ်နော်"

"သေချာပါတယ်ဟ"

"ပြီးတာပဲ··ဒါဆိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး လှည့်ထွက်သွားတဲ့ အသက် ကျောပြင်ကိုကြည့်ပြီး ရှင်းရှင်းက အသံမထွက်ဘဲ နှုတ်ခမ်းတို့က လှုပ်လှုပ်ရှုရှုနှင့် ကျန်ရစ်သည်။

"ကြည့်စမ်း ပြောသွားတာများ၊ ဒီက စိတ်နဲ့လူ မကပ်ဘူးတဲ့၊ မကပ်ရခြင်းရဲ့ တရားခံက နင့်ကြောင့်လို့ပြောရင်..ဟွန်း.. စိတ်ဆိုးဦးမယ့်ပုံစံနဲ့"

*    *    *



## အခန်း (၂၃)

"မေချို စိတ်ဆိုးလို့ပြောနေတာ မဟုတ်ဘူး မီးမီး၊ မီးမီးလည်း စိတ်ဆိုးစရာမလိုဘူး၊ ဒါပေမဲ့ ဒီတစ်ယောက်က ဟိုတစ်ခါ ဒဏ်ရာနဲ့ ညကြီးမင်းကြီး ကုပေးလိုက်ရတဲ့ကောလေးတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး မေချို"

"ဒါဆို သူက ဘယ်သူလဲ"

ဖျတ်ခနဲ ဝင့်တက်ပြေးကပ်သည့် မျက်လွှာတစ်ပင့်အောက်မှာ စိတ်မရှည်ခြင်းတွေ ရောပြွမ်းနေတာ တွေ့ရသည်။ မေချိုက သက်ပြင်းတစ်ချက် ကျိတ်ချရင်း အသက်ထံမှ အကြောင်းစုံမသိရ



www.burmeseclassic.com

www.burmeseclassic.com

မချင်း ဒီအခန်းထဲမှ မထွက်လို့ သန္နိဋ္ဌာန်ချထားသည့်အတိုင်း။ ပေကပ်ကပ်ထိုင်နေတာ အသိသာကြီးပင်။

"သူက ဘုန်းကြီးကျောင်းသားပါ၊ ရှင်းရှင်းတို့ ဘဘုန်းကျောင်းက ဆွေမျိုးမရှိ တစ်ကောင်ကြွက်၊ အသက်က သနားလို့ ဒီကို ခေါ်လာတာ၊ ဒီမှာ မပျော်ရင်တော့ ဘုန်းကြီးကျောင်းပဲ ပြန်ပို့ရမှာပေါ့"

"ဒီမှာပျော်ရင်တော့ ဒီမှာပဲထားမယ်၊ အဲဒီသဘောလား မီးမီး"

အသက်က မွှေ့ရာပေါ်မှထကာ ရေခဲသေတ္တာအပုလေးဆီ လျှောက်သွားသည်။ ခရီးကြမ်းက မနေ့ညနေမှ ပြန်ရောက်သည်။ ဒါပေမဲ့ ခရီးပန်းသလို နွမ်းဖတ်ဖတ်ဖြစ်မနေဘဲ အေးစက်စက်မျက်နှာမျိုးနှင့် ဒီမနက်အစောကြီးကို ကားတစ်စီးနှင့် ထွက်သွားတာ အခု နေ့ခင်းလောက်မှ ပြန်ရောက်သည်။

ဘာတွေဖြစ်လာသလဲ၊ ဘာတွေလုပ်လာသလဲဆိုတာ အသက်က အသိမပေးပေမယ့် အုပ်ထိန်းသူဆိုတဲ့ အသိကြောင့် မေချို့မှာ စစ်စစ်ပေါက်ပေါက် မေးနေရတာမျိုး။





အင်မတန် အင်တာနေရှင်နယ်ဆန်သည့် အသက်မိဘတွေဆီ ဒီလို မူမမှန်ခြင်းတွေ အမြစ်တွယ်လာစေသည့် ဟိုလူဆိုးကောင်လေးအား ကယ်တင်ခဲ့သည့် ညကတည်းက သတိပေးသည့် သတင်းမျိုး အခါခါပို့တော့…

"ချိုချို…ယူက သိပ်စိတ်ပူလွန်းတယ်၊ သမီးက အရွယ်ရောက်ပါပြီ၊ သူမှာ အမှားအမှန်ခွဲခြားတတ်တဲ့ ဦးနှောက်ရှိတယ်၊ ပြီးတော့ ပညာတတ်တယ်၊ သေချာတာက သူ့ကိုယ်သူ နစ်မွန်းအောင် မလုပ်ပါဘူးကွယ်၊ သိပ်စိတ်မပူပါနဲ့၊ သမီးကို တို့တော့ယုံတယ်"

"ဒီက မယုံဘူးပြောနေတာ မဟုတ်ပါဘူး မမရယ်၊ ငယ်တဲ့သူဆိုတော့ လူငယ်စိတ်နဲ့ ထင်ရာမြင်ရာတွေ လုပ်ကုန်မှာစိုးတာပါ"

"ဒီတော့လည်း ဖြည့်တွေးပေးလိုက်ပေါ့၊ မှားခဲ့ရင်တောင် ငယ်သေးလို့ မှားတယ်လို့၊ ဒါပေမဲ့ တို့သမီးအကြောင်း တို့သိတယ်၊ သမီးက နူးညံ့ပေမယ့် ပျော့ညံ့တဲ့မိန်းကလေးတော့ မဟုတ်ဘူး"

ပြောချင်သောစကားက လိုရင်းမရောက်ဘဲ ကိုယ်စိတ်မှ



www.burmeseclassic.com

www.burmeseclassic.com



နေတာက အလွန်ဖြစ်သွားသည်။ ပညာရှိ သတိဖြစ်ခဲ့တဲ့။ ဖြစ်တတ်သောကိစ္စတွေရှိလို့ ရှေးလူကြီးတွေထားခဲ့သည့် ဥပမာကို သတိမရကြတော့ဘူးလားလို့ အော်ကာဟစ်ကာ မေးချင်သည်။ ရင်ဘတ်ထဲက လှိုက်လှိုက်ပူနေတာက ရေသောက်ချတိုင်း အေးမသွားတာ ဘယ်လိုမီးမျိုး တောက်လောင်နေသလဲ။ ငုံ့ကြည့်လည်းမမြင်ရသည့် အခြေအနေမှာ အသက်ကတော့ ရေသောက်မပျက်၊ အစားမပျက်ဘဲ ရေခဲသေတ္တာထဲမှ စပျစ်သီးတစ်တွဲကို ထုတ်ပြီး တစ်လုံးပြီးတစ်လုံး အညှာခြွေကာ ပါးစပ်ထဲထည့်သည်။ ပြီးမှ ကုတင်ဆီ မလှုပ်တလှုပ် လျှောက်လာရင်း…

"သူ အရင်ပဲ ဒီမှာ ပျော်ပါစေဦး မေချို အသက်အနာဂတ်မှာ ဘာဖြစ်ရမယ်ကို ကြိုမတွေးထားတာ ကြာပြီ၊ ပစ္စုပ္ပန်ကိုပဲ စိတ်ဝင်စားတာ အကောင်းဆုံး"

ရေခြားမြေခြားမှာသာ နေသည်။ မိဘနဲ့သားသမီး ပြောတဲ့စကားက တစ်လေသံတည်းထွက်သည်။ အသက်က ခုတင်ပေါ် ချထားသည့် လည်သာအိတ်ကိုဆွဲယူပြီး အခန်းထဲကထွက်ရန်ပြင်တော့ ပြူးပြူးပျာပျာ ဖြစ်ရသူက မေချိုပင်။





"ဒါ ဘယ်သွားဦးမလို့လဲ အသက်ရယ်၊ မနက်ကလည်း တစ်ခါထွက်ပြီးပြီ၊ ခရီးရက်ရှည်က မနေ့ကမှ ပြန်ရောက်တယ်၊ ဘာကတည်း အိမ်စောင့်နတ်နဲ့ ရန်ဖြစ်ထားတဲ့အတိုင်းပဲ"

အိတ်ကို လက်ညှိုးလေးနဲ့ ချိတ်ကာ ပခုံးမှာ နောက်ပစ်ဆွဲထားရင်း အသက်ကရယ်တော့ မေချိုမှာ ရင်ဘတ်ဖိရ၏။ စိတ်ပူ၍တွေးသမျှက စိတ်မအေးခြင်းတွေသာ အဖတ်တင်တာမို့…

"အသက်··ဘယ်မှ မသွားပါဘူး၊ ညှိုသည်ဆီ ခဏသွားမလို့"

"ကိုယ့်အိမ်ထဲ ကိုယ် သွားတာပဲကွယ်၊ ဒီအိတ်ကြီးက လိုလို့လား၊ ဒါမှမဟုတ် ကောင်လေးကို ညှိုခန်းထဲ မေချို ခေါ်ပေးမယ်၊ အဲဒီမှာ စကားပြောကြပေါ့၊ မီးမီးတို့အတွက် အဆာပြေ မုန့်တစ်ခုခုပါ စီစဉ်ပေးမယ်လေ၊ ကဲ··မကောင်းဘူးလား"

"မကောင်းဘူး မေချို"

"ဘယ်လို"

"အသက် သူ့အခန်းထဲသွားမှ ဖြစ်မှာမို့ပါ"

"မီးမီး စကားကလဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ပြောဖြစ်အောင် မချိုပဲ လုပ်နေတာမဟုတ်လား"

ပက်ခနဲပြန်မေးတော့လည်း မချိုမှာ အဖြေစကားမရှိ၊ အီးအဲ့နှင့် ပြန်ပြောရန် စကားလုံးရှာပါးခြင်းအား အသက်က အချိန်ကုန်ခံ စောင့်မနေတော့ဘဲ အခန်းထဲမှထွက်တော့…

"ဒါဆို မချိုလည်း လိုက်ခဲ့ဦးမှ"

အသက်နောက်သို့ လိုက်ဟန်ပြင်တာကြောင့်…

"နေခဲ့ပါ မချို၊ အသက်ရဲ့သိက္ခာကို ယုံကြည်တယ်ဆိုရင်ပေါ့"

ကြွထားတဲ့ တင်ပါးဝိုင်းဝိုင်းကြီးက မွေ့ရာဆီပြန်ကျသွားတာ ပစ်စလတ်ခတ်။ အသက်မှာ အခန်းတံခါးကို အပြင်မှဆွဲပိတ်ကာ ထွက်သွားလေပြီ။ ကျန်ရစ်သူ မချိုမှာသာ ထိုင်ရပေါ့ ထရမလို ဒွိဟတွေကြားထဲ ဟိုကောင်လေးဆိုတာ ဘယ်လိုပြောမလဲ။

* * *



အခန်း (၂၂)

"ဒါကြီးပါ စွပ်ရမယ်"

"အင်းပေါ့"

"ကျွန်တော့်ရဲ့ ဒီဆံပင်နဲ့သွားရင် မရဘူးလားခေါက်တာ၊ ဆံပင်တုစွပ်တာ တစ်မျိုးကြီးပဲ၊ တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မစွပ်ဖူးတော့လေ၊ ပြီးတော့ ဆံပင်ရှည်ကြီးနဲ့ဆိုတော့ အိုက်လည်းအိုက်၊ ယားလည်း ယားမှာ"

ဆံပင်တုကြီးကို ကိုင်ကြည့်ပြီး ပခုံးတတွန့်တွန့်နှင့် ပြောနေသော နွေမောင်အား အသက်က ဒီအတိုင်းလေး စိုက်ငေးနေမိသည်။ ပါးပြင်ပေါ် သနပ်ခါးပါးကွက်ကျား မတင်နဲ့ဆိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မလိမ်းရှာ။ ရှပ်အင်္ကျီ နွမ်းဖတ်ဖတ်နှင့် ပုဆိုးမဝတ်ရဆိုတဲ့ အမိန့်လည်း နာခံကာ မရဲတရဲတော့ မေးရှာသား။

"ပုဆိုးတွေ အင်္ကျီတွေ မဝတ်ရတော့ ကျွန်တော်က ပြောင်သလင်းခါနေမှာပေါ့"

မျက်နှာကြီးအောက်စိုက်ပြီး ပြောတော့ အသက်ရင်ထဲ ကရုဏာလှိုင်းက ပြင်းပြင်းထန်ထန် လှုပ်ခတ်ခဲ့ဖူးသည်။ အဲတော့ အသက် ဆင်ပေးသည့် ဆန္ဒအတိုင်း..။

အို..အသက်ဆန္ဒ မဟုတ်ပါဘူး။ အသက်ကို ခြယ်လှယ်ချင်သူရဲ့ အမိန့်အတိုင်း အသက်က နာခံရသည်။ ဆဒ္ဒန်ဆင်မင်း ဇာတ်တော်ထဲကလို အစွယ်လိုသူ မိဖုရား၊ အသွားစေခိုင်းသူ မင်းကေရာဇ်နှင့် သောနုတ္တရက လက်တွေ့ဆောင်ရွက်ရသူလို့ အသက်တို့တစ်တွေ ဖြစ်နေခဲ့ပြီလား။ ဇာတ်တော်ထဲက တစ်ပန်းသာတာက ပါဝင်လှုပ်ရှားကြသူတွေဟာ သူတို့လိုချင်တာကို သိသည်။ သူတို့ဖြစ်ချင်တာကို အာဏာရှင်ဆန်ဆန် ဖန်တီးသည်။

ဒီမှာက အသက် ဘာလိုချင်မှန်းမသိဘဲ တစ်ဖက်လူဖြစ်ချင်တာကို ပုံဖော်ပေးနေရသည့်ဘဝမှာ ကြယ့်အသံ၊ ကြယ့်





အမိန့်တွေ ကြားရတိုင်း ရင်ခုန်နှုန်းတွေ နှေးကွေးလာတာ ကိုယ်တိုင်အသိဆုံး။

"မင်းနဲ့ တွေ့ချင်တယ်၊ မြန်မာပြည်ကို ပထမဆုံး ခြေချတဲ့အချိန်မှာ မင်းမျက်နှာကို တွေ့ပြီးမှပဲ ကျန်တဲ့အလုပ်တွေ ဆက်လုပ်နိုင်မယ် ထင်တာပဲ"

စကားရဲ့နောက်မှာ အမိန့်တွေက အပ်ပေါက်ထဲထိုးသွင်းခံရသည့် အပ်ချည်မျှင်လို။ တစ်သီတစ်တန်းကြီး ပါလာတာ။ အသက်မှာ ရှန်းဖယ်မရနိုင်။

"အခု..မင်းအနားမှာ ကိုယ်နဲ့ ရုပ်ချင်းတော်တော်တူတဲ့ တစ်ယောက်ရှိနေတယ်လို့ သတင်းရထားတယ်"

သူ ပြောလိုက်တုန်းက သူ့ကို အထင်ကြီးထားသမျှ ချစ်ခဲ့သမျှက ခံစားချက်ပြောင်းပြန်ဖြစ်သွားခဲ့တာ အသက် သတိထားမိသည်။ ထိုခံစားချက်နေရာမှာ အစားထိုးဝင်ရောက်ခဲ့တာက ရွံရှာသောစိတ်၊ အချစ်တစ်ခုကို ဗန်းပြပြီး အသက်ကို သူ ခုတုံးလုပ်နေခြင်းအပေါ် နာကျင်သောစိတ်တွေက နှလုံးသားထဲ အချစ်လက်ကျန်မရှိတော့အောင် တိုက်စားသွားခဲ့သည်။ အခုအချိန်မှာ ကြယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခဲ့ဖူးသော အချစ်က ပြန်တွေးတိုင်း မျက်ရည်ကျလောက်အောင် ရယ်မောပစ်ချင်ပေမယ့် ကိုယ့်အတွက် ဘာမဆိုဖြည့်ဆည်းပေးတတ်သော နွေမောင်ရဲ့စိတ်ကလေးကို ငဲ့ကြည့်မိချိန်မှာ မျက်ရည်ကျလောက်အောင် ကြည်နူးချင်မိသည်။

မျက်ရည်ကျရခြင်း အမျိုးအစားတွေ ဘယ်နှမျိုးရှိသလဲ။ ရေရာစွာ အသက် မသိပေမယ့် အသက် ရခဲ့ဖူးသောအချစ်က ပူလောင်ခဲ့တာတော့ အသက် သိသည်။ သို့ပေမယ့် သူ့ရဲ့ ညှို့စာတ်တွေထဲ အသက်က ရုန်းမထွက်နိုင်သောအခါ…

"ဒေါက်တာ‥ဒေါက်တာ"

"ဟင်‥အင်"

သတိ ပြန်ဝင်လာသောအခါ ရှေ့မှခေါ်သူက အသက်ကို ပြုံးလျက်ကြည့်ရင်း…

"အဲဒီလောက်အထိ စိတ်ညစ်မသွားပါနဲ့၊ ကျွန်တော် ဆံပင်အတုဆောင်းပါ့မယ်၊ မဆောင်းချင်လို့ ပြောနေတာ မဟုတ်ပါဘူး ဒေါက်တာရဲ့၊ အပြောင်းအလဲကို အံ့သြနေတာမျိုးပါ၊ ဒီမှာ ကြည့်"





ဆတ်ခနဲ သူက ခေါင်းမှာ ကြယ့်ဆံပင်နှင့်တူသော ဆံပင် အတုကို ဆွဲအုပ်ပြသည်။

"အို"

မှန်ထဲပေါ်လာသော အရိပ်က တကယ့် ကြယ်မှ ကြယ် အစစ်။ ပွယောင်းယောင်း ဆံပင့်အောက်မှာ မျက်ခုံးမျက်လုံးတွေက ကြည့်နေရင်း စူးရှလာသလို ထင်ရသည်။ အပြုံးတပ်ထားသော နှုတ်ခမ်းများသာမရှိခဲ့ရင် သူဟာ ကြယ်မဟုတ်ဘူးလို့ ဘယ်သူ ငြင်းမလဲ။

"ကဲ‥ရပြီလား ဒေါက်တာ"

အသက်ဘက်သို့ မျက်နှာချင်းဆိုင်ရပ်ရင်း သူက မေးသည်။

"အောက်ခံတီရှပ်ရယ်၊ အပေါ်က ဂျာကင်တစ်ထပ်နဲ့ ဂျင်းဘောင်းဘီက အနက်၊ ရှူးဖိနပ်လည်း အနက်၊ ဆံပင်တုလည်း စွပ်ထားပြီးပြီ၊ ဒါ‥ဒေါက်တာ ပြင်ခိုင်းတဲ့ပုံစံပဲ မဟုတ်လားဟင်"

အယောင်ယောင်အမှားမှားနှင့် အသက်က ခေါင်းညိတ်ပြီးမှ‥



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး၊ လက်အိတ်ရှိသေးတယ်၊ ရှင် လက်အိတ် စွပ်ရမယ်"

"လက်အိတ်"

သူက သံယောင်လိုက် ရေရွတ်နေတုန်းမှာပဲ အသက်က အိတ်ထဲမှ အသစ်ဝယ်လာသော လက်အိတ်ကို သွားထုတ်လာ သည်။

"ကိုယ့်ရဲ့ အမိကက ဆံပင်နဲ့လက်အိတ်ပဲ အသက် အဲဒါ တွေပါတဲ့ ကိုယ့်ပုံတူကို သူတို့မြင်မှ အဆင်ပြေမှာ မဆိုးပါဘူး၊ နောက် အသက်နဲ့ကိုယ် အေးအေးဆေးဆေး တွေ့ချင်တဲ့အခါကျ ရင် ဒီတောသားကို သူတို့မြင်သာတဲ့နေရာမှာ ချပြထားရုံပဲ··အိုခေ"

သူဟာသူ သဘောကျရယ်သော အသံတွေက ဟိုးအရင် ကလို အသက်နားထဲ မချိုသာတော့တာ ဘာကြောင့်လဲ။ ကမ္ဘာ ပေါ်မှာ ရှိရှိသမျှလူတိုင်းကို သူ့အသုံးချခံတွေလို့ သတ်မှတ်ထားသော သူတွေထဲမှာ အသက်က ဘယ်အဆင့်ထဲ ပါဝင်နေသလဲ။ ရှိပါစေ တော့၊ ပြေပါစေတော့။ ဒါတွေက သူ့အပေါ် ကိုယ် တင်ခဲ့ဖူးသည့်





ဝဋ်ကြွေးတွေ ဆိုပါက··။

"လာ··ဒီမှာ လက်အိတ်ဝတ်ပေးမယ်"

အသက်ကခေါ်တော့ သူ အနားရောက်လာပြီး လက်ငါး ချောင်းကို ဆန့်ဆန့်ရန့်ရန့် ဖြန့်ကာပေးရင်း···

"ဒေါက်တာ့လက်အိတ်က လက်ချောင်းတွေလည်း အပြည့် မလုံဘူး"

"ဒါ··နောက်ဆုံးပေါ် စတိုင်လ်"

ပြုံးပြုံးလေးပြောသည့် မျက်နှာလေးအား နွေမောင်က အပေါ်မှ စိုးမိုးကြည့်သည်။ ခရမ်းပုပ်ရောင် လည်ပင်းပြဲပြဲတီရှပ် လေးနှင့် ဘောင်းဘီက အနက်ရောင်ကျပ်ကျပ်လေး ဝတ်ထားတာမို့ အရပ်ကလေး ခပ်တိုက်တိုက်ဖြစ်နေတာလည်း သိသာသည်။ လက် အိတ်ကို အားစိုက်ကာဝတ်ပေးရင်း အားမလိုအားမရဖြစ်ကာ နှုတ် ခမ်းတွေ ဖိပစ်တာကြောင့် ပါးပေါ်က သွေးကြောမျှင်တွေ လူးလွန့် သွားတာလည်း ထင်ရှားသည်။ ပါးရိုးပေါ် ဝေါခနဲပြိုဆင်းလာသည့် ဆံပင်တွေကို မသပ်အားဘဲ လက်ခုံပေါ် လက်အိတ်တွေကို ဆွဲဆန့် ပေးနေတာကြောင့် မြင်နေရသော မျက်နှာနုနုလေးကို ကွယ်သွား



www.burmeseclassic.com

www.burmeseclassic.com



တာမို့ နွေမောင်က လက်အိတ်ဝတ်ပြီးသား လက်တစ်ဖက်ဖြင့် ဆံပင်တို့ကို သိမ်းဖယ်ပေးလိုက်၏။

ထူးဆန်းသော ထိုအပြုအမူကြောင့် အသက်ရှင်ထဲ တစ်မျိုးတစ်မည် ခံစားရကာ ဖျတ်ခနဲမော့အကြည့် သူမကို စိုက်ကြည့်နေသည့် ရီဝေနွေးမြသော အကြည့်တစ်စုံနှင့် လမ်းခုလတ်မှာ ခလုတ်တိုက်မိကြ၏။

ရယ်ပြဖို့ မရည်ရွယ်ပေမယ့် သူ့အကြည့်တွေနှင့် ဆုံမိတိုင်း ဖျတ်ခနဲ အသက် ပြုံးပြလိုက်မိတာ ဘာကြောင့်မှန်းမသိ။ ရင်ထဲကတုန်ကယင်ကြီး ဖြစ်လာကာ သူ့မျက်ဝန်းအောက်က ရှန်းဖယ်ရင်း...

"ပြီးသွားပြီ"

တိုးသဲ့သဲ့ပြောသည့် သူမအသံက မှုမမှန်။ လက်အိတ်ကို ဖောကပ်နေ၍ သူနဲ့အသက် နီးနီးလေးရပ်နေမိတာကို မေ့နေခဲ့ပြီ၊ သတိထားမိတော့ အသက်နဖူးပြင်က သူ့ရင်ဘတ်နှင့် တိုက်မိလုနီးပါးမို့ နောက်ခြေတစ်လှမ်းဆုတ်ရန် ပြင်ဆင်ခဲ့ပေမယ့်..

"ဒေါက်တာ"





ခေါ်သံက နှစ်ကိုယ်ကြားရုံ။ ပြန်မထူးဘဲ အသက်က ဖျတ်ခနဲ မော့ကြည့်သည်။ ဘာရယ်ကြောင့်မှန်းမသိဘဲ ရင်ထဲ လှိုက်တက်လာတာက ဝမ်းနည်းစိတ်လား မသေချာဘဲ မျက်ရည်တို့ အိခနဲ ဝိုင်းလာတာ ကိုယ်တိုင်သိ၏။

"ကျွန်တော် ဒေါက်တာ ဖြစ်စေချင်တဲ့အတိုင်း ဘာလို့ လိုက်လုပ် ပေးနေတာလည်းဆိုတာ သိလားဟင်"

မော့သောသူနှင့် ငုံ့မိုးထားသော သူကြားက အကွာအဝေး လေးဟာနယ်က ဘယ်လောက်မှ မဝေးတော့။ နုနုပြေပြေလေး ဝင်းမွတ်နေသည့် ပါးပြင်လေးတွေက အနီရောင်သမ်းလျှက် မျက်ရည်ပြည့်သော မျက်ဝန်းတွေက ပြုံးပြက်လက်၍ အရောင်ပိုတောက်ပသည်။

သူမကို စေ့စေ့ကြည့်မိတိုင်း ပွနွေးလှိုက်ဖိုလာသော ရင်ဘတ်ကြောင့် နွေမောင်က မျက်နှာလွှဲကာ ရှောင်ရှားခဲ့ပေမယ့် ခုတော့ ရင်ခွင့်ရာသီက သံလိုက်စက်ကွင်းထဲ မိသွားသည့်အတိုင်း လွဲဖယ်မရ။ ရှန်းကန်မရဘဲ ထိန်းချုပ်မှုကင်းလွတ်သွားသည့် ရင်ခုန်သံသည် မြင်းရိုင်းတစ်ကောင်လို လူပ်ရှားနေခဲ့ပြီးနောက်...



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ့ကို ကျွန်တော် ချစ်တယ်"

စကားကို ဆုံးအောင် နားထောင်ပြီးမှ အသက်က သူ့ကို ကျောခိုင်းရပ်သည်။ လွတ်လပ်ခွင့်ပေးလိုက်သော စိတ်ရဲ့နောက်မှာ မျက်ရည်တို့က တာလွတ်ပေးသော အပြေးသမားတွေလို အပြိုင် အဆိုင် အလုအယက် ဝေါခနဲပြေးထွက်သွားပြီးမှ…

"သွားတော့နွေမောင်၊ အောက်မှာ ဒရိုင်ဘာရော ကားရော အဆင်သင့်ပဲ၊ နွေမောင် သွားရမယ့်ရှေ့ပင်း(န်)မောကို တို့ ပြောပြ ထားတယ်၊ လိုချင်တာ ဝယ်ချင်တာ မျက်စိထဲတွေ့သမျှ ဝယ်ခဲ့ပါ၊ တို့ကို အားမနာနဲ့ ဟုတ်ပြီလား"

အသက်နံဘေးမှ သူ ဖြတ်ကျော်ထွက်ပြီးမှ အသက်ရှေ့ တည့်တည့်မှာ ကျောခိုင်းလျက်သား ရပ်သည်။ မေးဖျားက ပခုံး စွန်းထိရောက်အောင် ကပ်ထားသည်အထိ မျက်နှာငဲ့လာပေမယ့် အကြည့်က အသက်ထံ ရောက်မလာဘဲ..

"ချစ်တယ်ဆိုတဲ့ စကားအတွက် နားနဲ့မနာ ဖဝါးနဲ့နာသ ဒေါက်တာ၊ မမီတဲ့ပန်းဆိုတာ သိသိကြီးနဲ့ ချစ်မိခဲ့တာ ကျွန်တော့် အပြစ်ပါ၊ ဒါပေမဲ့ ချစ်တတ်တဲ့ နှလုံးသားကိုတော့ အပြစ်မတင်





ပါနဲ့၊ နှလုံးသားက ချစ်စရာရှိရင် ချစ်မှာပဲ၊ ရင်ခုန်စရာရှိရင်လည်း ရင်ခုန်မှာပဲ၊ ကျွန်တော် ယူဆတာက အချစ်ကို နှလုံးသားခံစားမှု အတိုင်း အတည်ပြုပေးတာ အကောင်းဆုံးပါ"

နှလုံးသားကို အလိုတော်အတိုင်း ချစ်၍ချစ်ခဲ့ချစ်ပြီးတဲ့ နောက်မှာ အသက် ပြန်ရခဲ့တာက တစ်ခြမ်းပဲ့အသည်းဆိုရင်…

မတွေ့လို့ မတန်တာမဟုတ်ဘူး နွေမောင်၊ ဒဏ်ရာ ဗလဗွ ဒဏ်ရာများစွာနဲ့ နှလုံးသားကို ရှင့်လက်ထဲ မထိုးအပ်ချင်လို့ပါ။ တစ်ကယ်ဆို အချစ်က အခုမှ နိုဝင်လာပေမယ့် အသက်နှလုံးအိမ် တစ်ခြမ်းက ပြိုကျပျက်စီးခဲ့တာမို့…

သံယောဇဉ်ဆို ရစ်ပတ်တွယ်ငင်တတ်တဲ့ နွယ်တစ်မျှင် တောင် မမြင်ချင်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ခလုတ်တစ်ချက်နှိပ်တိုင်း တီခနဲ အော်တတ်သည့် နံပါတ်တွေက ဂဏန်းငါးလုံးပြည့်သွားချိန်မှာ ကလစ်ခနဲ အသံပေး၍ သော့ပွင့်သွားချေပြီ။

“ကိုယ့်ကွန်ဒိုက သွားစောင့်နေ၊ အခန်းရဲ့ ကုတ်နံပါတ် ပေးမယ်”

သူ့ညွှန်ကြားချက်က ဒါ နောက်ဆုံး။ အသက်ရဲ့ဆန္ဒက လည်း သူနဲ့တွေ့ဆုံလိုခြင်းပါ။ ချစ်ခြင်းမပါဘဲ တွေ့ဆုံခြင်းထဲမှာ အသက်နဲ့အတူ နွေမောင်ကိုပါ လွှတ်မြောက်ခွင့်ပေးရန်ဆိုလျှင်။

တံခါးကိုဖွင့်၍ အသက်က အခန်းထဲ ခြေချမိတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ရင်ပဲ နောက်နားက ခပ်ပြင်းပြင်းတွန်းထုတ်တဲ့ အရှိန်ကြောင့် အသက်မှာ ညှော်ခန်းအထိ ဖိနပ်မချွတ်ရဘဲ ရောက်သွားသည်။ ဒေါသနှင့် ချက်ချင်းနောက်လှည့် ရင်ဆိုင်မိချိန်မှာတော့…

"ရှင်··ရှင်တို့"

"ငါတို့ပါပဲ၊ ငါ့ကိုတော့ မင်း မှတ်မိမှာပါ"

မိုးကြိုးဆိုတဲ့သူနှင့် သူ့နောက်မှာ အသက်ငါးဆယ်ခန့်ရှိမည့် လူက တစ်ခန်းလုံး ဝေ့ဝဲကြည့်ရင်း…

"ဦးက မင်းဒင်ပါ"

"ရှင်တို့နဲ့ မိတ်ဆက်နေရအောင် ဒါ မိတ်ဆုံစားပွဲမဟုတ်ဘူး၊ အခု ထွက်သွားပါ၊ ဒါ ပိုက်နက်ကျူးလွန်မှု၊ အိမ်ရှင်မဖိတ်ခေါ်ဘဲ··"

"ဒေါသတွေ အရမ်းမကြီးပါနဲ့ မိန်းကလေး၊ အကြောင်းတရားတွေရှိလို့ ဒီလို အကျိုးတွေ ဖြစ်လာတာပေါ့၊ ကဲ··အေးအေးဆေးဆေး ထိုင်ရအောင်၊ ကြယ်နဲ့ ဒီမှာ ချိန်းထားတာမဟုတ်လား"

"ကျွန်မက ကြယ် ချိန်းတိုင်း အပြေးလာတဲ့ မိန်းမပုံပေါက်နေလို့လား"





အသက်က ခပ်ထန်ထန် ပြန်မေးသည်။ ဦးမင်းဒင်က ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြုံးရင်း ညှော်ခန်းဆီလျှောက်လာကာ ဆိုဖာတစ်ခုမှာ အကျအနဝင်ထိုင်၏။ အခန်းထဲဝင်လာတုန်းက နောက်မှ တွန်းထုတ်ခံရတာမို့ သူတို့ ဘယ်နှယောက်လည်း သေချာမသိပေမယ့် အခု ဝေ့ကြည့်တော့မှ အခန်းပေါက်အနား ဘယ်ညာရံစောင့်နေသူက လူထွားကြီးနှစ်ယောက်။

မိုးကြိုးဆိုသူနဲ့ နောက်တစ်ယောက်က လိုက်ကာရှည်ကြီးတွေ ကာထားသော မှန်ချပ်တွေနားမှ ကွန်ဒိုအပြင်ဘက်ကို လှမ်းကြည့်နေပုံရကာ ဦးမင်းဒင်နဲ့ဆို စုစုပေါင်း ငါးယောက်။ အခန်းတစ်ခုလုံးကို စိတ်တိုင်းကျ အကဲခတ်တာတောင် လွှတ်လမ်းမမြင်တာမို့ အသက်က ဒီဘက် ပြန်လှည့်တော့ လှောင်ရိပ်တွေနှင့် ပြုံးနေတဲ့ ဦးမင်းဒင်ရဲ့ မျက်နှာကြီးနှင့် တန်းခနဲ တိုး၏။

"ကောင်းပြီလေ၊ ဒီမှာ ကြယ်နဲ့ ချိန်းထားတာမဟုတ်ရင် မြို့လယ်ခေါင် ရှော့ပင်း(န်)စင်တာမှာ ဈေးဝယ်နေတဲ့ ကြယ့်ကိုပဲ ခေါ်ခိုင်းရတော့မှာပေါ့"

အသက်က လှုပ်လှုပ်ရှားရှား ဖြစ်သွားပေမယ့် ဦးမင်းဒင်က



www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်ဘဲ…

"မိုးကြိုး"

"ဗျာ..ဆရာကြီး"

"အဖွဲ့တစ်ကို လှမ်းပြောလိုက်၊ ရှော့ပင်ထွက်နေတဲ့ ကြယ့်ကိုပဲ"

"အဲဒါ..ကြယ် မဟုတ်ဘူး"

မြန်မြန်ဆန်ဆန်ပဲ အသက်က ဝင်အော်သည်။ ဒီတော့မှ ဦးမင်းဒင်က ပြုံးဖြီးဖြီးမျက်နှာကြီးနဲ့ ဒီဘက်လှည့်လာပြီး…

"ဒါဆို..ကြယ် အစစ်က"

"ရှင် ဘာကြောင့် သူ့ကို အဲဒီလောက်အထိ အလိုရှိနေတာလဲ"

"သူက"

"သူခိုးမို့လို့"

ကပ်ပြောသောမျက်နှာက နာကျည်းခြင်းတွေကြောင့် နီရဲတင်းပြတ်လျက်။

"ငါ့ဆီက ပစ္စည်းတွေ ငါ့ပိုင်ဆိုင်မှုတွေ၊ ငါ့သိက္ခာ





ငါ့မာနတွေနဲ့ နောက်ဆုံး ငါ့အသည်းနှလုံးကိုပါ ခိုးယူသွားခဲ့တာ၊ သူ့ကြောင့် ငါ့သမီး သေခဲ့ရတယ်၊ သေနတ်နဲ့ပစ် ဓားနဲ့ထိုးတာမျိုး မဟုတ်ဘဲ ငါ့သမီးကို စိတ်နဲ့သတ်ခဲ့တာ၊ တွဲခဲ့ကြတယ်၊ ပျော်ခဲ့ကြတယ်၊ ချစ်တယ် ကြိုက်တယ်ထင်ပြီး ငါက လက်ထပ်ပေးမယ် ပြောတော့ ထွီ..လူဆိုးမျိုးဆက် ပြန့်ပွားရေးကို သူ အားမပေးဘူးတဲ့၊ ငါ့သမီးကို လက်မထပ်နိုင်ဘူးတဲ့၊ ငါ တောင်းပန်ခဲ့တယ်၊ ငါ့သမီးက မွေးရာပါ နှလုံးရောဂါသည်ပါ၊ လက်ထပ်ပေးပါဆိုတော့.."

မဲ့ပြုံးတစ်ချက်နှင့် ကြယ်က ပြောင်ပြောင်ဝဲ ငြင်းခဲ့တာ က..

"အချစ်ကြောင့် အသက်ပေးသွားတဲ့သူတွေထဲ လူဦးရေ နောက်တစ်ယောက် ထပ်တိုးတော့ ဂန္ထဝင်မြောက်သွားတာပေါ့"

ထိုစကားပြောပြီးကတည်းက ကြယ် သူတို့အဖွဲ့ထဲ ပြန်ရောက်လာတော့။ လုပ်သမျှလုပ်ငန်းတိုင်း အဖမ်းအဆီးမလွတ်။ အရှုံးပေါ်မို့ ဒင်းလက်ချက်ဆိုတာ သိပေမယ့် ဦးမင်းဒင်မှာ ဒီထက်အရေးကြီးသော လုပ်ငန်းဆွေးနွေးပွဲတက်ရန် အကြောင်း ဖန်လာ၏။

"ပြန်လာမှ ကြယ့်ကို မြေလှန်ရှာ၊ စာရင်းရှင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



တေးထားခဲ့ပေမယ့် သမီးက ခင်းစိတ်ကြောင့် ဆုံးသည်။ ဒေစီက သူ့ပိုင်ဥစ္စာတွေကို လက်လွှဲပြောင်းပေးခဲ့သည်။ ထိုထိုသော အကြောင်းတရားများကြောင့်···

"ဒေစီကို ငါ့လက်နဲ့ ကိုယ်တိုင်သတ်ခဲ့ပြီးပြီ၊ အခု ဒီကောင့် အလှည့်"

"ဆရာကြီး··ဟိုကောင် လာပြီ"

မိုးကြိုးက သတင်းပို့ရင်း နားထဲတပ်ထားသည့် ဆက် သွယ်ရေးကိရိယာကို လက်ညှိုးနှင့် ထောက်ကာ··

"ရိုးရိုးလှေကားက တက်လာတယ်တဲ့"

"လယ်ဗယ်ဖိုးရောက်မှ ဓာတ်လှေကား ပြောင်းစီးတယ်"

"ကျွန်တော်တို့အထပ်ကို ရောက်လာပြီဆရာကြီး"

အထပ်တိုင်းတွင် မိုးကြိုးက သူ့လူတွေကို ချထားခဲ့တာမို့ ဒီတစ်ကြိမ် လွတ်ထွက်သွားတာမျိုး အဖြစ်မခံနိုင်တော့။ တံခါး ပေါက်၌ ရပ်နေသူနှစ်ယောက်အား အသင့်အနေအထားနေ လက်ရိပ်ပြပြီးနောက်··

"တံခါးဖွင့်နေပြီ ဆရာကြီး"





ဦးမင်းခင်က အသက်နှား ကပ်ရပ်ကာ သေနတ်ပြောင်းကို သူမခါးကြားထဲ ထောက်ထားရင်း··

"ကျည်ဆံတွေ ကိုယ်ထဲဝင်သွားတဲ့အရသာ လိုချင်မှာ မဟုတ်ဘူးလို့ထင်တယ်··ဒေါက်တာ၊ ငြိမ်ငြိမ်လေး နေပေးပါ၊ ပါးစပ်ပိတ်ပြီးတော့ပေါ့"

"ကျွိ"

အသံပေး၍ တံခါးဖွင့်လာပြီးနောက်··

"ခ၀်"

"အ"

"ဖြောင်း"

အော်သံ၊ ညည်းညူသံတွေနှင့် လူရိပ်က ခွေခနဲကျသွား သည်။ တံခါးစောင့်နှစ်ယောက်က လဲကျမခံဘဲ ချိုင်းအောက်မှ တစ်ဖက်စီဆွဲခေါ်လာတာ တရှုတ်တိုက်နှင့် ညှို့ခန်းဆီ။

"အင်း··ကြယ်··ကြယ်၊ မင်းက မင်းကိုယ်မင်း လည်လှ ပြီထင်တာထားတာကိုးကွ၊ နောက်ဆုံးတော့ မင်း ငါ့လက်ထဲ ရောက် လာရတာပဲမဟုတ်လား··ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ငိုက်စိုက်ကျနေသော ကြယ့်မျက်နှာကို မော့လာစေရန် ဦးမင်းဒင်က ဆံပင်တွေကို ဆောင့်ခနဲဆွဲလိုက်ပေမယ့်··

“ဟာ··ဆံပင်တုကြီး”

“အဲဒါ ကြယ်မဟုတ်ဘူး··နွေမောင်”

သေနတ်နဲ့ ထောက်ထားတာလည်း အသက်က သတိမရနိုင်။ ဒူးထောက်လျက်သား နွေမောင်ရှေ့ ဖြုန်းခနဲထိုင်ချပြီး မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် ညှပ်ပြီး မော့စေတော့··

“ဒေါက်တာ”

အညိုအမည်းစွဲလျက် နှုတ်ခမ်းတွေ၊ နှာခေါင်းတွေမှာ သွေးတို့က မြင်မကောင်းအောင် စီးကျနေသည့် နွေမောင်။

“ဖြစ်မှဖြစ်ရလေ နွေမောင်ရယ်၊ ဒီကို ဘယ်လိုလုပ် ရောက်လာရတာလဲ”

“တောက်”

ဦးမင်းဒင်က တက်တစ်ချက်ခေါက်ရင်း လက်ထဲမှ ဆံပင်အတုကို အဝေးသို့ပစ်ပေါက်သည်။

“ဒီကောင်··ဘယ်မလဲ၊ အခု ဒီကောင့်ကို ရှာစမ်း”





“ဘယ်မှ ရှာစရာမလိုပါဘူး ဦးမင်းဒင်၊ ကျုပ် ဒီမှာပါ”

“ဟင်”

အသံထွက်ပေါ်လာသည့် အိပ်ခန်းတံခါးဝမှာ ကြယ်။ တံခါးဘောင်ကို ပခုံးစွန်းနဲ့ နွဲ့နွဲ့မှီရပ်နေတာ ကြယ်မှ ကြယ်အစစ်။ နွေမောင်ကို ချုပ်ထားတဲ့သူတွေက တစ်ခဏတော့ ကြောင်သွားပြီးမှ နွေမောင်ကို ဆတ်ခနဲလွှတ်ချကာ ကြယ့်ထံ တန်းမတ်စွာချိန်ထားကြသည်။ လောင်းကုတ်အရှည်အနက်၊ ဘောင်းဘီအနက်၊ လက်အိတ်အနက်နှင့် တစ်ကိုယ်လုံး နက်မှောင်သော ကြယ်က ထုံးစံအတိုင်း ထီမထင် အပြုံးတွေနှင့် အိပ်ခန်းထဲမှ တစ်လှမ်းချင်းထွက်လာ၏။

ညှော်ခန်းထဲရှိ လူငါးယောက်ကို ဝေ့ခနဲကြည့်ပြီးမှ ကြယ်က လောင်းကုတ်စနှစ်ဖက်ကို ခွဲ၍ ခါးထောက်ကာ ခပ်နွဲ့နွဲ့ရပ်ရင်း···

“တော်ပြီလား၊ ဒီလောက်လူပဲလား ချိန်ထားတာ”

ခပ်မှဲ့မှဲ့မေးကာ··

“လေးလေး··ထွက်ခဲ့တော့”

အသံလှည့်ပြုတာနှင့် အိပ်ခန်းထဲက ထွက်လာသူတွေက··

“ဟာ··ရဲတွေ ဆရာကြီး”



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး‥ကျွန်တော်တို့"

"လှည့်ပြေးဖို့ မစဉ်းစားနဲ့ မိုးကြိုး၊ မင်းတို့ မလွတ်တော့ဘူး"

အနားမှ ဖျတ်ခနဲထသွားတဲ့ နွေမောင်က ဦးမင်းဒင်လက်ကို ဖျတ်ခနဲဆွဲယူသည်။ ထို့နောက် အားလုံးကို ဝေ့ဝဲကြည့်ရင်း ရဲလက်ထဲ အပ်၏။ လက်ထိပ်ကိုယ်စီ အခတ်ခံရတဲ့ ဦးမင်းဒင်နဲ့ တပည့်တွေက ပြောင်းလဲသွားသော အခြေအနေကို လိုက်မမီသလို ငေးတိငေးကြောင်ဖြစ်ဆဲမှာပဲ အသက်က ကြယ့်ကိုတစ်လှည့် နွေမောင်ကိုတစ်လှည့်၊ ပြီးတော့ အမြဲတမ်း လွဲချော်တတ်သော ဦးဖြူသီးကိုတစ်လှည့် ငေးကြည့်နေဆဲ။

"ဒေါ်ဒေစီကိုသတ်မှု၊ အလောင်းဖျောက်ဖျက်မှု၊ တရားမဝင်လုပ်ငန်းတွေ လုပ်ကိုင်မှုတွေနဲ့ ဦးမင်းဒင်ကို ကျွန်တော် သက်သေတွေနဲ့တကွ အမှုဖွင့်ထားပါတယ်"

နှာခေါင်းမှ သွေးတွေကို လက်ဖမိုးနှင့် ပွတ်ဆွဲရင်း မထင်အကြည့်တွေနှင့် ပြောသွားတဲ့ နွေမောင်ကို အသက် ငေး မိတာ အံ့သြခြင်းများစွာနဲ့ပါ။ ဘာတွေလဲ၊ ဘယ်လိုတွေလဲ မမေးရသေးမယ့် မေးခွန်းတွေပြည့်သိပ်သော ရင်ဘတ်ကြောင့်ပေ





တောင့်တောင့်ကလေး။

"နောက်ဆုံး တွေ့ခွင့်ရတဲ့အတွက် ကျွန်တော် ဘယ်သူဆိုတာ သိအောင် ပြောပြလိုက်ပါ့မယ်၊ ဒါ ကျွန်တော့်အစ်ကို လမင်း၊ ကျွန်တော်က ကြယ်မင်း၊ ဦးနေမင်းရဲ့သားတွေပါ"

"ဟင်"

ဖရိုဖရဲပျက်ကျသွားတဲ့ ဦးမင်းဒင်ရဲ့ မျက်နှာပေါ်က ကောက်ကြောင်းတွေက အရောင်ရင့်လျက်။ နွေမောင်က ဦးမင်းဒင်ရှေ့မှ ခေါက်ထောက်ပြီး နွဲ့နွဲ့ရပ်တော့ အသက် ရင်းနှီးဖူးသော ကြယ့်မိဿဉ်တွေ ပြန်လာပူးကပ်သွားတဲ့အတိုင်း။

"ကျုပ် ပြန်ယူခဲ့သမျှ ကျုပ်အဖေပစ္စည်းတွေဆိုတာရယ်၊ အသက်ချင်းလဲလှယ်မှုမှာ ညီတူညီမျှရှိတယ်ဆိုတာ ခင်ဗျားသိသွားရင် ကျုပ် ကျေနပ်တယ်"

ကျောခိုင်းပစ်တာနှင့် တာဝန်ရှိသူတွေက ဦးမင်းဒင်တို့အဖွဲ့ကို ခေါ်ဆောင်သွားကြပြီ။ ကွန်ဒိုထဲ၌ အသက်နှင့် ကြယ်နှစ်ယောက်၊ ပြီးတော့ ကိုကြီးဖြူ။

"ငါ အရင်တောင်းပန်ပါတယ် ဒေါက်တာ၊ လှည့်စားခဲ့သလိုဖြစ်ခဲ့ပေမယ့် ဒေါက်တာ့ကို မရည်ရွယ်ခဲ့တာ မှန်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ လမင်းက နိုင်ငံခြားမှာ ဘွဲ့လွန်သွားမတက်ခင် ငါ့ဆီမှာ ဘုန်းကြီးကျောင်းသား နွေမောင်အဖြစ် စတင်မြုပ်ခဲ့တာပါ"

"ဟုတ်ပါတယ် နှစ်သက်ကြည်၊ အမေ့ကို မြင်တောင် မမြင်ရဘဲ ဆုံးရှုံးခဲ့တယ်၊ အဖေကို အားကိုးတကြီးခင်တွယ်တဲ့ အချိန်မှာ အဖေက ဦးမင်းဒင်တို့နဲ့ အလုပ်တွဲလုပ်တယ်၊ အဲဒီတုန်းက တို့ညီအစ်ကိုက ကိုးတန်း၊ အမြှာတွေလည်းဖြစ်၊ ရုပ်ချင်းခွဲမရအောင်လည်း တူတော့ လူအပြောင်းအလဲလုပ်ပြီး ပတ်ဝန်းကျင်ကို အမြဲ လှည့်စားခဲ့တာမျိုးတွေ လုပ်နေကျ၊ ဒါပေမဲ့ အပျော်အပြက်ပါ၊ ဦးမင်းဒင်ကြောင့် အဖေဆုံးပြီးသိရမှ အပျော်အပြက်က အတည်တကျ ဖြစ်လာအောင် အစီအစဉ်ဆွဲခဲ့တာက ဒီကောင်"

အသက် နောက်နားရပ်နေသော နွေမောင်ထံ လက်ညှိုး ထိုးပြီးပြောကာ လမင်းက…

"ကျန်တာကို··ညီ မင်း ဆက်ရှင်းလိုက်၊ လေးလေး ကျွန်တော်တို့ အလုပ်လေးတွေရှိတာ ဖြတ်ရအောင်"

"အေးကွ၊ ခေါက်တာ··ခွင့်ပြုဦးနော်၊ ဟော့ကောင်·· ကြွယ်"

ဦးဖြူသီးက လှမ်းခေါ်ရင်း ကြိုးစားထားလို့ တိုးတိုးကပ်





ပြောသွား၏။ အခန်းသည် တံခါးပိတ်သံရဲ့နောက်မှာ အလိုလို တိတ်ကျသွား၏။

"အသက်"

တိုးသဲ့တဲ့အသက်ရှူသံနှင့် ရင်ခွင်တစ်ခုက သူ့မကျော နောက်မှာ နီးနီးလေး လာရပ်တယ်ဆိုတာ သိသည်။

"တကယ့်အစီအစဉ်တွေထဲမှာ ဦးမင်းဒင်ကိုဖမ်းဖို့လည်း မပါဘူး၊ ကိုယ် ဒီမှာ အခြေချဖို့လည်း မပါဘူး၊ ကိုယ်တို့ပစ္စည်းတွေ ရတာနဲ့ ကိုကို အခြေချမယ့်နိုင်ငံခြားကို လိုက်သွားဖို့၊ ဟိုမှာ အပြီး နေဖို့အတွက်ပဲ၊ ဒါပေမဲ့··"

အသက်က ငြိမ်ရပ်ကာ နားစွင့်နေသည်။ ကြုံတွေ့ခဲ့ရ သော အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ ဝမ်းသာဝမ်းနည်းခြင်းတွေကြောင့် အခုန်မြန်ခဲ့သော ရင်ခုန်သံသည် အခုတော့ လက်ပန်းကျသွားသလို ရင်ဘတ်ထဲ ငြိမ်သက်လျက်···

"ကိုယ် လိုက်သွားခွင့်ကို လေးလေးဆီမှာ သွားနေပြီး စောင့်ရတယ်လေ၊ နွေမောင်ဆိုတဲ့လူ ရုတ်တရက်ပျောက်မသွားဖို့ အတွက်ပါ၊ ကိုကိုက ဟိုမှာလိုက်နေဖို့ စီစဉ်တဲ့သူဆိုတော့ သူပဲ ထွက်သွားရတာကိုး၊ အဲဒီမှာ အသက်ကို ကိုယ် ပြန်တွေ့တာ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရင်ဘတ်ပေါ် အသက်လဲကျပြီး သတိလစ်သွားကတည်းက သေချာသွားတာ၊ အသက်ကို မထားခဲ့နိုင်ဘူးဆိုတာပဲ"

"တော်စမ်းပါ၊ ရှင် အကြိမ်ကြိမ်ထားခဲ့လို့ အားရတော့မှ ဒီစကားမျိုးမပြောနဲ့၊ မလွမ်းလောက်ဘူး"

"ဘယ်မှာထားခဲ့လို့လဲ"

ပန်းစွန်းပေါ် မေးဖျားတင်ပြီး သူက ခပ်ချွဲချွဲမေးတော့ ဖိသိပ်ထားသမျှ ဒေါသက ရှူးခနဲခေါင်းထောင်လာသည်။ စိတ်လိုက်မာန်ပါ ဆတ်ခနဲ လှည့်ရပ်တော့ အသက်နဲ့သူက မျက်နှာချင်းဆိုင်ပေမယ့် သူမမှာ အမြဲမော့ကြည့်နေရတဲ့ဘဝ။

"တစ်က ပြန်စပြောရမှာလား၊ ရှင် မချစ်တတ်တဲ့အကြောင်း၊ ရှင် မကြင်နာတတ်တဲ့အကြောင်း၊ ရှင် ထားရက်ခဲ့တဲ့အကြောင်း"

"ဒါပေမဲ့ မင်းရှိတဲ့အရပ်မှာ ကိုယ် အမြဲရှိခဲ့တာပဲမဟုတ်လား"

ဒီလိုပြောတော့လည်း အသက်မှာ ချေပစရာစကားမရှိ။ သူက သူမမေးဖျားကို လက်ခုံနှင့် ပင့်မော့စေရင်းက ကြည်နူးပြီးတွေ မျက်နှာမှာဖြစ်စေလျက်။





"ကိုယ့်ကို ချစ်လား"

"ကြယ်လား…နွေမောင်ကို မေးတာလား"

စိတ်တော့ ပြေနေပါပြီ။ ဒါပေမဲ့ ကိုယ့်အလှည့်ရောက်လာရင် လွယ်လွယ်အရှုံးမပေးချင်တော့။ သူက ခေါင်းမော့ကာ ဟက်ခနဲရယ်ချရင်း…

"ပြောကြည့်လေ၊ ဘယ်သူဖြစ်ဖြစ် ကိုယ် မနာပါဘူး"

အသက်က သူ့လက်ကိုပုတ်ချကာ ပြုံးရင်း…

"ကြယ့်ကို ချစ်တယ်"

"အို…ခါ"

ဂုဏ်တွေ၊ တီရှပ်တွေ ချွတ်တော့ အသက်က မျက်လုံးပြူးပြီး…

"ဒါ ဘာလုပ်တာလဲ"

"ကြယ်ဖြစ်အောင် ပြန်လုပ်မလို့၊ မကြောက်ပါနဲ့၊ မင်းကို ဒီနေ့အထိ နမ်းရုံကလွဲပြီး ဘာမှမလုပ်ဘူး"

"အံမယ်"

အသက်က မျက်စောင်းရွယ်ရင်း အပေါ်ပိုင်းဗလာကျင်းသွားတဲ့ သူ့ခန္ဓာကိုယ်ကို မရဲတရဲကြည့်ရင်း…လည်ပင်းအပိုင်းနားမှ



www.burmeseclassic.com

www.burmeseclassic.com



အစကလေးကို ဆွဲလှန်လိုက်တော့ ရင်ဘတ်တစ်ခုလုံး ကွဲထွက်သွားပြီး…

"ဟယ်"

"အရေပြားအတုလေ၊ အပေါ်က အင်္ကျီတစ်ထပ်လို ဝတ်ထားတာ၊ ကိုင်ကြည့်လည်း တကယ့် အသားအတိုင်းပဲ၊ ရော့.. ကိုင်ကြည့်"

သူက လက်တစ်ဖက်ကို ထိုးပေးသော အသက်က လက်ဖျံကို ဖွဖွထိတို့အကြည့်..ဆတ်ခနဲ ဆွဲဖက်ပစ်သော သူ့လက်တွေကြားမှာ အသက်က ရင်ခွင်ထဲ ပြိုလဲသွားရ၏။

"ကြယ်..လွှတ်ကွာ၊ ဒါ ဘာလုပ်တာလဲ"

"ကြယ်အစစ်ကို ပြမလို့၊ တကယ့် ရင်ဘတ်ပေါ်မှာ မင်း ကုပေးထားတဲ့ ဒဏ်ရာအမာရွတ်တွေ ရှိတုန်းပဲ"

အင်္ကျီရင်ဘတ်လို ဟစိဖြစ်နေသော အကွဲကြောင်းလေးမှ လှမ်းကြည့်တော့ ရင်ဘတ်အတွင်းသားမှာ အသက်ချုပ်ပေးသော ဒဏ်ရာက ထင်ထင်ရှားရှား။

"ကဲ..ကျေနပ်ပြီလား"

အသက်က မော့ကြည့်၍ ပြုံးကာ ခေါင်းညိတ်ပြမှာပဲ..





ခေါင်းပြန်ငုံ့ခွင့်မရသော မျက်နှာထက်မှာ အနမ်းတွေက ပန်းရင့်ရောင် ဇာပဝါတစ်ခု ဖြန့်ခင်းပစ်လိုက်တဲ့အတိုင်း။

ကြည်ဖြူပါရက်နဲ့ ရုန်းဖယ်ခွင့်မရှိသော သူ့လက်တွေထဲမှာ အသက်က လဲပြိုယစ်မူးရင်း..

ဒီလူဟာ ဘယ်တော့ဖြစ်ဖြစ် အမြဲဖွတ်တာရွတ်။

*နလုံးမိတ်ဝမ်း ငြိမ်းချမ်းပါစေ*

ဆုအာလီ



www.burmeseclassic.com